# စဉ်းစားတတ်သောသူ၏ စစ်ဆေးမှု
## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။
## ၆၅ - ၀၈၂၂ အီး။

1 ၁။ ဆုတောင်းကြပါစို့။ အိုဘုရားသခင် ကျွန်တော်တို့ရဲ့နှလုံးသားဆန္ဒကတော့ ဒီနေ့ညမှာ ယုံကြည်ခြင်းအတွက်ဘဲဖြစ်ပါ တယ်။ ကျွန်တော်တို့ဒီမှာလာ ပြီးတော့ ဒီနေ့ည တဲတော်အထဲမှာ စုဝေးတဲ့အခါ အနောက်ဖက်ကို နေက ဝင်သွားပါပြီ။ အခု ကျွန်တော်တို့ ဆုတောင်းပါတယ်။ ကိုယ်တော်ရှင် အဖဘုရားသခင်၊ ကိုယ်တော်ရှင် ကျွန်တော်တို့အား သိစေပါ။ နေဝင်သွား တဲ့အခါမှာကဲ့သို့ဘဲ အင်မတန်နီးကပ်နေပြီ ဆိုတာကို သိရပါတယ်။ တဖြည်းဖြည်းနဲ့အချိန်ကာလကုန်ဆုံး သွားပြီ ဖြစ်ပါ တယ်။ တစ်နေ့တာကို ကုန်ဆုံးသွားပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့သတိရ ရမဲ့အရာကတော့ တစ်ချိန်တစ်ခါဖြစ်ပြီး နေ့ရက်ကတော့ ကုန်ဆုံးသွားပြီး ဖြစ်ပါတယ်။

ခရီးသွားနှစ်ဦးက ကိုယ်တော်ကို ဖိတ်ခေါ်ပြီးတော့ သူတို့နဲ့အတူ နေထိုင်စေပါတယ်။ အဲဒီအခါမှာ ကိုယ်တော်ရှင်က သူတို့ကို ဖေါ်ပြပြီး မိမိကိုယ်ကို သိစေပါတယ်။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို ရှင်းပြပါတယ်။ ခရစ်တော်က ဘယ်လို ဝေဒနာခံစားရမလဲ ဆိုတာကို ရှင်းပြခြင်းဘဲ ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ ပထမအဖြစ်အပျက်ခဲ့ပါတယ်။

ကျွန်တော်တို့ဆုတောင်းပါတယ် ဘုရားသခင်၊ အချိန်ကာလ နေ့ရက်ကာလကုန် ဆုံးတာနဲ့အမျှ ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့ရဲ့အိမ်တွေထဲကို ဝင်လာပြီးတော့ ကျွန်တော်တို့နဲ့အတူ ရှိတော်မူပါ။ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို ကျွန်တော်တို့အား ရှင်းပြ တော်မူပါကိုယ်တော်၊ ကျွန်တော်တို့ကျေးဇူးတော်ချီးမွမ်းလျှက် ကိုယ်တော်ရှင် ထံတော်ပါးမှ ဘဏ္ဍာကို ဆွဲကိုင်ထားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့နှလုံးသားထဲမှာ တစ်ကယ်လက် ဆောင်မွန်အဖြစ် ဆွဲထားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ခြေလှမ်းမမှားစေနိုင်ဘို့အဲဒါကို ကျွန်တော်တို့ခုတုံးမလုပ်စေမိဘို့ကိုယ်တော်ရှင် မစပါ။ အမြဲတမ်းဘဲ နှုတ်ကပတ်တော်ကို ကျွန်တော်တို့လေးစားပြီးတော့ ကျွန်တော်တို့လက်ခံဘို့မစတော်မူပါ။

ယနေ့မနက် ဆေးရုံမှာရှိသော သူများအတွက် ကိုယ်တော်ရှင်အမှုပြုတဲ့အတွက် ကိုယ်တော်ကို ကျွန်တော်တို့ကျေးဇူးတင်ပါ တယ်။ ဘရာသာခက်ပ်စ်ရဲ့သားငယ်လေး အတွက်လည်း ကိုယ်တော်ရှင်အမှုပြုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ သေလုမြောပါးလဲလျောင်းနေတဲ့ အနာရောဂါဝေဒနာ ခံစားနေရတဲ့ ကလေးငယ်လေးဖြစ်ပါတယ်။ ယခုအ ခါမှာ ဒီနေ့ည ပရိတ်သတ်ကြားမှာ သူရောက်ရှိနေပါတယ်။ ကိုယ်တော်ကို ကျွန်တော်တို့အများကြီး ကျေးဇူးတင်ပါတယ်။ ဒီအရာတွေ အားလုံးအတွက် ဖေါ်မပြတတ်လောက်အောင် ကျေးဇူးတင်ပါတယ်အဖ။ ကိုယ်တော်ရှင် ချပေးသနားတော်မူပါ။ ကိုယ်တော် ကို ကျွန်တော်တို့ဘယ်လို ကျေးဇူးတော် ချီးမွမ်းရမလဲ၊ ဘယ်လိုသိတတ်ရမ လဲဆိုတာကို ကိုယ်တော်ရှင်ဟာ ကျွန်တော်တို့နားလည်နိုင်တာထက် သာလွန်ပြီးတော့ ဖြစ်နေတဲ့အရာဖြစ်ပြီးတော့ ကိုယ်တော်ကိုဘယ် လို ချီးမွမ်းရမလဲ မသိတော့ပါဘူး။ ဒါပေမဲ့လည်း ကိုယ်တော် ကျွန်တော်တို့နှလုံးသားက ချီးမွမ်းခြင်းများကို ကိုယ်တော်ရှင်လက်ခံတော် မူပါ။ ကိုယ်တော်ကို ကျွန်တော်တို့ချစ်တယ်ဆိုတဲ့အကြောင်းတွေကို လက်ခံတော်မူပါ။ မှန်ကန်တဲ့အရာတွေကို ကျွန်တော်တို့ပြုလုပ် လိုပါတယ်။ ဘာလုပ်ရမလဲဆိုတာကို ကျွန်တော်တို့ကို ဖေါ်ပြတော်မူပါ။ ယေရှုနာမ၌ ကျွန်တော်တို့ဆုတောင်းပါတယ်။ အာမင်။ ခင်ဗျား တို့အားလုံး ထိုင်နိုင်ပါပြီ။

2 ၂။ ဒီနေ့ည လူပြည့်နေတဲ့ ဘုရားကျောင်းအတွက် အားလုံးကို ကောင်းသောညနေခင်းပါလို့နှုတ်ဆက်လိုက်ပါတယ်။ တယ်လီဖုန်းတွေနဲ့ တစ်နိုင်ငံလုံးမှာ နားထောင်နေတဲ့လူတွေ အတွက်လည်း နှုတ်ဆက်လိုက်ပါတယ်။ ဒီနေ့ည သူတို့တယ်လီဖုန်းတွေနဲ့သူတို့ချိတ်ဆက်ပြီးတော့ နားထောင်မယ်လို့သူတို့ပြောကြပါတယ်။ ကျွန်တော့်ရဲ့ဇနီးသည်က လည်း နားထောင် နေလိမ့်မယ်လို့ကျွန်တော် မျှော် လင့်ပါတယ်။ သူမကို သွားခေါ်ဘို့အတွက် ကျွန်တော် မရောက်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ဒီဝတ်ပြုစည်းဝေးပွဲပြီးမှာတော့ သူမကိုခေါ်မှာ ဖြစ်ပါတယ်။

ဒီနေ့မနက် ဘရာသာဂျက်ဆင်ထံကနေ ကျွန်တော်တို့စာလေးတစ်စောင်ရပါတယ်။ ဘရာသာဂျက်ဆင်ရဲ့အစ်ကိုဒါမှမ ဟုတ် ဖခင်ဖြစ်နိုင်ပါတယ်။ သူ့ရဲ့အခြေအနေ ကတော့ တိုးတက်နေပြီ ဖြစ်ပါတယ်။ မနက်ဖန်ဆိုရင် သူအိမ်ပြန်လာရလိမ့်မယ်လို့ထင်ပါတယ်။

ဘရာသာကက်ပ်ရဲ့သားလေးကတော့ ဟိုးတစ်နေ့ညက ကျွန်တော့်ကို သူတို့ဖုန်းဆက်ပြီး ခေါ်ပါတယ်။ ဘရာသာကက်ပ် တော့ အခုအခါမှာ ပရိတ်သတ်ထဲမှာ ရှိမရှိတော့ ကျွန်တော် မသိပါဘူး။ ဒါပေမဲ့လည်း အခုအချိန်မှာ သူ့သားငယ်လေးက အရမ်းကို နေမကောင်း ဖြစ်နေပါတယ်။ ကျွန်တော်ကတော့ အမဲလိုက်ဖို့အတွက် ရောက်နေပါတယ်။ ဂျိုးဇက်နဲ့အတူ ကျွန်တော်သွားခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့(၂၂)ရိုင်ဖယ်တစ်လက်ကိုလည်း အသင့်ပြင်ထားပြီးတော့ အမဲလိုက်တဲ့အ ခါမှာ ကျွန်တော် ယူဆောင်သွားမလို့ပါဘဲ။

အဲဒီအကြောင်းနဲ့ပတ်သက်လို့ကျွန်တော် မနေ့ပြီးခဲ့တဲ့အပတ်က ပြောခဲ့ပြီး ဖြစ်ပါတယ်။ တစ်ကယ်ကို ထိရောက်မဲ့ အမဲလိုက်ခြင်းလို့ဘဲ ကျွန်တော် ယူဆပါတယ်။ ဒါကြောင့်မို့လို့ဂယ်ရီနဲ့လယ်ရီတို့ကိုလည်း သေချာအောင်လို့သူတို့ဘာလုပ် သလဲဆိုတာ သေချာအောင်လို့ လုပ်ချင်ပါတယ်။ အဲဒီတော့ သူတို့ဘာလုပ်ချင်သလဲဆိုတော့ ပြန်လာပါလို့ကျွန်တော့်ကို ပြောပါတယ်။ ကျွန်တော်ကလည်း ကျွန်တော် မသွားတော့ပါဘူးလို့ရပ်ထားရမလားလို့ဘရာသာဂျေးနော်မန်ကိုလည်း အဲဒီအကြောင်းကို ပြောပြပါတယ်။ သူက ခဏရပ်ပြီးဘီလီကို ပထမဦးဆုံးပြောပါလို့ပြောလိုက်ပါတယ်။ သူ့ရဲ့ညီအစ်ကိုကို ပြောလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ သူ့ကို ဘယ်လိုမျိုး မုဆိုးလိုက်တဲ့အခါမှာ အကွက်ကောင်းလေးတွေ ရသလဲဆိုတာ သူကပြောပြပြီးတဲ့နောက် အခုအခါမှာ ကျွန်တော် ခြေလှမ်းမမှီတော့ပါဘူးလို့ပြောလိုက်ပါတယ်။

3 ၃။ ကျွန်တော်တို့အဲဒီကိုရောက်တဲ့အခါမှာ တယ်လီဖုန်းက ထပ်ပြီးတော့ မြည်လာပါတယ်။ ဘီးလီးက ထပ်ပြီးတော့ ပြေးပြီးတော့ သွားမေးပါတယ်။ ကျွန်တော်ကလည်း အဲဒါက တော့ ဖျားနာလို့ဖုန်းဆက်တာဘဲ ဖြစ်မယ်။ အဲဒါကို ကျွန်တော် တို့ ရပြီးဖြစ်တယ်။ အဲဒါ ဘရာသာကက်ပ်ဘဲ ဖြစ်တယ်။ လူငယ်ကလေးမှာ ရောဂါခံစားနေရပါတယ်။ အသက်ရှင်နိုင်ဘို့အခွင့်အလမ်းလည်း အရမ်းနည်းနေပါတယ်။ အူရောင်ငမ်းဖျားရောဂါ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က သူ့ကို အနာရောဂါငြိမ်း စေပါပြီ။ တစ်နေ့ညက သူက နာကျင်ခြင်းဝေဒနာကို

ခံစားရပါတယ်။ မစ္စစ်ဝတ်ဒ်က ကျွန်တော့်ကို ပြောပြပါတယ်။ ကျွန်တော် တို့လည်း မြန်မြန်ဘဲ သွားကြပါတယ်။

မစ္စစ်ဝတ်ဒ် အခုအရမ်းအချိန်နှောင်းနေပြီ၊ (၁၀)နာရီ ရှိနေပြီ။ အဲဒီဆေးရုံမှာ ကျွန်တော်တို့ကို ဝင်ခွင့်ရပဲ့မလား။ ကျွန်တော် သိပ်စိတ်မချဘူး။ ကျွန်တော် အပေါ်ပြန် တက်ပြီး အိမ်ပေါ်ပြန်တက်ပြီးတော့ တံခါးပိတ်လိုက်ဦးမယ်လို့ကျွန်တော် ပြောလိုက်ပါတယ်။ ကျွန်တော် အပေါ်ပြန်တက်ပြီး ဆုတောင်းလိုက်ပါတယ်။ သူတို့ကတော့ ဒီနေ့ည အဲဒီလူ ငယ်လေးဟာ ပရိတ်သတ်ထဲမှာ ရောက်နေတယ်လို့ ပြောကြပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ဟာ အရမ်းကို ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ရှင်ကို အရမ်းကျေးဇူးတော် ချီးမွမ်းမိပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ဘာသတင်းမှ မကြားသေးပါဘူး။ ဘရာသာလီယိုမာစီယာနဲ့ စစ္စတာမာစီယာတို့နားထောင်နေမယ်ဆိုရင် ခင်ဗျားတို့ဖခင်ဆီက ကျွန်တော်တို့ဘာမှ မကြားရသေးပါဘူး။ နည်းနည်း တော့ ကျွန်တော်တို့ ကြားချင်ပါတယ်။ ခဏကြာရင် သူဘယ်လိုနေသလဲဆိုတာ သိချင်ပါတယ်။ သူပြန် ကောင်းသွားပြီဆို တာတော့ သေချာပါတယ်။ တစ်ကယ်ကြီးမြတ်တော်မူတဲ့ ဘုရားသခင်ကို ကျွန်တော်တို့ယုံကြည်စိတ်ချပါတယ်။

ဘုရားသခင်က အင်မတန်မှ သန့်ရှင်းစင်ကြယ်ပြီးတော့ ဆက်ကပ်တဲ့ လူအိုကြီး စံပြဧဝံဂေလိအမှုတော်ဆောင်ကြီး ကိုတော့ ကိုယ်တော်ရှင် ဂရုမပြုဘဲ မနေပါဘူး။ ကိုယ်တော်ရှင် ဂရုပြုပြီးစောင့်ရှောက်ပြီး ကြည့်ရှုမှာ ဖြစ်ပါတယ်။

4 ၄။ လုပ်စရာ အလုပ်တွေအများကြီး ရှိပါသေးတယ်။ ဒီအချိန်တိုကလေးအတွင်းမှာ ကျွန်တော်တို့လုပ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ခွန်အားရှိသမျှ အကုန် သွန်းလောင်းပြီးတော့ ယခုအခါမှာ ကျွန်တော်တို့ကိုယ်တော်ရှင်အတွက် လုပ်နိုင်သမျှ လုပ်ကြပါ။ ကျွန်တော်ဆင်းလာတာကတော့ နည်းနည်းတော့ စောပါတယ်။ ကျွန်တော် ခံစားရတာလည်း မကောင်းပါဘူး။ ကျွန်တော် အရမ်းမောနေပါတယ်။ တစ်ကယ်ကို မောနေပါတယ်။ ဒီနေ့နေ့လည်ဘဲ ကျွန်တော်လှဲနေပါ တယ်။ ကျွန်တော် ညစာကိုတောင်မစားရ သေးပါဘူး။ ဒါကြောင့်မို့ကျွန်တော် အထဲကိုဝင်ပြီးတော့ တစ်နေ့ခင်းလုံး ကျွန်တော် လှဲနေပါတယ်။ ကျွန်တော် အရမ်းကို ခံစားရတာမကောင်းလို့ကျွန်တော် လှဲလျောင်းနေခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်သွားပြီးတော့ ဆုတောင်းပါတယ်။ နည်းနည်းတော့ သက်သာသလိုခံစားရပါတယ်။ ကျွန်တော် ထလိုက်ပြီးတော့ ကျွန်တော့် အဝတ်အစားတွေကို ကျွန်တော် ဝတ်လိုက်ပါတယ်။ နောက်ပြီး ဘုရားကျောင်းကို လာလိုက်ပါ တယ်။

ကျွန်တော်တို့ဟာ သခင်ယေရှုခရစ်ကို ယုံကြည်ကြပါတယ်။ ကိုယ်တော်ရှင်ဟာ ကောင်းချီးပေးမယ်လို့ကျွန်တော်တို့ယုံကြည်ပါတယ်။ ဒီနေ့ညတော့ ကျွန်တော်တို့အစွမ်းကုန်ကြိုးစားမှုတွေကို ကိုယ်တော်ရှင် ကောင်းချီးပေးမယ်။ တစ်နိုင်ငံလုံး ကိုလည်း အားလုံးပါဝင်ပြီးတော့ သခင်ခရစ်တော်ရဲ့ကိုယ်ခန္ဓာထဲမှာ ပူးပေါင်းပါဝင်ကြမယ်လို့ကျွန်တော်တို့ယုံကြည်ပါ တယ်။ ကျွန်တော်တို့ကြိုးစားကြမှာ ဖြစ်ပါတယ်။ ကျွန်တော့်မှာလည်း သူ ရဲ့သိုးတွေကို ကျွေးမွေးဘို့အတွက် အခွင့်အရေး ကို ပေးအပ်ခြင်းကို ခံရပါတယ်။

ကျွန်တော် သိသလောက်ကတော့ ကျွန်တော် အကောင်းဆုံးကို လုပ်မှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့အစာကို ဒီနေ့ညပေး မယ်။ ဒီနေ့ည သိုးတွေကို ကောင်းစွာကျွေးမွေးဘို့ဘဲ ဖြစ်ပါ တယ်။ ကျွန်တော်ဟာ စိတ်ထက်သန်စွာနဲ့ဘဲ အချိန်နာရီကို စောင့်စားလျှက် ရှိပါတယ်။ ကျွန်တော်တို့အားလုံးစုဝေးပြီးတော့ တစ်နေရာမှာ ဟောပြောဘို့ဘဲ ဖြစ်ပါတယ်။ အမျက်တော် ဖလား (၇)ခုအကြောင်းဘဲ ဖြစ်ပါတယ်။ ဘေးဒုက္ခကြီးကာလ(၇)ခုနဲ့ တံပိုးမှုတ်သံ(၇)ချက် စသည်တို့ဘဲဖြစ်ပါတယ်။ သူတို့အားလုံးက တစ်စုတစ်ဝေးတည်းနဲ့တပြိုင်နက် ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့အဲဒါတွေ အားလုံးပြောနိုင် ဘို့အတွက် တစ်ပါတ်လောက်ကြာမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ်ရင်လည်း (၁၀)ရက်၊ (၁၀)ရက်ထက်ပိုရင်လည်း ပိုမှာ ဖြစ်ပါ တယ်။ ဝတ်ပြုစည်းဝေးတစ်ခုထဲမှာပင် ကျွန်တော်တို့ ပြီးနိုင်သလောက်ပြီးအောင် လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ အရမ်းဘဲ သင့်တော်မယ်လို့ကျွန်တော်ထင်ပါတယ်။

5 ၅။ ခင်ဗျားတို့တော်တော်များများဟာ အဝေးကို ခရီးထွက်ကြမှာ ဖြစ်ပါတယ်။ ကျွန်တော် ဒီကနေ ကြည့်လိုက်တဲ့အ ခါမှာ ကျွန်တော် ဘာသတိပြုမိသလဲဆိုတော့ တူလ်စန်မှာ ရှိနေတဲ့ မစ္စစ်စော့မန်း ဖြစ်ပါတယ်။ သိပ်မကြာခင်ကဘဲ ကျွန်တော် ဘရာသာဖရက်ဒ်ကိုလည်း ရောက်ရှိလာတာကို တွေ့ရပါတယ်။ ကျွန်တော် သူ့ကို ဒီမနက် ပရိတ်သတ်ထဲမှာ ရောက်ရှိနေ တာကို တွေ့ရပါတယ်။ ဘရာသာ ဒေါ်န်းရက်ဒ်ါလည်း သူနောက်နားမှာ ထိုင်နေတာကို တွေ့ရပါတယ်။ ဒီနေ့ည တွေ့ရခြင်း ဘဲ ဖြစ်ပါတယ်။ ဘရာသာဒေါ်န်းကို တွေ့ရလို့ ဝမ်းသာပါတယ်။ သူက ဂျူးနီယာဖြစ်ပါတယ်။ ကျွန်တော့်ထက်အကြီး ဖြစ်ပါတယ်။ သူ့ရဲ့အသင်းတော်မှာလည်း သူဟာ လူကြီးဖြစ်ပါတယ်။

သူတို့အားလုံးဟာ ဒီနေ့ည ဖုန်းတွေနဲ့နားထောင်နေကြမယ်လို့ကျွန်တော် မျှော်လင့်ပါတယ်။ ကျန်တဲ့ ညီကိုတွေ အားလုံးလည်း အရမ်းပျော်ကြပါတယ်။ ကျွန်တော်တို့နဲ့အတူ ဒီနေ့ည ရှိတဲ့အတွက်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို ယုံကြည်ပြီးတော့ တစ်နေ့သောအခါမှာ ဘဝအသက်တာကတော့ ပြီးဆုံးတဲ့အခါမှာ ကျွန်တော်တို့ရဲ့အလင်းလေး၊ ဒီပုပ် ပျက်တတ်တဲ့ လောကကြီးရဲ့အလင်းလေးဟာ တစ်ဖြည်းဖြည်းနဲ့ မှေးမှိန်ပြီး ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဒုစရိုက်တွေကို ဘာမှ မကြောက်ပါဘူး။

6 ၆။ ခင်ဗျားတို့ကို ကျွန်တော် တင်ပြစရာရှိပါတယ်။ အရီဇိုးနားမှာ ပရက်စကော့မြို့လေးမှာဘဲ ဖြစ်ပါတယ်။ ဘရာသာ ခေါ့ဂင်းက ဆေးရုံကနေပြီးတော့ ဆင်းခွင့်ရပါတယ်။ ကျွန် တော်တို့က အဲဒါကို ဘုရားသခင်ကို အရမ်းဘဲ ကျေးဇူးတင်ပါ တယ်။ ကျေးဇူးတော် ချီးမွမ်းပါတယ်။ အဲဒါ သိပ်ကောင်းပါတယ်။ ကျွန်တော်တို့အဲဒီအတွက်လည်း အရမ်းဘဲ ပျော်ရွှင်မိပါ တယ်။ စစ္စတာမားစီးယား ခင်ဗျားရဲ့ ဖခင်လည်း အခုအခါမှာ နေကောင်း နေပြီဖြစ်ပါတယ်။ ကျွန်တော်တို့ဆုတောင်းပြီးတာနဲ့ကျွန်တော်တို့လည်း အဲဒီလိုဘဲ ခံစားမိပါတယ်။ သူပြန်နေကောင်းမယ်လို့ခံစားရပါတယ်။ ဒါမှ သူတို့ပြန်ပြီးတော့ အဆင်ပြေ သွားမှာ ဖြစ်ပါတယ်။ ကျွန်တော် သူတို့အတွက် မျှော်လင့်ပါတယ်။ စဉ်းလည်းစဉ်းစားမိပါတယ်။ ကျွန်တော်တို့ညီကိုအတွက် ကျွန်တော်တို့အရမ်းကို ကျေးဇူးတင်မိပါတယ်။ အခုအခါ မှာတော့ အရမ်းကို အဆင်ပြေသွားပါပြီ။ ဆက်လက်ပြီးတော့လည်း အဆင်ပြေမှာ ဖြစ်ပါတယ်။ ဒီအရာတွေအားလုံးအတွက် ကိုယ်တော် ရှင်ကို ကျွန်တော်တို့ကျေးဇူးတင်ပါတယ်။

ညတုန်းကတော့ တောင်းခံမှုတစ်ခုရှိပါတယ်။ အဲဒါကတော့ ဒီမှာရှိတဲ့ ညီအစ်ကို တစ်ယောက်ဆီကဘဲ ဖြစ်ပါတယ်။ ဒီနေ့တော့ ကျွန်တော်တို့သူနဲ့အတူ မရှိပါဘူး။ သူကတော့ ကင်တာကီက ညီအစ်ကိုတစ်ဦးဖြစ်ပါတယ်။ သူဖုန်းဆက်ပြီးတော့ သူ့ ရဲ့သမီးလေးအတွက် ဆုတောင်းပေးပါလို့ပြောပါတယ်။ ချစ်စရာကောင်းတဲ့ မိသားစုလေးဘဲ ဖြစ်ပါတယ်။ သမီးငယ် လေးက ခွဲစိတ်ကုသမှု ခံယူရမှာ ဖြစ်ပါတယ်။ သူ့ရဲ့မိခင်ကလည်း ငယ်ရွယ်တဲ့ မိခင် လေးတစ်ဦးဖြစ်ပြီးတော့ ကြောဘက်မှာ ကင်ဆာဖြစ်နေပါတယ်။ ဒီမိန်းမငယ်လေးကို ပြန်ပြီး နေကောင်းဘို့အတွက် ကယ်တင်ဘို့အတွက် ဆုတောင်းပါတယ်။ ကိုယ်တော်ရှင် ကယ်တင်မယ်လို့လည်း ကျွန်တော် ယုံကြည်ပါတယ်။

ပရိတ်သတ်နဲ့ကျွန်တော်တို့အားလုံး အတူတကွ ဆုတောင်းကြပါစို့။ အားလုံး ဒီလူတွေအတွက် ကျွန်တော်တို့အတူတကွ ဆုတောင်းကြမှာ ဖြစ်ပါတယ်။ အဲဒါဘဲ ကျွန်တော်တို့ပြု လုပ်နိုင်မှာ ဖြစ်ပါတယ်။

7 ၇။ နေ့ရက်တွေဟာ တစ်ဖြည်းဖြည်း နီးကပ်လာတဲ့အခါမှာ လမ်းကလည်း တစ်ဖြည်းဖြည်း ကျဉ်းမြောင်းသွားပါတယ်။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ရှိ ဘို့လည်း ကျွန်တော် လိုလားပါတယ်။ ကျွန်တော်တို့ဟာ တစ်လုံး တစ်ဝတည်း ခန္ဓာကိုယ်တစ်ခုတည်း ဖြစ်ရပါမယ်။ ကျွန်တော်တို့အတူတကွ လှုပ်ရှားရပါမယ်။ တစ်ယောက်ရဲ့အပြစ်ကို တစ် ယောက်က မေ့ပျောက်ပြီးတော့ တစ်ဦးနဲ့တစ်ဦး မတူညီချက်တွေကိုလည်း မေ့ပျောက် ပစ်ရပါမယ်။ တစ်ယောက်နဲ့တစ် ယောက် ပို၍ပို၍ နီးကပ်လာရမှာ ဖြစ်ပါတယ်။ အဲဒီနေ့ရက် ကြီး ရောက်လာပြီဆိုတာ ကျွန်တော်တို့သိရပါမယ်။

ကျွန်တော်တို့အားလုံး အတူတကွ စုဝေးကြရပါမယ်။ တစ်လုံးတစ်ဝတည်း တစ်စိတ် တစ်သဘောတည်းဖြစ်ပါတယ်။ ညီကိုညီမတွေအားလုံး ဒီကနေ ထွက်သွားပြီးတော့ တစ်ခြား နေရာတွေကို သွားကြတဲ့အခါမှာ ဘာမှမလုပ်ပါနဲ့။ အဲဒီလူအ တွက်ဘဲ ဆုတောင်းပေးပါ။ ချစ်ခြင်းမေတ္တာ၌ တည်နေပါ၊ တစ်ယောက်ကိုတစ်ယောက်လည်း အမြဲတမ်းစဉ်းစားပါ။ သင်တို့ထဲ က တစ်ယောက်မှ လမ်းမှားကို မရောက်စေနိုင်ဘို့လိုပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ရှိနေပါ။ ဖြစ်နိုင်ရင် ပိုမို၍ နီးကပ်အောင် ပြုလုပ်ပါ။ တစ်ချိန်လုံး အမြဲ တမ်းဘဲ အတူတကွ နီးနီးကပ်ကပ်နေကြပါ။

8 ၈။ ဘရာသာနက်ဗီးလ်၊ ဘရာသာရိုက်ဒ်၊ ဘရာသာဂျော့ရှ်တို့နဲ့ပတ်သက်လို့ကျွန်တော် ခင်ဗျားကို တောင်းခံစရာ ရှိပါတယ်။ သူဒီမှာ ထိုင်နေပါတယ်။ ဘရာသာရိုက်နဲ့စစ္စတာရိုက် ကျွန်တော်တို့ခင်ဗျားတို့အတွက် ဝမ်းသာပါတယ်။ လေးတဲလ်အီးဒစ်အတွက်လည်း တစ်နေ့သောအခါမှာ ကျွန်တော်တို့လာတဲ့အခါမှာ သူ့အတွက် အောက်မေ့ဘွယ် အစည်း ဝေးလေး ကျွန်တော်တို့လုပ်ပေးချင်ပါတယ်။

ဟီးဒစ်ဒ်လေးအတွက် ကျွန်တော် ပြန်မလာပါဘူး။ ဘယ်အချိန်သူ ဘုရားသခင်ဆီ သွားလဲဆိုတာလည်း ကျွန်တော် မသိပါဘူး။ ဒါပေမဲ့လည်း စစ္စတာရိုက်ဒ်၊ သူမက လွန်ခဲ့တဲ့ (၂)နှစ်လောက်မှာ အိမ်မက်မက်တာကို ခင်ဗျား သတိရသလား။ အဲဒီအချိန်က ကျွန်တော် ပြောခဲ့တယ်။ အဲဒါက အီးဒစ်ဒ်ကလေးဘဲ ဖြစ်ပါတယ်။ ကျွန်တောတို့နဲ့ကြာကြာနေရတော့ မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ သူမကို ခေါ်တော့မယ်ဆိုတာ ကို ပြောခဲ့ပြီး ဖြစ်ပါတယ်။ သူမ အိမ်မက်ရတဲ့အတိုင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အဲဒီအိမ်မက်ကို အနက်ဖွင့်ဆိုခဲ့ပါတယ်။ ကိုယ်တော်ရှင်ကို သူမက သွားပြီးတော့ ဆုံတွေ့မှာ ဖြစ်ပါတယ်။ နောက်(၂)နှစ်ကြာတဲ့အခါမှာ ကိုယ်တော်ရှင်ဟာ သူမကို တစ်ကယ်ဘဲသွား ရောက်ဆုံတွေ့ရပါတယ်။ ယခုအခါမှာ သူ မရဲ့ဖခင်မိခင်တွေကို သူမစောင့်မျှော်နေပါတယ်။ တစ်ဖက်ကမ်းကနေပြီးတော့ စောင့်မျှော်နေပါတယ်။ စည်းခြားထားတဲ့အရာကတော့ ရှိနေပါ တယ်။ ရုပ်ပိုင်းဆိုင်ရာနဲ့မပုပ်ပျက် မပျက်စီးနိုင်တဲ့ ဝိညာဉ်ပိုင်းဆိုင်ရာ နှစ်ခုကြားမှာ တစ်ဖက်ကမ်းကနေ ဖခင်မိခင်တွေကို စောင့်စားနေပါတယ်။

ဘုရားသခင် ကောင်းချီးပေးပါစေ။ ကျွန်တော် ခင်ဗျားတို့ကို တွေ့ချင်ပါတယ်။ ဖြစ်နိုင်ရင် ကျွန်တော် လာတွေ့ချင်ပါတယ်။ ဘုရားသခင် ခင်ဗျားတို့နဲ့အတူ ရှိပါစေ။ ရဲ့ဘီးယော လူတိုင်းကို တွေ့ချင်ပါတယ်။ ကျွန်တော် ရှဲလ်ဘီးကို ဒီမနက်တွေ့ရ တယ်ဟု ကျွန်တော် ထင်ပါတယ်။ တစ်ကယ်တော့ မသေချာပါဘူး။ ဒီအပေါ်မှာတော့ သိပ်မကောင်းပါဘူး။ မျက်နှာကျက်က အောက်ကို ဒီလိုမျိုးကျနေပါတယ်။ အဲဒီတော့ အလင်းက ဒီလိုမျိုးဝင်နေပါတယ်။ အစက်အပြောက်တွေ ခင်ဗျားတို့တွေ့ရပါတယ်။ လူတွေကိုတော့ သေသေချာချာ မတွေ့ရပါဘူး။

9 ၉။ အခုအခါမှာ သတင်းစကားကို ကျွန်တော် ပြောပါတော့မယ်။ အဲဒီသတင်းစကားက တော့ ကျမ်းစာထဲကအတိုင်းဘဲ ဖြစ်ပြီးတော့ ကျွန်တော် (တောလည်ရာ ၁၉း၉၊ ဖေက်၅း၂၆) ကိုဖတ်ကြည့်ချင်ပါတယ်။ အဲဒီကျမ်းချက်တွေကို လိုက်ပြီးတော့ မှတ်ထားကြပါ။ ခင်ဗျားတို့ လိုက်ပြီးတော့ ရေးမှတ်ထားလို့ရပါတယ်။

အကယ်၍ ဒီဟာ တိတ်ခွေနဲ့ဖမ်းထားမယ်ဆိုရင် ကျွန်တော်မသိပါဘူး။ ဘယ်သူ့ကိုမှလည်း ကျွန်တော် မတွေ့ပါဘူး။ ကျွန်တော် တွေ့တဲ့သူကတော့ ဘရာသာဒယ်ရီကို တွေ့ရပါ တယ်။ အသံဖမ်းပြီးတော့ မှတ်တမ်းတင်ထားတဲ့ အခန်းထဲမှာဘဲ ဖြစ်ပါတယ်။ ဒီဟာတွေအားလုံးကို တိတ်ခွေနဲ့ဖမ်းထားမယ်ဆိုရင် အမှုတော်ဆောင် တော်တော်များများအတွက် ဘယ်နေရာ မှာဘဲ ဖြစ်ဖြစ် ဘယ်အချိန်ဘဲဖြစ်ဖြစ် ကောင်းပါတယ်။ သင်တို့ ရဲ့သွန် သင်ချက်တွေနဲ့ပတ်သက်ပြီးတော့ အတားအဆီး မဖြစ်ပါဘူး။

သင်တို့ ရဲ့သိုးတွေကိုလည်း လမ်းမှားကို ရောက်အောင် ပို့ဆောင်နေခြင်း မဟုတ်ပါ ဘူး။ ဒီသတင်းစကားကတော့ တစ်ခြားသတင်းစကားတွေလိုဘဲ ကျွန်တော် ပြောတဲ့အတိုင်းဘဲ ကျွန်တော့်ရဲ့ hအသင်းသူအသင်းသားတွေကိုသာ ကျွန်တော် ဦးတည်ပြီး ပြောဆိုခြင်း ဖြစ်ပါတယ်။ ခင်ဗျားတို့ ရဲ့အသင်းသူအသင်းသားတွေ မဟုတ်ပါဘူး။ သူတို့ ဒီသတင်းစကား တွေကို လက်မခံနိုင်ဘူးဆိုရင်လည်း ရပါတယ်။ ဒီမှာရှိတဲ့သူတွေကိုဘဲ ဦးတည်ပြီးပြောနေခြင်း ဖြစ်ပါတယ်။

လူတွေက ဒီတိတ်ခွေတွေကို ဝယ်ကြပါတယ်။ တကမ္ဘာလုံး ဝယ်ကြပါတယ်။ ဖွင့်ပြီး နားထောင်ကြပါတယ်။ ကြိမ်ဖန်များစွာ သူတို့ရေးပြီး စာတွေ ပို့ပါတယ်။ အဲဒါတွေအားလုံးကို ကျွန်တော်က ပြန်ပြီး ရည်ညွှန်းပြီး ပြောပါတယ်။ အမြဲတမ်းဘဲ ကျွန်တော် အဲလိုပြောလေ့ရှိပါတယ်။ တစ်ခြားအသင်းတော်က အသင်းသားတွေဖြစ်ရင် ခင်ဗျားတို့သင်းအုပ်ဆရာနဲ့သွား တွေ့ပါလို့ကျွန်တော် ပြောပါတယ်။

10 ၁၀။ ယခုအခါမှာ သင်းအုပ်ဆရာတွေကို ကျွန်တော်ပြောချင်တာကတော့ ကျွန်တော့်ရဲ့အသင်းသူအသင်းသားတွေကိုဘဲ ကျွန်တော် ဒီအကြောင်းတွေ ပြောတာပါ။ ကျွန်တော် အဲလိုမျိုး လုပ်ပိုင်ခွင့်ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သန့်ရှင်းသော ဝိညာဉ်တော်က ကျွန်တော့်ရဲ့ သိုးလေးတွေကို ကျွန်တော် ကြည့်ရှုဘို့အတွက် ကျွန်တော့်ကို ခန့်ထားပါတယ်။ သူတို့ကို ကျွန်တော်က မှန်တယ်လို့ထင်တဲ့အရာတွေကို ကျွန်တော်က မပြောပြရင် ကျွန်တော့် အပေါ်မှာ အမင်္ဂလာရှိပါတယ်။

ဒါပေမဲ့လည်း တစ်ခြားအသင်းတော်တွေ တစ်ခြားလူတွေအတွက်တော့ မဟုတ်ပါဘူး။ ဘုရားသခင်က သင့်ကိုပြော တဲ့အတိုင်းဘဲ သင်ဘာဘဲဖြစ်ဖြစ် လုပ်ပါတယ်။ ကျွန်တော် ခင်ဗျားတို့ကို မဖြေပေးနိုင်ပါဘူး။ ခင်ဗျားတို့လည်း ကျွန်တော့်ကို ဖြေပေးနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ဘုရားသခင်အရှေ့မှာ ကျွန်တော်ဟာ မေးခွန်းတစ်ခုစီကို အဖြေပေးရမှာ ဖြစ်ပါ တယ်။ ကျွန်တော်တို့ရဲ့သာသနာပြုခြင်းအတွက် ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ကျွန်တော့်ရဲ့သာသနာပြုခြင်းအတွက် ကျွန်တော် အဖြေပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော် နှုတ်က ပတ်တော်ကို ကျွန်တော် တွေ့တဲ့အတိုင်းဘဲ ကျွန်တော် ပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ကို ဖေါ်ပြတဲ့အတိုင်းဘဲ ကျွန်တော် ဟောပြောရမှာ ဖြစ်ပါတယ်။ အဲဒါကိုတော့ အခုအချိန်မှာ သိဘို့အ တွက် ခွင့်ပြုပေးထားပါတယ်။

11 ၁၁။ (တောလည်ရာ ၁၉း၉)မှာ ကျွန်တော်တို့ဖတ်ကြည့်မယ်ဆိုရင် ဒီအတိုင်းဘဲ ရေးသားထားတာကိုတွေ့ရပါတယ်။ စင်ကြယ်သောသူ တစ်စုံတစ်ယောက်သည် နွားမ၏ပြာကို စုသိမ်း၍ တပ်ပြင်မှာ စင်ကြယ်သောအရပ်၌ ထားရမည်။ ဣသရေ လအမျိုး ပရိတ်သတ်အဖို့ စင်ကြယ်စေသော ရေဖေါ်ဖို့ထိုပြာကို သိုထားရမည်။ အပြစ်နှင့်ကင်းစင်စေဘို့ဖြစ်သတည်း။

လူတိုင်း မဟုတ်သည်ကို သတိပြုပါ။ ဣသရေလအတွက်ဘဲ ဖြစ်ပါတယ်။ ဣသရေလအမျိုး ပရိတ်သတ်အဖို့လို့ပြောထားပါတယ်။ စင်ကြယ်စေသောရေကို ဖေါ်ဘို့အတွက်ဘဲ ဖြစ်ပါတယ်။ (ဧဖက် ၅)မှာ ဆိုရင် (အငယ် ၂၂)ကနေ စပြီး ဖတ်လို့ရပါတယ်။ အချင်းမိန်းမတို့ သခင်ဘုရား၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့ကိုယ်ခင်ပွန်း၏ အုပ်စိုးတော်မူခြင်း ကို ဝန်ခံကြလော့။ အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏အပေါ်မှာ ဦးခေါင်းဖြစ်တော်မူသကဲ့သို့ယောကျာ်းသည် မိမိခင်ပွန်း၏အပေါ်မှာ ဦးခေါင်းဖြစ်၏။ ခရစ်တော် သည် မိမိခန္ဓာကိုယ်ကို ကယ်တင်သောသူ ဖြစ်တော်မူ၏။ အသင်းတော်သည် ခရစ်တော်၏ အုပ်စိုးတော်မူခြင်းကို ဝန်ခံသကဲ့သို့မိန်းမတို့လည်း ကိုယ်ခင်ပွန်း၏ အုပ်စိုးခြင်းကို အရာရာ ၌ ဝန်ခံရကြမည်။ အချင်းယောကျm;တို့ ခရစ်တော်သည် အသင်းတော်ကို ချစ်သကဲ့သို့ သင်တို့သည်လည်း ကိုယ်ချစ်ပွန်းကို ချစ်ကြလော့။

အသင်းတော်သည် သန့်ရှင်းလျှက်၊ အပြစ်ကင်း စင်လျှက်ရှိသည်ဖြစ်၍ အညစ်အကြေးတင်ခြင်း၊ အရေတွန့်ခြင်းမှ စသည်တို့နှင့် လွတ်ကင်းသဖြင့် အသရေတင့်တယ်ခြင်းရှိသော အသင်းတော်ကို ခရစ်တော်သည် မိမိအားဆက်သအံ့သော ငှာ နှုတ်ကပတ်တော်ရေနှင့် ဆေးကြောခြင်းအားဖြင့် စင်ကြယ်သန့်ရှင်းစေမည်အကြောင်း၊ ထိုအသင်းတော်အဖို့အလို့ငှာ မိမိ ကိုယ်ကို စွန့်တော်မူ၏။

12 ၁၂။ ဒီနေ့ည ဒီကျမ်းပိုဒ်ကလေးကို ကျွန်တော် ပြောလိုပါတယ်။ အဲဒါကိုတော့ ကျမ်းပိုဒ်လို့ဘဲ ခေါ်ရမှာ ဖြစ်ပါတယ်။ ဒီည ဒီမှာရောက်နေတဲ့ သူတွေကလည်း တယ်လီဖုန်းကနေ တစ်ဆင့်ချိတ်ဆက်ပြီး နားထောင်မယ်။ အပြင်ကနေပြီး နားထောင်မဲ့သူတွေလည်း ရှိပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်လို့သတိထားရမှာ ဖြစ်ပါတယ်။ တစ်ကယ်ဘဲ အရေးကြီးတယ် ဆိုတဲ့ အကြောင်းကိုလည်း လက်ခံပြီးတော့ သေသေချာချာ စဉ်းစားရမှာ ဖြစ်ပါတယ်။ ဘာသာရေးဂိုဏ်းခွဲတစ်ခုလို့ထင်ရင်လည်း ထင်မှာဖြစ်ပါတယ်။

သို့ပေမဲ့လည်း ကျမ်းချက်ကတော့ ပြောထားတဲ့အတိုင်း ယူဆရမှာ ဖြစ်ပါတယ်။ တစ်ကယ်ကို ဘာသာရေးအပိုင်း အခြားတစ်ခုလိုဘဲ ခံစားရပါတယ်။ ယနေ့ည ကျွန်တော် အသုံးပြုမဲ့ခေါင်းစဉ်ကတော့ စဉ်းစားတတ်တဲ့သူတစ်ဦးရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ ဒီအကြောင်းအရာအတွက် အရမ်းကို ရီစရာကောင်းတဲ့ ခေါင်းစဉ်ဘဲ ဖြစ်ပါတယ်။ တရားဟောဆရာ တစ်ဦးအနေနဲ့ဆိုရင် ဆေးလိပ်သောက်မယ်၊ ဒီကျမ်းချက်ကို ယူပြီးတော့ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းဆိုပြီး တော့ စဉ်းစားမိမှာ ဖြစ်ပါတယ်။ ဖြစ်ပျက်လာတဲ့ အကြောင်းအရာကတော့ ဟိုးတစ်နေ့မနက်က ကျွန်တော် ရှဉ့်ကလေးတွေ သွားလိုက်ပစ်တဲ့အခါမှာဘဲ ဖြစ်ပါတယ်။

လူတွေဟာ အပြင်ဖက်ကို ရောက်ပြီးတော့ အပြင်ဖက်ကရေဒီယိုတွေကို နားထောင် နေပါတယ်။ ဒါမှမဟုတ် တယ်လီဖုန်း နားထောင်နေပါတယ်။ အဲဒီအချိန်မှာ ပရိတ်သတ် မျက်နှာအမူအယာတွေကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ကျမ်းပိုဒ်ကို ကျွန်တော် ပြောပြလိုက် တဲ့အခါမှာ အပြင်ဖက်က လူတွေက ရီကောင်းရီပါလိမ့်မယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။

13 ၁၃။ ထာဝရဘုရားရဲ့ကောင်းကင်တမန်များအားလုံးဟာ တစ်နေ့သောမနက်မှာ ကျွန်တော့်ရဲ့ရှေ့မှာ ပေါ်လာပါတယ်။ ရှဉ့်ကလေးတွေ ပေါ်ထွက်လာဘို့အတွက်ကို ပြောပါတယ်။ ခင်ဗျားတို့အားလုံး ဘယ်အချိန်မှာ ဖြစ်ပျက်ခဲ့သလဲဆိုတာကို သတိရမှာ ဖြစ်ပါတယ်။ အဲဒီတောင်ထိပ်မှာဘဲ ဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော် ရပ်နေပါတယ်။

အသင်းတော်(၇)ပါးအကြောင်းကို ကျွန်တော်ဟော ပြောပို့ချမှု မပြုလုပ်ချင်တာဘဲ ဖြစ်ပါတယ်။ တစ်မနက်ခင်းမှာ အမဲလိုက်ထွက်နေတဲ့အချိန်မှာ နေ့လည် နေအလင်းရောင်အောက်မှာဘဲ ဖြစ်ပါတယ်။ နေမင်းကြီးတက်လာတယ်လို့ဘဲ ကျွန်တော် ထင်ပါတယ်။ မနက်(၄)နာရီအချိန်လောက်ဖြစ်ပါတယ်။ ထူးခြားတယ်၊ အဲဒီအလင်းကို တွေ့ရတဲ့အခါမှာ ကျွန်တော် လှည့်ကြည့်လိုက်တဲ့အခါမှာ မီးခွက်(၇)လုံးကိုတွေ့နေ ရပါတယ်။ အဲဒီတောင်ထိပ်မှာ တွေ့နေခြင်းဘဲ ဖြစ်ပါတယ်။ သက်တန့်ကြီး ပေါ်ထွက်လာသလိုဘဲ ဖြစ်ပါ တယ်။ အဲဒီမီးတိုင်ရဲ့ပြွန်ချောင်းလေးတွေအပေါ်မှာ တောက်လောင်နေပါတယ်။

ချက်ချင်းဘဲ ကိုယ်တော်ရှင် သခင်ယေရှု ကျွန်တော်တို့ရှေ့မှာ ပေါ်လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် အသံကို ကြားရပါ တယ်။ ဓမ္မဟောင်းကာလက ယေဟောဝါဘုရား သခင်ဟာ ဓမ္မသစ်ရဲ့ယေရှုဘဲဖြစ်တယ်လို့ကြားလိုက်ရပါတယ်။ အဲဒီအ ချိန်မှာ ကိုယ်တော်ရှင်ဟာ အဲဒီမီးခွက်(၇)လုံးကို ဖေါ်ပြပါတယ်။ နောက်တစ်ခု သတိပြုရမဲ့အရာကတော့ အဲဒီ ကျမ်းချက်ကို ဘယ်နှစ်ယောက်သတိရပါသလဲ?

ကျွန်တော့်ရဲ့ကျည်ဆံအခွံရဲ့နောက်ဖက်မှာ ကျွန်တော် အဲဒီကျမ်းချက်ကို ကျွန်တော် ရေးသားထားပါတယ်။ ကျွန်တော့် အိတ်ထဲမှာ ရှိခဲ့ပါတယ်။ ဓမ္မဟောင်းရဲ့ယေဟောဝါဘုရား သခင်ဟာ ဓမ္မသစ်ရဲ့ယေရှုဘဲဖြစ်ပါတယ်။ အဲဒါ မှန်ကန်တယ်ဆိုတာ ကောင်းကင်မှာရှိတဲ့ ဘုရားသခင်က သိနေတော်မူပါတယ်။

14 ၁၄။ ကျွန်တော် အဲဒီနေရာကို ဖြတ်ကျော်ပြီးတဲ့အခါမှာ သိပ်မကြာခင်မှာဘဲ ရှဉ့်ကလေးတွေ ကျွန်တော့်ရှေ့မှာ ပေါ်ထွက်လာပါတယ်။

ကျွန်တော့်ရဲ့မိတ်ဆွေကောင်းကြီး ဂျက်မိုးကို ကျွန်တော်ခေါ်ပြီး နောက်ထပ်လအနည်းငယ်ကြာတဲ့အခါမှာ ကျွန်တော် မေးမြန်းပါတယ်။ အဲဒီအချိန်မှာတော့ ကျွန်တော်က အသင်းတော်ခေတ်ကာလ (၇)ပါးအကြောင်းကို ကျွန်တော် စတင်ပြီး ဟောပြောပါတယ်။ ဗျာဒိတ်ကျမ်းရဲ့အခန်းကြီး (၁)ဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်က အဲဒီမှာ ရပ်နေပါတယ်။ တစ် ကိုယ်လုံး ဖြူဖွေးနေပါတယ်။ သူ့ရဲ့ဆံပင်ကလည်း သိုးမွေးကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ အသက်(၃၃)နှစ်အရွယ်ဖြစ်ပြီး ဘာကြောင့်မို့လို့ တစ်ကိုယ်လုံးဖြူဖွေးနေရ ပါသလဲ?

ဂျက်မိုးက အင်မတန်မှတော်တဲ့ ယဉ်ကျေးမှု ရှိပြီးတော့ အရာရာဗဟုသုတကြွယ်ဝနေတဲ့ ခရစ်ယာန်လူကြီး လူကောင်းတစ်ယောက်လည်း ဖြစ်တယ်။ ကျမ်းတတ်ပုဂ္ဂိုလ်လည်း ဖြစ်တယ်။ ကျွန်တော်သိသမျှထဲမှာ အတော်ဆုံးလည်း ဖြစ်တယ်။ သူက ဘာပြောသလဲဆိုတော့ ဘရာသာဗရမ်ဟမ် အဲဒါ သခင်ယေရှုဘဲ၊ သူဘုန်းတော်ထင်ရှားနေတဲ့ အခြေအနေ မှာ သူ့ကိုတွေ့ရတာဘဲ ဖြစ်တယ်။ အခုတော့ သူ့ရဲ့ပုံစံက အဲဒီလိုဘဲ ဖြစ်နေပါတယ်။ ဒါပေမဲ့လည်း သူ့အဖြေကို ကျွန်တော် က မနှစ်သက်ပါဘူး။ ကျွန်တော် ဆက်ပြီး ဆုတောင်းနေပါတယ်။ တစ်နေ့သောအခါမှာ..

ကျွန်တော် အသင်းတော်ခေတ်ကာလ (၇)ပါးကို စတင်လိုက်ပါတော့တယ်။ ပထမဆုံးအခန်းကြီးကို ကျွန်တော် ဖြောင့်ဖြောင့် မတ်မတ်နဲ့ မရသေးပါဘူး။ အသက်(၃၃) နှစ်အရွယ် လူတစ်ယောက်က အင်မတန်ရင့်ပြီးတော့ အိုပြီးတော့ အလားတူ ကိုယ်ခန္ဓာအတိုင်းဘဲ တမန်တော်တွေ သူ့ကို မှတ်မိနိုင်လောက်အောင် ပြန်ရှင်ပြန်ထမြောက်တယ်။ တမန်တော် တွေက လည်း သူ့ကိုမှတ်မိတယ်။ ကိုယ်တော်ရှင်ဘဲ ဖြစ်တယ်၊ ကိုယ်တော်ရှင်က ဘယ်လိုမျိုး အပေါ်ကိုတက်သွားပြီးတော့ အခုအခါမှာ အသက် (၈၀-၉၀)အရွယ်ရှိနေပြီးတော့ သူ့ ရဲ့ မျက်နှာကလည်း ဖြူဖွေးနေတယ်။ သိုးမွေးကဲ့သို့ဖြစ်နေတယ်။ သူ့ရဲ့မုတ်ဆိတ်တွေကလည်း နှင်းပွင့်တွေလို ဖြူဖွေးနေပါတယ်။ ဘယ်လိုဖြစ်နိုင်ပါသလဲ?

15 ၁၅။ ဒံယေလအနာဂတ္တိကျမ်းကို ကျွန်တော် ပြန်ပြီးဖတ်ပါတယ်။ အဲဒီအချိန်မှာ နေ့ရက် များရဲ့ဟောင်းနွမ်းတဲ့အရာကို ကျွန်တော်တွေ့ရပါတယ်။ အဲဒီ အရှင်ရဲ့ဆံပင်တွေဟာသိုးမွေး တွေကဲ့သို့ဖြူဖွေးနေပါတယ်။ အဲဒီအခါမှာ ရှေးခေတ်ကာလ နေ့ရက်များရဲ့ အရှင်သခင် ဟောင်းနွမ်းအိုမင်းရင့်ရော်ခြင်းကို ကျွန်တော်တွေ့နေရပါတယ်။ ကိုယ်တော်ရှင်ကတော့ ဟောင်း နွမ်းတဲ့ ရှေးကာလရဲ့ နေ့ရက်ဘဲဖြစ်ပါတယ်။

မနေ့၊ ယနေ့၊ ထာဝရကာလ အတူတူဘဲဖြစ်ပါတယ်။ အဲဒါကတော့ သူ့ရဲ့လက္ခဏာ ဘဲ ဖြစ်ပါတယ်။ ဘာကြောင့် သိုးမွေးကဲ့သို့ ဖြူဖွေးနေရပါသလဲ? သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော့်ကို အဲဒီပုံနဲ့ပတ်သက်လို့ဖေါ်ပြပါတယ်။ တစ်ချိန်က ကျွန်တော် တွေ့ခဲ့ပါတယ်။ ဟိုးရှေးခေတ်ကာလက တရားသူကြီးဘဲ ဖြစ်ပါတယ်။ သမိုင်းကို ပြန်လေ့လာကြည့် မယ်ဆို ရင် ဟိုးရှေးခေတ် သမ္မာကျမ်းစာသမိုင်းမှာ ရှာဖွေတွေ့ရှိရပါတယ်။ ရှေးကာလရဲ့တရားသူကြီးတွေက ဣသရေလရဲ့ယဇ်ပုရောဟိတ်ကြီးတွေဘဲ။ သူတို့မှာ ဖြူဖွေးပြီးတော့ မုတ်ဆိတ်ကျင် ဆွယ်တွေကအစ ဖြူဖွေးပြီးတော့ သိုးမွေးလိုဘဲ ဖြစ်နေပါတယ်။ အဲဒီ ဖြူဖွေးနေတဲ့အရာက ဘာကိုဖေါ်ပြသလဲဆိုတော့ ဣသရေလမှာရှိတဲ့ တရားသူကြီးတွေရဲ့ကြီးမြတ်တဲ့ အခွင့်အာ ဏာကို ဖေါ်ပြနေခြင်းဘဲ ဖြစ်ပါတယ်။ ယနေ့ခေတ်ကာလမှာလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀၀) လောက်အထိ ဒါမှမဟုတ်ရင် (၂၀၀)လောက်ခန့်ကဘဲဖြစ်ပါတယ်။ အဲဒါထက်တောင် နောက်ကျမှာ ဖြစ်ပါတယ်။ အင်္ဂလိပ်တရားသူကြီးတွေဟာ ဘယ်လောက်ဘဲ ငယ်ရွယ်တဲ့သူ ဖြစ်ဖြစ်၊ ဒါမှမဟုတ် ဘယ်လောက်ဘဲ ကြီးရင့်တဲ့သူဖြစ်ဖြစ် သူတို့ဟာ တရားစီရင်ဘို့သွားကြတဲ့အခါမှာ သူတို့ဟာ ဖြူတဲ့ဆံပင်အတုတွေကို ဆောင်းရပါတယ်။ တစ်ခြားအ ခွင့်အာဏာမရှိ ဘူးဆိုတာ ဖေါ်ပြထားပါတယ်။ ဒီသူတို့ရဲ့နိုင်ငံတော်မှာ သူတို့ရဲ့စကားထက် ခွင့်အာဏာရှိတဲ့ စကားမရှိတော့ပါဘူး။ သူတို့ရဲ့စကားဟာ သူတို့ ရဲ့ နိုင်ငံတော်အတွင်းမှာ အထွဋ်အမြတ် အထွဋ်အထိပ်ဘဲ ဖြစ်ပါတယ်။ သူတို့ပြောတဲ့အတိုင်း အားလုံးဖြစ်လာမှာ ဖြစ်ပါတယ်။

အခုအခါမှာ ကျွန်တော် အဲဒါကိုတွေ့နေရပါသည်။ ကိုယ်တော်ရှင် အဲဒီမှာ ရပ်နေပါတယ်။ လူငယ်တစ်ဦးဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ အဖြူရောင်ဆံပင်အတုကို တပ်ဆင်ထားပါ တယ်။ သူက အခွင့်အာဏာ အပြည့်အဝ ရှိပါတယ်။ သူက နှုတ်ကပတ်တော် ဖြစ်ပါတယ်။ သူက အဲဒီဆံပင်အတု အဖြူရောင်ကို တပ်ဆင်ထားပါတယ်။ သူ့မှာ အဲဒီဆံပင်အတုအဖြူ ရောင်ရှိပါတယ်။

16 ၁၆။ နောက်မကြာခင်မှာဘဲ ကျွန်တော်တို့ဆက်လက်ဖတ်လိုက်တဲ့အခါမှာ တရားဟောချက် အတိုင်းဘဲ ကျွန်တော်တို့အနောက်ဖက်ကို ရောက်သွားပါတယ်။ အဲဒီအချိန်မှာ ထာဝရ ဘုရားရဲ့ကောင်းကင်တမန်က တံဆိပ်(၇)ခုကို ဖွင့်ပြဘို့အတွက် ပေါ်ထွက်လာပါတယ်။ အဲဒီ အခါမှာဘဲ ကျွန်တော်က လေထုထဲကို မြောက်ပြီးဆက်သွားပါတယ်။ အဲဒီမှာ ကျွန်တော်တို့ဓါတ်ပုံရိုက်ထားတဲ့ပုံ ရှိပါတယ်။ အဲဒီအချိန်မှာ အဲဒီမှာ ပေါ်ထွက်လာတဲ့ပုံ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အဲဒီမှာ ရပ်နေပါတယ်။ တစ်ကယ် အခွင့်အာဏာအပြည့်နဲ့ခေါင်းမှာလည်း ဖြူဖွေးနေတဲ့ ဆံပင်အတုကို ဝတ်ဆင်ထားဆဲရှိပါတယ်။

ကိုယ်တော်ရှင်ဟာ အသင်းတော်ရဲ့ဦးခေါင်းဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကိုယ်ခန္ဓာရဲ့ဦးခေါင်းဘဲ ဖြစ်ပါတယ်။ ဘယ်နေရာမှာမှ ကိုယ်တော်ရှင်ကဲ့သို့သူမရှိပါဘူး။ ကိုယ်တော်ရှင်ဟာ အရာခပ်သိမ်းကို သူ့ဖာသာသူ ပြုလုပ်ပါတယ်။ သူ့အတွက်သူပြုလုပ်ပါတယ်။ သူမရှိပါက ဘာမှ ပြုလုပ်လို့မရပါဘူး။ ကောင်းကင်နဲ့မြေကြီးမှာရှိတဲ့ အခွင့်အရာတွေ အားလုံး ကို သူ့ထံကို ပေးအပ်ပါတယ်။ သူ့ထံမှာ ရှိပါတယ်။ အရာခပ်သိမ်းကို သူပိုင်ဆိုင်ပါတယ်။ သူ့အထဲမှာ ဘုရားသခင်ရဲ့ကိုယ်ခန္ဓာ၊ ဦးခေါင်းပြည့်စုံခြင်းတွေအားလုံး ကျိန်းဝပ်လျှက်

ရှိပါတယ်။ နှုတ်ကပတ်တော်ဟာ ဘုရားသခင်ဖြစ်တယ်။ နှုတ်ကပတ်တော်ဟာ လူဇာတိကိုခံယူပြီး ကျွန်ုပ်တို့နဲ့အတူ ရှိပါတယ်။ ကိုယ်တော်ရှင်ဟာ ကယ်တင်ခြင်းနဲ့ပတ်သက်တဲ့ လိုဂ့ှက်တဲ့ အစီအစဉ်တွေအားလုံးကို ဖေါ်ပြတဲ့ တစ်ပါးတည်းသောကိုယ်တော် ဖြစ်ပါတယ်။ ပရောဖက်နဲ့ပညာရှိတွေဟာ ကိုယ်တော်ရှင်အကြောင်းကို ပြောဆိုခဲ့ပါတယ်။ ကိုယ်တော်ရှင် တစ်ပါးတည်းသာ အကြီးမြတ်ဆုံးအခွင့်အာဏာကို ရရှိပါ တယ်။ ဆံပင်အဖြူနဲ့ပုဂ္ဂိုလ်ဖြစ်ပါတယ်။

17 ၁၇။ ယခုအခါမှာ ကျွန်တော် ရပ်ပြီးတော့ တောင်ကုန်းပေါ်မှာ ကြည့်နေပါတယ်။ ဟိုတစ်နေ့မနက်က ရှဉ့်ကလေးများ ဖြတ်သန်းသွားလာမှုကို ကြည့်နေပါတယ်။ ကျွန်တော် ထိုင်ချ လိုက်ပါတယ်။ အဲဒီအချိန်မှာဘဲ ချုံပုတ်တွေက လှုပ်ရှားပါတယ်။ အင်မတန်ကြီးမားတဲ့ စည်ပိုင်းကြီး (၂)ခုစာလောက်ရှိတဲ့ အရာတစ်ခုဟာ အဲဒီချုံတွေကိုဖြတ်ပြီးတော့ ကျွန်တော့်ဆီကို ရောက်လာပါတယ်။ ကျွန်တော့်ဆီကနေပြီးတော့ နေခင်းနေလည်ကြီးမှာ အလင်းရောင်တွေ ထွက်လာ သကဲ့သို့ တွေ့နေရပါတယ်။ ကျွန်တော် ဆက်သွားပါတယ်။ ငုံ့ကြည့်လိုက်ပါတယ်။ ကျွန်တော် ဆက်သွားဘို့တောင် အရမ်း ကြောက်သွားပါတယ်။ သူကျွန်တော့်ကို ပစ်လိုက်မှာ ကျွန်တော် ကြောက်နေပါတယ်။ ချုံပုတ်တွေက လှုပ်ရှားနေပါတယ်။ ဒါကြောင့်မို့ကျွန်တော် တုပ်တုပ်မှ မလှုပ်ဘဲ ရပ်တန့်နေမိပါတယ်။

ရှဉ့်ကလေးတွေ တောင်ပေါ်ကို တက်လာပါတယ်။ သူဟာ စည်ပိုင်းတွေကို သူနဲ့အတူ ရွေ့လျားလာစေပါတယ်။ သူကို မတွေ့လိုက်ရပါဘူး။ အဲဒီတော့ စည်ပိုင်းနဲ့အတူ ရှဉ့်ကလေးက လိုမ့်ပြီးအောက်ကို တောင်ကုန်းအောက်ကို လိုမ့်ပြီး ဆင်းသွား ပါတယ်။ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ အခုအခါမှာတော့ ငါလမ်းရှာရမယ်။ အဲဒီအသံတွေက ပွဲတင်သံထပ်နေပြီ။ သူကတော့ သူ့ရဲ့သေနတ်ကို မောင်းတင်ပြီလို့ထင်ရပါတယ်။ ကျွန်တော်ဟာ တောင်ကုန်းအောက်ကို ဆင်းသွားပါတယ်။ အဲဒီလူက ကျွန်တော့်ရှေ့မှာဘဲ ပစ်လိုက်ပါ တယ်။ ကျွန်တော်ဟာ နောက်ကို ဒီလိုပြန်ပြီး လည်သွားပါတယ်။ နောက်တစ်ခါ ကျွန်တော် ထရပ်လိုက်ပြီးတော့ တစ်ခြားလမ်းကနေ အောက်ကို ဆင်းသွားပါတယ်။

ပွိုင့်(၂၂)ရိုင်ဖယ် စတင်ပစ်ခတ်သံကို ကြားရပါတယ်။ ကျည်ဆံတွေက ကျွန်တော့် ခေါင်းပေါ်ကနေပြီး ဖြတ်ကျော် သွားပါတယ်။ ကျွန်တော် အင်မတန် အန္တရာယ်ရှိတဲ့နေရာကို ရောက်နေပြီလို့ကျွန်တော့်ကိုယ် ကျွန်တော် ပြောမိပါတယ်။

18 ၁၈။ ကျွန်တော် လှည့်ကြည့်လိုက်တယ်။ မြစ်နားကနေ ကျွန်တော် ဆင်းသွားပါတယ်။ ဒီကနေ ငါဆင်းသွားမယ်။ သူတို့ ထွက်သွားတဲ့နေရာအထိ ငါပုန်းနေမယ်။ အဲဒါမှ ငါအပြင် ထွက်လို့ရနိုင်မယ်လို့စဉ်းစားမိပါတယ်။ အဲဒီလိုနဲ့ဘဲ လမ်းကနေ အောက်ကို ဆင်းသွားတဲ့ အခါမှာ ကျွန်တော် ဘာကို တွေ့သွားသလဲဆိုတော့ ကျွန်တော့်ရဲ့ညာဘက်ဘေးကို ကြည့်ဘို့ဖြစ်လာပါတယ်။ ကျွန်တော် ညာဖက်ကို ကြည့်လိုက်တဲ့အခါမှာ စီးကရက်ဗူးခွံအလွတ်ကို တွေ့နေရပါတယ်။ သူတို့ထဲက တစ်ယောက်ယောက်က လွင့်ပစ်ခဲ့တာဖြစ်မှာဘဲလို့ထင်ရပါ တယ်။ အဲလိုပြေးရင်းလွှားရင်းနဲ့ရှဉ့်ကလေးတွေနောက်ကို လိုက်ရင်းနဲ့သူတို့ဟာ ဒီရှဉ့်က လေးတွေဟာ ချုံပုတ်ထဲကနေ ဖြတ်ကူးသွားတာ ဖြစ်လိမ့်မယ်။

အဲဒီ စီးကရက်အထုပ်ကို ကျွန်တော်က ကောက်ယူပြီး ကြည့်လိုက်ပါတယ်။တစ်ခါမှ ကျွန်တော် ကောက်ယူမကြည့်မိပါဘူး။ ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော် သေချာ ကြည့်လိုက်တဲ့အခါမှာ တစ်ကယ်တော့ ကျွန်တော် ကောက်ယူခြင်း မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် စီးကရက်အနံ့ကို ကျွန်တော် မကြိုက်လို့ပါဘဲ။ အဲဒီမှာကျွန် တော် ကောက်ယူပြီး ကြည့်လိုက်တဲ့အခါမှာ စီးကရက်စက်ရုံ၊ စီးကရက်ကုမ္ပဏီရှိတာကို တွေ့ရပါတယ်။ သူတို့နံမည်ကို ကျွန်တော် မပြောသင့်ပါဘူး။ ဒါပေမဲ့လည်း ခင်ဗျားတို့သိမှာပါ။ အဲဒီမှာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ စီးကရက် သောက်တတ်တဲ့သူတစ်ယောက်ရဲ့အရသာဘဲ ဖြစ်ပါတယ်။

အဲဒါကို ကျွန်တော် ကြည့်ပြီးတော့ စဉ်းစားမိပါတယ်။ စဉ်းစားတတ်တဲ့လူတစ် ယောက် ရဲ့စစ်တမ်းဟုတ်ပါသလား။ အဲဒီလို ကျွန်တော် စဉ်းစားမိပါတယ်။ အဲဒီလူက စဉ်းစား တတ်တယ်ဆိုရင် သူဆေးလိပ်သောက်မှာ မဟုတ်ပါဘူး။ ဘယ်လိုလုပ်ပြီးတော့ စဉ်းစားတတ် တဲ့လူတစ်ယောက်ရဲ့စစ်တမ်းဖြစ်မှာလဲ။ စဉ်းစားတတ်တဲ့လူတစ်ယောက်က လုံးဝ စီးကရက် သောက်မှာ မဟုတ်ပါဘူး။

19 ၁၉။ ကျွန်တော် စဉ်းစားမိတဲ့အရာကတော့ အဲဒါက ဘယ်လောက်လှည့်ဖျားထားသလဲ။ အဲဒီ စီးကရက်ကုမ္ပဏီတွေက အမေရိကန်တွေဘဲ ဖြစ်ပုံရပါတယ်။ ကျွန်တော်တို့ရဲ့ပေါ်လစီ အတိုင်း ကျွန်တော်တို့အသက်ရှင်မယ်ဆိုရင် ကျွန်တော်တို့တစ်ဦးကိုတစ်ဦး ကူညီဘို့အတွက် အလုပ်လုပ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်ဦးကိုတစ်ဦးအတွက် ခံစားချက်ရှိ မယ်ဆိုရင် ဘယ်လောက် သူတော်ကောင်းယောင်ဆောင်ရာ ကျပါသလဲ။ အဲဒီကုမ္ပဏီရဲ့နံမည်ကို ကျွန်တော်မပြောရခြင်းက တော့ အကြောင်းရှိပါတယ်။ သူတို့အကြောင်း မကောင်း ကျွန်တော် ပြောဘို့ဖြစ်လာမှာ ဖြစ်ပါတယ်။ ဘယ်သူဘဲဖြစ်ဖြစ် ပိုက်ဆံရဘို့အတွက်သူတော်ကောင်း ယောင်ဆောင်ရတယ်ဆိုတာ ဘယ်လိုကောင်းနိုင်မှာပါလဲ။

စဉ်းစားတတ်တဲ့သူတစ်ယောက်ဟာ လုံးဝစီးကရက်သောက်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း အမေရိကန်လူထုက စီးကရက် သောက်ရမှာကို အရမ်းသဘောကျနေပါတယ်။ အဲဒါ က အင်မတန်ကောင်းမွန်တယ်လို့သူတို့ ထင်ပါတယ်။

ယခုကြည့်ပါ။ သင်ဘယ်လိုမှ ဘယ်သူ့ကိုမှ မေးနိုင်မှာ မဟုတ်ပါဘူး။ သိပ္ပံပညာရှင်တွေဘဲ ဖြစ်ဖြစ်၊ ဘယ်သူကိုဘဲဖြစ်ဖြစ် ခင်ဗျား စီးကရက်သောက်ခြင်းအားဖြင့် ဂျိုးတွေဖြစ်တဲ့ ကပ်တရာစေးတွေလိုဟာမျိုး ရလာမှာ ဖြစ်ပါတယ်။ အဲဒီလို မီးခိုးငွေ့ ကလေးတွေကနေ ထွက်လာတဲ့ ကပ်တရာစေးလိုဟာမျိုးဟာဆိုရင် အသေးအမွှား အမှုန်လေးဖြစ်ပေမဲ့ ကပ်တရာဘဲဖြစ် ပါတယ်။ ခင်ဗျားအနေနဲ့ဆေးလိပ် လုံးဝမသောက်ဘူးဆိုရင် အဲဒီကပ်တရာစေးရမှာ မဟုတ်ပါဘူး။ ရှိမှာ မဟုတ်ပါဘူး။ ဘယ်အချိန်မှာမှ ရှိမှာ မဟုတ်ပါဘူး။ ခင်ဗျားဟာအင်မ တန်ခိုင်မာတဲ့ တုတ်ချောင်းတစ်ချောင်းကို ဆန့်ကျင်ပြီး ဆွဲနေခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ခင်ဗျားဟာ အဲဒီမီးခိုးငွေ့တွေကို ရှူရှိုက်နေသမျှ ကာလပတ်လုံး ခင်ဗျားကင်ဆာရောဂါ၊ နောက်ပြီး နီကိုဒင်းဓါတ်တွေကို ခင်ဗျားရရှိအောင် ဆွဲဆောင်နေခြင်း ဖြစ်ပါတယ်။

20 ၂၀။ လွန်ခဲ့တဲ့နှစ်က ခင်ဗျား ကျွန်တော်နဲ့အတူ ရှိခဲ့မယ်ဆိုရင် ဒါမှမဟုတ်လည်းဟိုး လွန်ခဲ့တဲ့ (၂)နှစ်လောက်ကလည်း ရှိနေခဲ့မယ်ဆိုရင်

အဲဒီမှာ ကမ္ဘာ့ကုန်စည်ပြပွဲမှာ ရောက်သွားမှာ ဖြစ်ပါတယ်။ အဲဒီမှာ နယူးဘရမ်ဟမ်နဲ့ဆန္ဒပြမှုတွေ သူတို့လုပ်ကြပါတယ်။ အဲဒီစီးကရက်ကို သူတို့က ယူပြီးတော့ တစ်ခုခုထဲကို ထည့်လိုက်ပါတယ်။ နောက်ပြီးတော့ ဆွဲထုတ် လိုက်တဲ့အခါမှာ ကျောက်ခဲ ကျောက်စတစ်စကနေ ဖြတ်ပြီးတော့ သူတို့ဆွဲလိုက်ပါတယ်။ အဲဒီဆရာဝန်ဟာ အဲဒီအရာ ကိုယူပြီးတော့ လိမ့်လိုက်တဲ့အခါမှာ နီကိုတင်းတွေထွက်လာတာကိုတွေ့ရပါတယ်။ နောက်ပြီးတော့ အဲဒီနီကိုတင်းတွေကို ကြွက်ဖြူလေးတစ်ကောင်ရဲ့ကျောကုန်းပေါ်ကို သုတ်လိုက်တဲ့အခါမှာ သုတ်လိုက်ပြီးနောက်ပိုင်း လှောင်အိမ်ထဲကိုကြွက် ဖြူကလေးကို ထည့်လိုက်ပါတယ်။ (၇)ရက်တစ်ခါ ကြွက်ကလေးကို ထုတ်ကြည့်ပါတယ်။ ကြွက်ကလေးဟာ ကင်ဆာရောဂါနဲ့ပြည့်ဝပြီးတော့ လမ်းတောင်မလျှောက်နိုင်တော့ပါဘူး။ အဲဒီစီးကရက်တစ်လိပ်ထဲကနေပြီး ထုတ်လိုက်တဲ့ နီကိုတင်းကြောင့်ဘဲ ဖြစ်ပါတယ်။

သူက ဘာပြောလဲဆိုတော့ ခင်ဗျားတို့ဟာ စစ်တမ်းထဲကို ဖြတ်ကျော် သွားနိုင်တယ်လို့သူတို့ပြောပါတယ်။ သူကလည်း ပြောပါတယ်။ ခင်ဗျား ဘယ်လိုမှ စစ်တမ်းရ နိုင်မှာ မဟုတ်ပါဘူး။ ခင်ဗျား စစ်ပြီးတော့လည်း သောက်နိုင်မှာ မဟုတ်ပါဘူး။ အဲလိုစစ်ပြီး သောက်လိုက်ရင် နီကိုတင်း ပါမလာဘူး။ နီကိုတင်းကို မီးခိုးငွေ့ထဲက ထုတ်လိုက်လို့ရပါတယ် လို့ ပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားက စီးကရက်သောက်မှာမို့လို့ဘဲ ဖြစ်ပါ တယ်။ မီးခိုးငွေ့ဖြစ်လာအောင် ကပ်တရာစီး လိုအပ်ပါတယ်။ အဲဒီ ကပ်တရာစီးကတော့ ကင်ဆာရောဂါကို ဖြစ်ပေါ်စေပါတယ်။

နောက်ပြီးတော့ သူဟာ ရေထဲကနေ ဆွဲလိုက်ပါတယ်။ တစ်ခါတစ်ရံမှာ ဒီလိုရေထဲ ကနေ ဆွဲလိုက်ဖြတ်လိုက်ခြင်းအားဖြင့် စစ်လိုက်လို့ ရတယ်လို့ထင်ပါတယ်။ ဘယ်လိုဘဲ ဖြတ်ပြီးတော့ဆွဲဆွဲ ဘာမှ အကြောင်းမထူးပါဘူး။ သူတို့ ဘာပြောလဲဆို တော့ ငါတို့ ဒါကို ရှူသွင်းမိမှာ မဟုတ်ပါဘူး။ ငါတို့ဒါကို ရှူမသွင်းဘူးလို့ပြောပါတယ်။ ငါတို့ ပါးစပ်ထဲကိုဘဲ ရှူပြီးတော့ ထွေးထုတ်လိုက်တာပါလို့ပြောပါတယ်။ အဲဒီအခါမှာ သူက အဲဒီအရာကိုယူပြီး အပေါ်ကို လိမ့်လိုက်တယ်။ နောက်ပြီးတစ် ခုခုရဲ့အောက်မှာ ထားလိုက်ပါတယ်။ ဒါပေမဲ့ လည်း ကင်ဆာရှိနေတယ်ဆိုတာ ဖေါ်ပြထားတာကို တွေ့ရပါတယ်။ ခင်ဗျား ဘာလုပ်နေပါ သလဲ? မြိုချလိုက်ပါတယ်။ လည်ချောင်းတစ်လျှောက် မြိုချလိုက်ပါတယ်။

ဘာဘဲပြောပြော အဲဒါကတော့ သေခြင်းတရားဘဲ ဖြစ်နေဆဲ ဖြစ်ပါတယ်။

21 ၂၁။ ကုမ္ပဏီတစ်ခုက လူတစ်ယောက်ကို လှည့်ဖျားနိုင်သလောက် လှည့်ဖျားပါတယ်။ သူတို့ ရဲ့လူတွေကိုလည်း လှည့်ဖျားနေခြင်းဖြစ်ပါတယ်။ လင်းတတစ်ကောင်ဟာ သူတို့ရဲ့အမျိုး အစားအတိုင်းဘဲ သူတို့ အသက်ရှင်နေတာကို တွေ့ရပါ တယ်။ ငွေရအောင် သေခြင်းတရား ကို နိုင်ငံတော်ကို ရောင်းချနေပါတယ်။ လူငယ်တွေကို ရောင်းချနေပါတယ်။ နောက်ပြီး တော့ ရှေ့တန်းကို သွားရတယ်၊ သေရတယ်၊ သူတို့အတွက် သေရခြင်းဘဲ ဖြစ်ပါတယ်။

နောက်ပြီးတော့ ပြန်လှည့်လာပြီး အဲလိုဟာတွေကို ရောင်းပါတယ်။ ဟန်ဆောင်မှု အတုအယောင်တွေအောက်မှာ ပြုလုပ်နေခြင်း ဖြစ်ပါတယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တဲ့အရာလို့ဆိုထားပါတယ်။ ဒါပေမဲ့လည်း စီးက ရက်သောက်တတ်တဲ့ လူတစ်ယောက်ရဲ့ အရသာဘဲဖြစ်ပါတယ်။ အရသာကို ရဘို့ရန်အတွက် သင်ဟာ စီးကရက် သောက်ရမှာ ဖြစ်ပါတယ်။ စီးကရက်သောက်တဲ့ သူတစ်ယောက်ရဲ့အရသာဘဲ ဖြစ်ပါတယ်။

လူတွေ ဘာကြောင့် ကြိုက်နှစ်သက်ရပါသလဲ? ဘာကြောင့် ရရှိသွားကြတာလဲ? ပိုပြီးတော့ ခင်ဗျားတို့ကို လှည့်ဖျားဘို့ရန်အ တွက် သက်သက်ဘဲ ဖြစ်ပါတယ်။ အဲဒါက နတ်ဆိုးနဲ့ဆိုင်ပါတယ်။ သင့်ရဲ့အသက်တာကို သူတို့ ဂရုမစိုက်ပါဘူး။ သင်နဲ့ပတ် သက် လို့ သူတို့ ဘာမှ မခံစားရပါဘူး။ သင့်ကို သူတို့က ရောင်းလိုက်မှာဘဲဖြစ်ပါတယ်။ သင်သေသွားတာကို တော့ သူတို့က ကြည့်နေမှာပါ။ သူတို့ပိုက်ဆံရဘို့က အဓိကဘဲ ဖြစ်နေပါတယ်။

22 ၂၂။ နိုင်ငံရေးနဲ့စစ်ပွဲများကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ စစ်ပွဲတွေကို မယုံကြည်ပါဘူး။ အဲဒါတွေကို ကျွန်တော် မယုံကြည်ဘူး။ ကျွန်တော်တို့ စစ်ပွဲတိုက်ခိုက်ရတော့မယ်။ စစ်ပွဲ တွေနဲ့ရင်ဆိုင်ရတော့မယ်လို့မယုံပါဘူး။ ကျွန်တော်ဟာ အလွန်ကြီးမြတ်တဲ့ နိုင်ငံတော်ကြီးတွေကို ယုံကြည်ပါတယ်။ ဘုရားသခင် ပြင်ဆင်ပေးတဲ့ နိုင်ငံတော်ကြီးဘဲဖြစ် ပါတယ်။ အင်မတန်ကြီးမားတဲ့ လူ့အဆောက်အဦကြီးဖြစ်ပြီးတော့ ကိုယ်တော်ရှင်ရဲ့အုပ်စိုးမှု အောက်မှာ ရှိနေမှာ ဖြစ်ပါတယ်။ အဲဒီမှာ စစ်ပွဲရှိတော့မှာ မဟုတ်ပါဘူး။ နိုင်ငံတိုင်းကလည်း သူတို့ ရဲ့လက်နက်တွေအားလုံးကို တစ်ခြားတစ်နိုင်ငံ အားလုံးကို ချိန် ရွယ်တော့မှာ မဟုတ်ပါဘူး။ သူတို့အားလုံးဟာ ထာဝရငြိမ်းချမ်းရေးကို ရမှာဖြစ်ပါတယ်။ အားလုံးဟာ ငြိမ်းချမ်းရေး ရမှာပါဘဲ။

ဒီလိုအဖွဲ့အစည်းကနေပြီးတော့ ဒီလိုမျိုး စစ်ပွဲတွေကို ယူဆောင်လာခြင်းဘဲ ဖြစ်ပါတယ်။ ပိုမိုပြီး ယဉ်ကျေးတဲ့ ကျွန်ုပ် တို့လည်း အဲဒါကို ရရှိမှာ ဖြစ်ပါတယ်။ အကယ်၍ ကျွန် တော်တို့ စစ်ပွဲတွေ ပိုမိုဖြစ်ပွားစေမယ်ဆိုရင် ကျွန်တော်တို့အတွက် မကောင်းပါဘူး။ တစ်ဦးထက်တစ်ဦး ပိုမိုယဉ်ကျေးအောင် ကြိုးစားတယ်။ အဲလိုပိုပြီးတော့ ယဉ်ကျေးအောင် ကြိုးစားတဲ့အ ခါမှာ ပိုပြီးတော့ စစ်ပွဲတွေ တွေ့ရပါတယ်။

ဒီလူနေမှု စံနစ်အောက်မှာ အဲဒီလူဟာ အဲလိုအရာကို ပြုလုပ်မှာ ဖြစ်ပါတယ်။ တစ်ခုတည်းသောအရာကတော့ ပိုပြီးတော့ စီးကရက်တွေကို ဝယ်ယူဘို့လှည့်ဖျားခြင်းဘဲ ဖြစ်ပါတယ်။ အကယ်၍ အဲဒီလူဟာ စီးကရက်သောက်မယ်ဆိုရင် အဲဒါဟာ နတ်ဆိုးနဲ့ဆိုင် တယ် လို့ ကျွန်တော် ယုံကြည်ပါတယ်။ နီကိုတင်းနတ်ဆိုးက အဲဒီလူကို ဒါမှမဟုတ် အဲဒီအ မျိုးသမီးအထဲမှာ ဝင်ရောက်နေပါတယ်။ စီးကရက်တစ်လိပ်က အဲဒီနီကိုတင်းနတ်ဆိုးကို ကျေနပ်စေတယ်ဆိုရင် ခင်ဗျားကို နောက်ဆုံး သူတစ်ယောက်တည်းထားခဲ့ပြီးမှ ခင်ဗျားကို ချောက် လှန့်နေတော့မှာ မဟုတ်ပါဘူး။ စီးကရက် တစ်လိပ်နဲ့ဘဲ ဖြစ်ပါတယ်။

အဲဒါကြောင့် ခင်ဗျားဟာ အစစ်ကိုယူပြီးတော့ အဲဒီမီးခိုးငွေ့ သုံးပုံတစ်ပုံလောက်ကို အစစ်နဲ့စစ်လိုက် နောက်သုံး ပုံတစ်ပုံကို

နီကိုတင်းတွေကျတော့ အဲဒီအထဲကနေ ဖြတ်သန်း သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ စီးကရက်သုံးလိပ်ကို တစ်လိပ်အစား အစားထိုးလိုက်ခြင်း ဖြစ်ပါတယ်။ အဲတော့ သင်ဟာ စီးကရက်သုံးလိပ်ကနေ တစ်လိပ်ကို သောက်နေခြင်းဘဲ ဖြစ်ပါတယ်။

အဲဒါကတော့ လှည့်ဖျားခြင်း အစီအစဉ်သက်သက်ဘဲ ဖြစ်ပါတယ်။ လှည့်ဖျားနိုင်အောင်လို့အစီအစဉ်ဆွဲထားပါတယ်။ စီးကရက်တွေကို ရောင်းရအောင်လှည့်ဖျားခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ထိုနည်းအတိုင်း သူတို့က ရောင်းနိုင်မှာ ဖြစ်ပါ တယ်။ လူတစ်ဦးက ဆေးရွက်ကြီးကို သူပိုက်ထဲသေချာထည့်ပြီး သောက်နိုင်တယ်။ ဒါမှမဟုတ် စီးကရက်အားဖြင့် သောက်နိုင်ပါတယ်။ အဲဒါကတော့ နတ်ဆိုးနဲ့ဆိုင်တဲ့အရာဘဲ ဖြစ်ပါတယ်။

23 ၂၃။ ကျွန်တော် ရပ်ပြီး ကြည့်နေတဲ့အခါမှာ မည်မျှလှည့်ဖျားနေတဲ့အရာတွေဖြစ်ကြောင်း မေးခွန်းတွေ ကျွန်တော့်ခေါင်း ထဲမှာ ပေါ်လာပါတယ်။ ကျွန်တော် နောက်ကိုပြန် လှည့်လိုက်ပါတယ်။ တစ်ခါစီးကရက်အထုပ်ကို ပြန်ပြီး ကြည့်လိုက်ပါတယ်။ တစ်စုံတစ်ခုက ကျွန်တော့်ကို ပြောနေသလို ခံစားရပါတယ်။ သူ့ရဲ့ဆောင်ပုဒ်က မှန်ပါတယ်။ စဉ်းစားတတ်တဲ့ လူတစ် ယောက် ရဲ့စစ်ရေးအစစ်ဘဲ ဖြစ်ပါတယ်။

စီးကရက်သောက်တတ်တဲ့ သူတစ်ယောက်ရဲ့အရသာဖြစ်တယ်။ အဲဒါဟာ လှည့်ဖျားခြင်းဖြစ်တယ်ဆိုတာ ကျွန်တော် သိလာရပါတယ်။ သဘာဝကျကျ ကြည့်မယ်ဆိုရင် ဆေးရွက်ကြီးနဲ့ပတ်သက်ရင် အသင်းတော်တွေ၊ ယနေ့အသင်းတော်တွေရဲ့ပြုလုပ်ချက်တွေထဲမှာ ဘာတွေ့ရသလဲဆိုတော့ လှည့်ဖျားမှုကို တွေ့ရပါတယ်။

ခင်ဗျား မည်မျှရောက်လာသလဲဆိုရင် တစ်ကမ္ဘာလုံး လှည့်စားမှုခံရပြီး ဘာအမှန်အကန်၊ ဘာဟာ လှည့်ဖျားမှုဆိုတာကို ခွဲခြားလို့မရအောင် ဖြစ်သွားပါတယ်။ နိုင်ငံရေးမှာလည်း ထိုနည်းငှင်း ဖြစ်ပါတယ်။ လူမှုရေးမှာလည်း ထိုအတိုင်းဘဲ ဖြစ်တယ်။ ကျောင်းတွေ၊ နေရာတိုင်းမှာ လှည့်ဖျားမှုတွေ ဖြစ်ကုန်ပါတယ်။

24 ၂၄။ ငယ်ရွယ်တဲ့ လူငယ်လူရွယ်လေးတစ်ယောက်က တစ်နှစ်က ကျွန်တော့်ကို ဘာပြော သလဲဆိုတော့ သူကို စစ်စခန်း ဆီကို ခေါ်သွားခြင်း ခံရပါတယ်။ ငယ်ရွယ်တဲ့ စစ်သားလေး တစ်ယောက်က တင့်ကားလေးဘေးနားကနေ ပြေးထွက်လာပါ တယ်။ သူ့ရဲ့အဆုတ်များ၊ အစာအိမ်များ ဘာဘဲဖြစ်ဖြစ် အားလုံးဟာ အလုပ်လုပ်နေပါတယ်။ ပုံမှန်ဖြစ်နေပါတယ်။ နောက်ပြီး သူတို့ ဆေးရုံကိုသွားပြီး သုံးလေးယောက်က တန်းစီပြီး ရပ်နေကြပါတယ်။ အားလုံးတန်း စီနေကြပါတယ်။ စစ်သားနှစ် ယောက်သုံးယောက်ကတော့ သူတို့ ရဲ့ ရင်ဘတ်တွေကို ဖွင့်ပြထားပါတယ်။ နောက်ပြီး အသက်ရှူနိုင်သလောက် ရှူပြထားပါ တယ်။

သူအသက်ရှူတဲ့အခါတိုင်းမှာ သူ့ရဲ့နံရိုးက သူ့ရဲ့အဆုတ်ထဲကို ပြေးကပ်ပြီးတော့ဝင် သွားသလိုဖြစ်နေပါတယ်။ သူ့ရဲ့အတွင်းပိုင်းမှာ သွေးထွက်နေမှာ ဖြစ်ပါတယ်။ သူတို့ဟာ လူငယ်လေးကို အဲဒီနားမှာ ရပ်နေခိုင်းပါတယ်။ တန်းစီခိုင်း ပါတယ်။ အဲဒီလမ်းကြောင်းရဲ့ အနောက်ဖက်မှာဆိုရင် သူတို့ကို အချို့လူတွေဆို ဘာမှမပါဘဲနဲ့သူတို့ကို ရပ်နေခွင့်ပေးပါ တယ်။ ဒါပေမဲ့လည်း နားနာတာတို့ဒါမှမဟုတ် တစ်ခုခုတော့ ဖြစ်နေပါတယ်။

အချိန်တန်တဲ့အခါမှာ သူအဲဒီမှာ ရပ်နေပါတယ်။ ဗိုလ်မှူးကြီးတစ်ယောက်ဝင်လာတယ်။ ကလေးငယ်လေးတစ်ယောက် ခေါ်လာပါတယ်။ သူ့ရဲ့သားလေးလား သမီးလေးလား ဘဲဖြစ်ပါတယ်။ လက်တွေမှာ ယားနာတွေ ပေါက်နေပါတယ်။ အဲဒီတော့ သူတို့ဟာ တန်းစီတာ ရပ်လိုက်ပါတယ်။ ကလေးငယ်ကို အထဲကိုထည့်လိုက်ပါတယ်။ အဲဒီအခါမှာ တန်းစီ စောင့်စားနေတဲ့ အသက်ရှူရခက်နေတဲ့ စစ်သားလေးဟာ သေဆုံးသွားပါတယ်။

အဲဒီဗိုလ်မှူးကြီးက သူ့ရဲ့ညီကိုတစ်ယောက် တန်းစီနေတယ်၊ သေလုမြောပါးဖြစ်နေတယ်၊ တစ်ကယ်စစ်မှန်တဲ့ ခံစားချက်ရှိ မယ်ဆိုရင် သူက ဘာပြောမလဲဆိုတော့ အဲဒီ ကျွန်တော့် ကလေးလေးကတော့ စောင့်နိုင်ပါတယ်။ အဲဒီလူကိုဘဲမြန်မြန် လုပ်ပေးလိုက်ပါ။ သူ့အတွက်တစ်ခုခု လုပ်ပေးလိုက်ပါလို့ပြောမှာ ဖြစ်ပါတယ်။

25 ၂၅။ ဒါပေမဲ့လည်း လူတိုင်းက သူတို့ရဲ့အာဏာကို သူတို့ပြချင်ပါတယ်။ သူတို့ဟာ အဲဒီလို မဟုတ်ပါဘူး။ တစ်ခြားလူတွေ ကဲ့သို့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း တစ်ခြားအရာတွေ အများကြီးရှိပါတယ်။ အဲဒီအရာတွေနဲ့အလားတူသဏ္ဍာန်တွေ ရှိပါတယ်။ လူတော်တော် များများကလည်း အဲလိုဘဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဒီလူက တစ်ခုတည်းသောသူစဉ်းစား နေတဲ့အရာကတော့ သူ့ရဲ့သားငယ်လေးအတွက်ဘဲ ဖြစ်ပါတယ်။

သူ့ရဲ့လက်မှာ ကလေးငယ်လေးရဲ့လက်မှာ အနီရောင်ယားနာအစက်ကလေးတွေနဲ့ဖြစ်ပါတယ်။ အဲဒီမှာ တင့်ကားနဲ့ထိခိုက်ပြီးတော့ နံရိုးကျိုးသွားတဲ့ စစ်သားလေးအကြောင်း သူမစဉ်းစားမိပါဘူး။ ဒီရဲဘော်လေးဟာ တစ်နေ့သောအခါမှာ ရှေ့တန်းတစ်နေရာမှာ သူ့အသက်ကို ကယ်ကောင်းကယ်နိုင်မဲ့ သူကလေးဘဲဖြစ်ပါတယ်။ သူမစဉ်းစားပါဘူး။ သူတို့အ တွက်ဘဲ သူတို့စဉ်းစားနေခြင်းဘဲ ဖြစ်ပါတယ်။ စဉ်းစားနေတဲ့သူတစ်ယောက်ရဲ့စစ်တမ်းဒါမှ ရေစစ်ကဲ့သို့ဘဲ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ အဲဒါကို ကြည့်လိုက်ပြီး စဉ်းစားမိလိုက်ပါတယ်။ တစ်စုံတစ်ခုသောအရာကတော့ ဒီနေ့ဂိုဏ်းဂဏ တွေကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ရှိတဲ့အသင်း တော်တွေကဲ့သို့ဘဲ ဖြစ်ပါတယ်။ အသင်းတော်တွေ တစ်ခုစီက သူတို့မှာ သူတို့ကိုယ်ပိုင်ရေစစ်တွေ ရှိပါတယ်။ သူတို့ရဲ့ကိုယ်ပိုင်ပုံစံနဲ့စစ်တမ်းတွေဘဲ ဖြစ်ပါတယ်။ သူ တို့ လိုချင်တဲ့ပုံစံမျိုးဘဲ သူ တို့ ခွင့်ပေးထားပါတယ်။ ဘာတွေဝင်လာသလဲဆိုတာကို သူ တို့ ခွင့်မပြုပါဘူး။ သူတို့စစ်လိုက်တဲ့အရာ၊ စစ်သွင်းမဲ့အရာ စစ်ထုပ်မဲ့အရာကို ဘာတွေလဲဆိုတာ သူတို့ရဲ့ကိုယ်ပိုင် စစ်တမ်းအမျိုးအစားဘဲ ဖြစ်ပါတယ်။ လောကအရာတွေကို သူ တို့ ခွင့်ပြုလိုက်ပါတယ်။

အဲဒါမှ သူ တို့ မယုံကြည်သူတွေကို ကျေနပ်နှစ်သိမ့်စေနိုင်မှာ ဖြစ်ပါတယ်။ သူတို့အထဲမှ မယုံကြည်သူ တွေဘဲ ဖြစ်ပါတယ်။

ဘယ်လိုဘဲဖြစ်ဖြစ် သူတို့ကိုတော့ ဒီလူက လက်ခံမှာ ဖြစ်ပါတယ်။ သူတို့ ပိုက်ဆံရဘို့အတွက်ဘဲ ဖြစ်ပါတယ်။ သူတို့ ဘာဘဲဖြစ်ဖြစ် သူတို့ကတော့ လက်ခံမှာဘဲ ဖြစ်ပါတယ်။ သူတို့ဟာ ထင်ပေါ်ကျော်ကြားခဲ့မယ်ဆိုရင် ပိုပြီးတော့ လက်ခံမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒါနဲ့ ပတ်သက်လို့ စဉ်းစားစရာ တစ်ခုရှိပါတယ်။ ဘုရားသခင်ရဲ့အသင်းတော် ဘထဲကိုတော့ သင်အဲလို ဝင်ရောက်လို့ မရပါဘူး။ ဘုရားသခင်ရဲ့ အသင်းတော် ဖြစ်ပါတယ်။ ဂိုဏ်းဂဏ မဟုတ်ပါဘူး။ ကျွန်တော် သွန်သင်အရာကတော့ တစ်ကယ်ဖြစ်နိုင်တယ်၊ ဘုရားသခင်ရဲ့ အသင်းတော်ကို ဆိုလိုခြင်း ဖြစ်ပါတယ်။

26 ၂၆။ ယနေ့ဆေးရှက်ကြီး ကုမ္ပဏီများကဲ့သို့ဘဲဖြစ်ပါတယ်။ အဲဒီအထဲကို ဝင်လာတဲ့သူတွေကတော့ အသင်းတော်နဲ့ဂိုဏ်း ဂဏတွေဘဲ ဖြစ်ပါတယ်။ သူတို့မှာ အရသာရှိပါတယ်။ အဲဒီအ ရသာကတော့ ဒီလောကကြီးမှာ ရှိနေတဲ့ အရသာတွေဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏ တစ်ခုစီမှာ သူတို့ရဲ့စစ်တမ်း စစ်တဲ့အရာတစ်ခုခုတော့ ရှိပါတယ်။ တစ်ကယ်စစ်မှန်တဲ့ ခရစ်ယာန် တွေအားလုံးကို သူတို့က စစ်ထုတ်ပစ်လိုက်ပါတယ်။ အာမင်လို့ပြောတဲ့သူ တွေကို စစ်ထုတ်ပစ်လိုက်ပါတယ်။ သူတို့ တရားဟောနေတဲ့အချိန်မှာလည်း အာမင်လို့ ပြောလိုက်တဲ့အရာ တွေကိုလည်း စစ်ထုတ်ပစ်လိုက်ပါတယ်။

ဆံပင်တိုတိုလေးတွေကို လက်ခံတယ်။ မျက်နှာကို ယေဇဗေလလို ဆေးဆိုးပန်း ရိုက်မျက်နှာတွေကိုလည်း လက်ခံ တယ်။ သူတို့ ထင်ပေါ်ကျော်ကြားသမျှအားလုံးကို လက်ခံ နေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့ ရုပ်ရှင်သရုပ်ဆောင်တွေ နံမည်ကြီးတွေ၊ စသည်ဖြင့် ဝင်ရောက်လာပါတယ်။ သူတို့ အသုံးပြုတဲ့ ရေစစ်ကတော့ အဲလိုမျိုးတွေဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရဲ့ဂိုဏ်းဂဏ ဘာဂိုဏ်းဂဏကမှ ဥက္ကဋ္ဌကတော့ ဒါမှမဟုတ်ရင် ခေါင်း ဆောင်လုပ်တဲ့ ဗိုလ်မှူးကြီးက ဘယ်သူ ဒီလူကြီးလူကောင်း တစ်ယောက်ယောက်က ကျွန်တော်တို့ ဂိုဏ်းဂဏထဲမှာ ပါဝင်နေတယ် စသည်ဖြင့် သူတို့အသုံးပြုတဲ့ ရေစစ်ကိုက အဲဒီလိုဘဲ ဖြစ်နေပါတယ်။ အဲဒီ ရေစစ်တွေကတော့ လောကဘဲ ဖြစ်ပါတယ်။ လောကဆိုင်ရာ လူများဘဲ ဖြစ်ပါတယ်။ လူတွေဟာ သူတို့ ဘာလိုချင်သလဲဆိုတာ သူတို့သိပါတယ်။ သူတို့ လိုချင်တဲ့အရာ ကို သူတို့ရဘို့အတွက် သူတို့ဟာ စစ်တမ်းတစ်ခုတော့ လိုမှာဖြစ်ပါတယ်။ ကမ္ဘာလောကကြီးက အဲဒီစစ်တမ်းကနေတစ်ဆင့် ပြောဆိုရမှာ ဖြစ်ပါ တယ်။ ဒါမှသာ သူတို့ ရဲ့လောကဆိုင်ရာ အရသာကို ကြေနပ်နှစ်သိမ့်နိုင်မှာဖြစ်ပါတယ်။

စဉ်းစားတတ်သူရဲ့စစ်တမ်းနဲ့စီးကရက်သောက်သူရဲ့အရသာဘဲဖြစ်ပါတယ်။ ကမ္ဘာကြီးရဲ့ဘာသာရေးဆိုင်ရာ စစ်တမ်းဘဲ ဖြစ်ပါတယ်။ လောကဆိုင်ရာ လူသားတစ်ဦးရဲ့အရသာဘဲ ဖြစ်ပါတယ်။

27 ၂၇။ သူတို့ ဘာသာတရား ကိုင်းရှိုင်းနေကြပါတယ်။ သူတို့ ဘာသာတရား ကိုင်းရှိုင်းရမယ်ဆိုတာကိုလည်း သူတို့ စဉ်းစားစားမိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ ဝိညာဉ်ရှိ လို့ပါဘဲ။

ပထမဦးဆုံး ကျွန်တော်တို့ဒီနိုင်ငံကို ရောက်ရှိလာတဲ့အခါမှာ အိန္ဒိယလူနီတွေ လူရိုင်းတွေက နေတွေ၊ လတွေ၊ ကြယ်တွေ စသည်တို့ကို ကိုးကွယ်တာကို တွေ့ရပါတယ်။ ဘာကြောင့်လဲ။ သူက လူသားဖြစ်လို့ပါဘဲ။ ကျွန်တော်တို့ဟာ ဟိုးအာဖရိက တောနက်ထဲကို ပြန်သွားကြပါတယ်။ အဲဒီအချိန်မှာ အဲဒီဒေသခံလူတွေဟာ တစ်စုံတစ်ရာကို ကိုးကွယ်တာကို ကျွန်တော်တို့တွေ့ရှိရပါတယ်။ ဘာကြောင့်လဲ။ သူတို့ဟာ လူသားတွေ ဖြစ်လို့ပါဘဲ။ သူတို့ဟာ တစ်ခုခုကို ကိုးကွယ်ရမှာဘဲ ဖြစ်ပါတယ်။ သူတို့ ကိုးကွယ်လိုတဲ့ဆန္ဒ သူတို့မှာ ရှိပါတယ်။

ဒါကြောင့်မို့လို့လူသားဟာ ဘယ်လိုဘဲ သူတို့ ကျဆင်းပါစေ၊ သူ့ရှိနေဆဲအရာ ရှိပါတယ်။ တစ်နေရာရာမှာ တစ်စုံတစ်ခု ရှိနေပါတယ်။ သို့သော်လည်း သူက အဲလိုအရသာကို ကမ္ဘာလောကကြီးအတွက် ရရှိပါတယ်။ သူဟာ မှန်ကန်တဲ့ စစ်တမ်းကို မရရှိပါဘူး။ သူ့ရဲ့ကိုယ်ပိုင် သူထုတ်လုပ်ထားတဲ့ သူစစ်တမ်းရှိပါတယ်။ လူတစ်ဦးစီကလည်း သူတို့ရဲ့စစ်တမ်း အမျိုးအစားနဲ့သူတို့ရှိနေပါတယ်။

စီးကရက်ကုမ္ပဏီတစ်ခုစီဟာ သူတို့ စီးကရက်ကုမ္ပဏီတစ်ခုစီအတွက် သူတို့ဝါကြွားပါတယ်။ သူတို့ ဘာလုပ်နိုင်တယ် ဆိုတဲ့ အကြောင်းတွေ သူတို့ပြောပါတယ်။ တစ်ကယ်စစ်မှန်တဲ့ အချစ်ဘဲဖြစ်ပါတယ်။ အဲဒါကတော့ အကောင်းဆုံး အစစ်ဘဲ ဖြစ်တယ်။ အားလုံးကတော့ ထိပ်တန်းကဘဲဖြစ်တယ်။ စသည်ဖြင့် ပြောကြပါတယ်။ အရသာကနေ အရသာက ဒီကနေ လာတယ်။ တစ်စုံတစ်ခုယူလာတယ်။ တစ်ကယ့်ကို ထိပ်တန်းကလာတယ် ဆိုပြီးတော့ ပြောပါတယ်။ သူတို့ပြောတဲ့ စကားအရသာဆိုရင် တစ်ကယ့်ကို ထိပ်တန်းစာရင်း ဝင်ဖြစ်ပါတယ်။ ဒါပေမဲ့လည်း နောက်ဆုံးမှာ ဘယ်လိုအဆုံးသတ်တယ် ဆိုတာကိုပြောသလဲ။ လူတစ်ဦးက စဉ်းစားတတ်တဲ့သူ သေချာတယ်၊ အမျိုးသမီးတစ်ဦး ကလည်း စဉ်းစားတတ်တာ သေချာတယ်။ သူတို့ ပြောတဲ့အရာ အဲဒီမှာရှိနေပါတယ်။ လူတွေကို လှည့်ဖျားနေခြင်း ဖြစ်ပါတယ်။

28 ၂၈။ ယခုအခါမှာ ကျွန်တော်တို့တွေ့ရှိရပြီဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်ကာလမှာ လူတွေဟာ အရသာကို ရသွား ပါပြီ။ လူတစ်ဦးက ဘာကြောင့် စီးကရက်သောက်သလဲ။ အဲဒါကတော့ အရသာကို သူတို့ ကျေနပ်မိကြအောင်ဘဲ ဖြစ်ပါတယ်။ အမျိုးသမီးတွေက လည်း ဘာကြောင့် စီးကရက်တွေ သောက်ကြသလဲ။ အရသာခံဘို့အတွက်ဘဲ ဖြစ်ပါတယ်။

အသင်းတော်ကနေပြီးတော့ အဲဒါကို ထိုးပြနိုင်တယ်ဆိုရင် ဘာသာရေးအုပ်စုတစ်စု ကနေပြီးတော့ လူတွေကို ဖယ်နိုင်မယ်မထင်ဘူးဆိုရင် သူတို့ အနေနဲ့သူတို့မှာရှိတဲ့ စစ်တမ်း အမျိုးအစားရှိရပါမယ်။ လူတွေကို အရသာပေးရမှာဘဲ။ သူတို့ လိုလားတဲ့ အရသာကို ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့သူတို့ ဘာမှအရသာမရဘူး။ သူတို့လိုချင်တဲ့ အရသာ မရဘူးဆိုရင် သူတို့ဟာ စီးကရက်ကို သောက်ချင်မှာ မဟုတ်ပါဘူး။ သူတို့ဟာ ဘာသာရေးမှာ သူတို့လိုချင်တဲ့ အရသာကို သူတို့မရဘူးဆိုရင် သူတို့ ဘာသာရေးကို လက်ခံတော့မှာ မဟုတ်တော့ပါဘူး။ အဲဒီလိုဘဲ ရိုးရှင်းစွာဘဲ ဖြစ်ပါတယ်။ အမျိုး သမီးတွေဟာလည်း ဘောင်းဘီတို လေးတွေနဲ့၊ ဆံပင်တိုလေးတွေနဲ့ မျက်နှာကိုလည်း ဆေးဆိုးပန်းရိုက် ဝတ်စားဆင်ယင် မှုတွေကလည်း အရမ်းကို လွန်စွာဖောက်ပြားနေတယ်။ သူတို့ အဲဒါကို နှစ်သက်ပါတယ်။ သူတို့ အဲလိုဘဲ လုပ်ချင်ပါတယ်။ ယနေ့မနက်ကျွန်တော် ပြောခဲ့သလိုဘဲ ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျွန်တော် ပြောသကဲ့သို့ဘဲ ဖြစ်ပါတယ်။ အဲဒီဘိန်းလုံးကြီး လှည်းဘီးကြီး အလယ်တည့်တည့်မှာ ဟိုးအထဲမှာဆိုရင် ဒီဝိညာဉ်ရဲ့ဟိုးအတွင်းထဲမှာဆိုရင် စိတ်ဝိညာဉ်ရှိပါတယ်။

အဲဒါစိတ်ဝိညာဉ်ရဲ့အပြင်ဘက်မှာတော့ ဝိညာဉ်ရှိပါတယ်။ စိတ်ဝိညာဉ်နဲ့ကိုယ်ခန္ဓာရဲ့ကြားမှာဆိုရင် လုံးဝကို ဝိညာဉ်တော်ရဲ့ဘိသိတ်ကို ရရှိနိုင်ပါတယ်။ ခင်ဗျားတို့အားလုံး အဲဒါကို နားလည်ပါသလား¿ ပရိတ်သတ်ကလည်း အာမင်ဟု ဆိုပါတယ်။ (အယ်ဒီတာ)

29 ၂၉။ သတင်းစကားနဲ့ပတ်သက်လို့ဆက်လက်ပြီးတော့ ပြောရမယ်ဆိုရင် ဒီကမ္ဘာလောကကြီးရဲ့ဘုရား နောက်ဆုံးသော နေ့ရက်မှာ ဘိသိတ်ခံရသူများ အဲဒါတွေရဲ့သတင်းစကားတွေရဲ့နောက်ဆက်တွဲဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ အပြင်ဘက်က အကြောင်းနဲ့အတွင်းထဲက စက်ဝိုင်းနဲ့အကြောင်းဘဲဖြစ်ပါတယ်။ ပထမစက်ဝိုင်းကတော့ လူသားတွေ အာရုံခံစားမှုဘဲ ဖြစ်ပါတယ်။ ဒုတိယစက်ဝိုင်းကတော့ ဝိညာဉ်တော်ရဲ့အာရုံခံစားမှုဘဲ ဖြစ်ပါတယ်။ မိမိရဲ့စိတ်ဆန္ဒ၊ မိမိကိုယ်ရဲ့ဆန္ဒ၊ ဆုံးဖြတ်ချက်ချခြင်း၊ လိုလားမှု၊ တပ်မက်မှု၊ စသည်တို့ဘဲ ဖြစ်ပါတယ်။ အဲဒီ စိတ်ဝိညာဉ်ရဲ့အတွင်းမှာတော့ ရွေးချယ်သတ်မှတ်ခြင်း ခံရတဲ့အရာရှိပါတယ်။ အဲဒါကတော့ စိတ်ဝိညာဉ်နဲ့ဘဲ ဆိုင်ပါတယ်။ ဒါကြောင့်မို့ဒီဝိညာဉ်ကို သူတို့ ဘိသိတ်ပေးနိုင် ပါတယ်။

အပြင်ကိုယ်ခန္ဓာက အတွင်းထဲကဝိညာဉ်ကို နာခံမှု ပြုလုပ်လို့ရပါတယ်။ ဒီစိတ်ဝိ ညာဉ်က အပြစ်လုပ်မယ်ဆိုရင် အဲဒီစိတ်ဝိညာဉ်ဟာ အသေခံရမှာ ဖြစ်ပါတယ်။ အဲဒီ စိတ်ဝိညာဉ်က ငြင်းပယ်တယ်၊ မယုံကြည်ဘူး။ ဘုရားသခင် နှုတ်ကပတ်တော်ကို လက်မခံဘူးဆိုရင် ဘုရားသခင်ရဲ့ဝိညာဉ်ကလည်း တစ်စိတ်တစ်ဒေသဖြစ်တဲ့အတွက် အဲဒီစိတ်ဝိညာဉ် ဟာ ထာဝရအမြဲဘဲ မယုံကြည်ခြင်းကြောင့် ငြင်းပယ်ခြင်း ခံရမှာ ဖြစ်ပါတယ်။

ကျွန်တော်ဟာ ထာဝရသေခြင်းကို ယုံကြည်ပါတယ်။ ထာဝရကောင်းကင်ကို ကျွန်တော် ယုံကြည်သကဲ့သို့ဘဲ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ ထာဝရငရဲကိုတော့ ကျွန်တော် မယုံကြည်ပါဘူး။ ထာဝရငရဲကဲ့သို့သောအရာ မရှိပါဘူး။ လူတွေအ တွက် ထာဝရသေ ခြင်းဆိုတာ ရှိပါတယ်။ သူတို့တော်တော်များများဟာ ဘာသာတရားကိုင်းရှိုင်းပါတယ်။ ဒီနေ့ကမ္ဘာ လောကကြီးမှာ အသက်ရှင်နေတဲ့သူတွေဟာ အမြဲတမ်းဘဲ သေကြရပါတယ်။

လောကစည်းစိမ်ချမ်းသာနဲ့အသက်ရှင်နေတဲ့ အမျိုးသမီးတွေဟာ ဆံပင်တိုတိုညှပ် ထားတယ်။ သူမဟာ မျက်နှာချေတွေ လိမ်းထားလျှက်ပင် သေနေပါတယ်။ သမ္မာကျမ်းစာဆို ထားတာကတော့ သူမဟာ ဘာသာတရား ကိုင်းရှိုင်းတယ်။ ဒါပေမဲ့ ဘယ်တော့မှ ကယ်တင်ခြင်း မရပါဘူး။ ပြင်ပအသွင်သဏ္ဍာန်ဘဲ ရှိပါတယ်။ သူမဟာ ကွာယာဆိုမယ်။ ဝိညာဉ်တော် ၌ကခုန်မယ်။ အခြားသောဘာသာစကားပြောမယ်။ ဝိညာဉ်တော်ဖေါ်ပြခြင်းတွေ အားလုံးကိုလည်း သူမရရှိထားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အတွင်းထဲမှာရှိတဲ့ စိတ်ဝိ ညာဉ်ကတော့ ဘုရားသခင် သမီးမဖြစ်ဘူးဆိုရင် သူမအသက်တာ ဆုံးရှုံးရမှာ ဖြစ်ပါတယ်။ သူမဘာဘဲလုပ် လုပ် ဆုံးရှုံးမှာဘဲ ဖြစ်ပါတယ်။ ကြသရေလကတော့ အားလုံးအပြင်ပန်းမှာ ဝိညာဉ်ရေးရာနဲ့ပြည့်ဝနေပါတယ်။ ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းတွေနဲ့ အားလုံးဟာ ပြည့်ဝနေပါတယ်။ ဘုရားကို သူတို့တအား ချစ်ခင်လေးစားပါတယ်။ ဒါပေမဲ့လည်း ဘာမှ အကျိုးမရှိပါဘူး။ သူတို့ အတွင်းထဲကနေပြီးတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သူတို့ လက်မခံနိုင်ပါဘူး။

30 ၃၀။ ကြသရေလလူမျိုးများသည် ဝိညာဉ်ရေးရာ အပြင်ပန်းသဏ္ဍာန်အားဖြင့် ဘုရားသခင်၏ ကောင်းမြတ်ခြင်း ပြည့်ဝခြင်း နှင့်ဘုရားသခင်ကို မည်ကဲ့သို့လေးစားရမည်ကိုသိသော် လည်း မပြုလုပ်ကြပါ။ အကြောင်းမှာ သူတို့၏အတွင်း၌ နှုတ်ကပတ်တော်မရှိသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း သင်ဟာ ဘုရားသခင်ရဲ့ဝိညာဉ်တော်အားဖြင့် မွေးဖွားလာ တယ်ဆိုရင် သင်ဟာ ဘုရားသားဖြစ်ပြီးတော့ အမြဲတမ်းဘဲ ဘုရားသား ဖြစ်နေမှာ ဖြစ်ပါတယ်။ နောင်ကိုလည်း အမြဲတမ်းဘဲ ဘုရားသား ဖြစ်မှာပါ။ ဘယ်လိုနည်းနဲ့မှ ခွဲထုတ်လို့မရပါဘူး။ သင့်မှာ ထာဝရအသက်ရှိပါတယ်။ ထာဝရအသက်မှာ အစမရှိသလို အဆုံးလည်း မရှိပါဘူး။

31 ၃၁။ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ကျွန်ုပ်တို့ကို နားလည်မှုပေးမှာ ဖြစ်ပါတယ်။ ထိုကြီးမားသော နက်နဲသောအရာများကို ကိုယ်တော်ရှင် နားလည်ခွင့်ပေးမှာ ဖြစ်ပါတယ်။ ပေါလုပြောသကဲ့သို့ပင် ဧဖက်ဩဝါဒစာစောင်ထဲမှာ ပါတဲ့ အတိုင်းဘဲ ခင်ပွန်းနဲ့ဇနီးသည်များအတွက် ပြောဆိုထားခြင်းဘဲ ဖြစ်ပါတယ်။

နက်နဲသောအရာ ဖြစ်ပါတယ်။ ဇနီးသည်ဖြစ်သူက ခင်ပွန်းသည်ကို လေးစားနာခံ ရမှာ ဖြစ်ပါတယ်။ ဒုတိယနေရာမှာ ရှိသော်လည်း ကျွန်တော် ယုံကြည်ပါတယ်။ သမ္မာကျမ်း စာတစ်အုပ်လုံးကို ယုံကြည် ပါတယ်။ အဲဒီ လေးစားလိုက်နာမှုက ဘာကိုဆိုထားသလဲဆိုရင် အမျိုးသမီးတစ်ဦးဟာ သူမရဲ့လေးစားမှု၊ ခင်ပွန်းသည်အပေါ်မှာ သူမရဲ့လေးစားမှုဘဲ ဖြစ်ပါ တယ်။ ခင်ပွန်းဖြစ်သူက လည်း သူ့ဇနီးသည်ရှေ့မှာ သူ့ကို ခင်ပွန်းသည်လေးစားလောက်အောင်ကို နေရမှာဖြစ်ပါတယ်။ ဘုရားသားတော်အဖြစ် နေကြရမှာ ဖြစ်ပါတယ်။ အဲလိုအ သက်တာမျိုး မနေဘူးဆိုရင် သူမက သူ့ကို လေးစားမှာ မဟုတ် ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူဘယ်လို ပုံစံဖြစ်နေသလဲဆိုတာ ဇနီးသည်က သိနေပါတယ်။ သို့သော်လည်း အမျိုးသမီးက အမျိုးသားကို လေးစားတယ်ဆိုရင် လေးစားခြင်းဟာ သန့်ရှင်းစင်ကြယ်စေပါတယ်။ သူ့ရဲ့ဇနီးနဲ့ သူ့ရဲ့မိသား စုရှေ့မှာ လေးစားမှုရှိပါတယ်။ ဘုရားရဲ့အစေခံကျွန် မှန်ပါတယ်။ အမျိုးသမီးနဲ့ကလေးငယ်များဟာ အားလုံးဟာ ဘုရားရဲ့အစေခံ များအဖြစ် သူ့ကို လေးစားပါတယ်။ လေးစားခြင်းနဲ့ထိုက်တန်မှာ ဖြစ်ပါတယ်။

32 ၃၂။ အခုအခါမှာ အမျိုးသမီးတွေဟာ ဆံပင်တိုတိုဖြတ်ချင်တယ်။ ဘောင်းဘီတိုလေးတွေ ဝတ်ချင်တယ်။ မျက်နှာကို လည်း မိတ်ကပ်လိမ်းချင်ပါတယ်။ ဒီလို ဘီကနီဝတ်စုံလေးတွေ သူတို့ဒီကနေ့ဝတ်စားဆင်ယင်မှုတွေဟာ သူတို့လုပ်ချင်တဲ့ အရာဘဲ ဖြစ်ပါတယ်။ အဲလိုလုပ်သည့်တိုင်အောင်လည်း သူတို့ဟာ ဘုရားကျောင်းကို သွားချင်ကြပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်က ဘိသိတ်ပေးပါတယ်။ ဝိညာဉ်ကို ဘိသိတ်ပေးခြင်း ဖြစ်ပါတယ်။

ခရစ်ယာန်ဖြစ်ချင်တယ်ဆိုရင် ဒီအရာတွေကို လုပ်ပါ။ ကိစ္စမရှိပါဘူးလို့သင်းအုပ်ဆရာက ခွင့်ပြုပါတယ်။ အဲဒါက ကိစ္စမရှိပါဘူးလို့ သူပြောတယ်ဆိုရင် သင်ဟာ အသင်းသား ဖြစ်နိုင်တယ်။ ငါတို့ဒီနေ့အသင်းတော် စာအုပ်ထဲမှာ သင့်နာမည်ကို ထိုးထားတယ်။ ကိစ္စမရှိဘူးလုပ်နိုင်တယ်လို့ပြောရင် သူမကို သူကဂိုဏ်းဂဏဆိုင်ရာ အစစ်ကို ပေးနေခြင်းဘဲဖြစ် ပါတယ်။ လောကဆိုင်ရာ

အမျိုးသမီးရဲ့အရသာနဲ့သင့်လျော်မဲ့အစစ်ကိုပေးခြင်းဖြစ်ပါတယ်။ သူမက လောကအရာကို ကြိုက်ပါတယ်။ လောကရဲ့အရသာကို သူမနှစ်သက်ပါတယ်။ ဒါကြောင့်မို့လို့သူမှာ သူမအတွက် အစစ်ရှိပါတယ်။ ဒါပေမဲ့လည်း သူမဟာ စဉ်းစားတတ်တဲ့ အမျိုးသမီးတစ်ယောက်အတွက် တော်တော်ကို ဝေးကွာနေပါသည်။ ဒါပေမဲ့လည်း သင်အဲဒီ မှာ ရှိပါတယ်။ ကျွန်တော် ဒီကျမ်းပိုဒ်နဲ့ ပတ်သက်လို့တွေ့ရှိတဲ့အရာဘဲ ဖြစ်ပါတယ်။

သူမဟာ စဉ်းစားတတ်တဲ့ အမျိုးသမီးတစ်ယောက် မဟုတ်ပါဘူး။ သူမဟာ စဉ်းစားတတ်တယ်ဆိုရင် နောက်ဆုံးသော နေ့ရက်ကာလမှာ အသင်းတော်က သူမကို တရားစီရင်မှာ မဟုတ်ဘူးဆိုတာကို သူမသိမှာဖြစ်ပါတယ်။ ယခုအခါမှာ အသင်းတော်က သူမကို စီရင်ချက်ချနေပါတယ်။ သူမရဲ့အသင်းသား အရေအတွက်အားဖြင့်ဘဲ ဖြစ်တယ်။ သူ မရဲ့သစ္စာရှိမှုနဲ့လည်း ပတ်သက်ပါတယ်။ သူမဟာ တစ်ခြားအဖွဲ့အစည်းတွေနဲ့သက်ဆိုင်တယ်။ အဲဒီအသိုင်းကို သစ္စာရှိတယ် ဆိုတာတွေနဲ့ပတ်သက်လို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ သူမကို စီရင်ချက် ချပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်က နောက်ဆုံးသောနေ့ရက် ကာလမှာဘဲ သူမကို တရားစီရင်မှာ ဖြစ်ပါတယ်။ သူမဟာ အဲဒါကို မစဉ်းစားတတ်ပါဘူး။

33 ၃၃။ စီးကရက်သောက်တတ်တဲ့သူ တစ်ယောက်လိုဘဲ ဖြစ်ပါတယ်။ သူက စီးကရက်တွေ ကို သိပ်နှစ်သက်ပါတယ်။ နောက်ဆုံး သူဘယ်လိုစဉ်းစားသလဲဆိုတော့ သူဟာနီကိုတင်းခါတ်ရဲ့ထုံထိုင်းမှုကို ခံစားသွားရပါတယ်။ အမျိုးသမီးတစ်ဦးရဲ့ဆန္ဒကတော့ သူမရဲ့စဉ်းစားမှုတွေ နဲ့ထုံသွားပါတယ်။ ဒီအရာတွေကို သူမက ပြုလုပ်မယ်။ ကိုယ်တော်ရှင် ရှေ့တော်မှောက်မှာ လည်း မကောင်းဘူးဆိုတာ သူမ သိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမက လုပ်ချင်လို့ဘဲ ဖြစ်ပါတယ်။ လောကဇာတိကို နှစ်သက်တဲ့ အမျိုးသမီးကို ကြေနပ်စေမှာ ဖြစ်ပါတယ်။ ဒါ ကြောင့်မို့လို့သူက လောကအစစ်ကို သူက ယူလိုက်ပါတယ်။ အဲဒီအစစ်ကနဲ့သူက မိမိကိုယ် ကို ဖြတ်သန်းလိုက်ပါတယ်။ ကောင်းတယ်၊ ဘာမှ ဂရုစိုက်စရာမလိုဘူးလို့သူမက ယူဆ လိုက်ပါတယ်။

ယခုအခါမှာ ကျွန်တော်တို့ဟာ အမှန်တရားကိုသိပါတယ်။ သင်းအုပ်ဆရာက ပြောပါတယ်။ အဲဒါကိစ္စ မရှိပါဘူး။ ကျွန်တော်တို့ဟာ အဲဒီ အမျိုးသမီး အဲဒီလိုလုပ်တာကိုစီရင် ချက်မချပါဘူး။ ကိစ္စမရှိပါဘူးလို့လည်း ပြောပါတယ်။ အဲဒီအထဲမှာ အပြစ်အလုံအလောက် ရှိနေပါတယ်။ သူ့ရဲ့အစစ်ထဲမှာဘဲ ဖြစ်ပါတယ်။ သူတို့ဟာ သိဩ်ဘော်လော်ဂျီဆိုင်ရာ အစစ်နဲ့ဖြတ်သန်းသွားပါတယ်။ သိဩ်ဘော်လော်ဂျီအရာသာကို သူ တို့ သိပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်အစစ်အားဖြင့် သူ တို့ ဖြတ်သန်းသွားလာခြင်း မဟုတ်ပါဘူး။ လုံးဝမဟုတ်ပါဘူး။

34 ၃၄။ သိဩ်ဘော်လော်ဂျီအစစ်က သိဩ်ဘော်လော်ဂျီအတွေးအခေါ်သမားအတွက် ဖြစ်မယ်ဆိုရင် အဲဒီမှာ အသင်းတော်က လည်း အစစ်ရှိမှာပါ။ သိဩ်ဘော်လော်ဂျီအတွေးအတွက် အသင်းတော်အစစ်ဘဲ ဖြစ်ပါတယ်။ စီးကရက်အစစ်က စီးကရက်အ တွက် စဉ်းစားသူ ဖြစ်သလိုဘဲ တစ်ကယ့်အစစ်တစ်နေရာရာမှာ တစ်ကယ်စဉ်းစားတတ်တဲ့သူ တစ်ယောက်ရှိပါတယ်။ ဘုရား သခင်ထံမှာ အစစ်ရှိပါတယ်။ အဲဒါကတော့ နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ ခွဲခြားသတ်မှတ်မဲ့သူဘဲ ဖြစ်ပါတယ်။ အဲဒီအစစ်ကတော့ အပြစ်ကနေ ခွဲခြားပေးမဲ့ နေရဘဲ ဖြစ်ပါတယ်။ ယခုအခါမှာ စဉ်းစားတတ်တဲ့သူ ဒါမှမဟုတ် သန့်ရှင်းတဲ့သူတစ်ယောက် ရဲ့အစစ်ဘဲဖြစ်ပါတယ်။

လူတစ်ယောက်ဟာ ဒီလောကဆိုင်ရာ အစစ်အားဖြင့် ဖြတ်သွားမယ်ဆိုရင် သူ့မှာ လောကဆိုင်ရာ အရသာရှိပါတယ်။ ဆေးရွက်ကြီးကုမ္ပဏီကဲ့သို့ဘဲ ဖြစ်ပါတယ်။ သူက သူ့ရဲ့အ သင်းတော်မှာ အသင်းသားတွေ ပိုရရှိပါတယ်။ အဲဒီအစစ်အားဖြင့် တွန်းလိုက်ခြင်း ဖြစ်ပါတယ်။ သူတို့က ပြောကြမှာ ဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ ဘုရားကျောင်းကို သွားကြပါတယ်။ အမျိုးသားတွေထက်ပိုပြီးတော့ သွားနိုင်ပါတယ်။ ဖြစ်နိုင်ပါတယ်။ အဲဒါက တစ်ကယ်အမှန်တရားဘဲ ဖြစ်ပါတယ်။ သူမက သွားပြီးတော့ သူမလုပ်ချင်တာ လုပ်နိုင်တာဘဲ ဖြစ်ပါတယ်။ သူမလုပ်မှာ ဖြစ်ပါတယ်။ သူမက ဘာနဲ့ဘဲဖြစ်ဖြစ် ပေါင်းစပ်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း သူမက အသင်းတော် အစစ်အားဖြင့် ဖြတ်သန်းသွားခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အစစ်အားဖြင့် ဖြတ်သန်းသွားတဲ့အခါမှာ သူမဖြတ်ထွက်လာတဲ့အခါမှာ ထူးခြားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အစစ်အားဖြင့် မသွားနိုင်ဘူးဆိုရင် ပေါ်ထွက်လာတဲ့ အခါမှာ ဆံပင်တိုတိုလေးဘဲ ဖြစ်မှာပါ။ သူမက အဲလိုမျိုး မလုပ်နိုင်ပါဘူး။

35 ၃၅။ ဒီဥစ္စာကတော့ တစ်စုံတစ်ယောက်သူအတွက် ခံပြင်းစရာ ဖြစ်မှာပါ။ ဘုရားသခင် ရဲ့စစ်တမ်းနဲ့စတင်လိုက်မယ်ဆိုရင် သူတို့အတွက် ဆံပင်မညှပ်ရဘူးလို့ဆိုထားမှာ ဖြစ်ပါတယ်။ သူမအတွက်ကတော့ အခြားတစ်ဖက်မှာ ဆန့်ကျင်ဖက်ဖြစ်နေပါ တယ်။ အမျိုးသမီးက ထိုသို့လုပ်တဲ့အခါမှာ အပြစ်ဖြစ်မယ်လို့ပြောပါတယ်။ သူမ အဲလိုလုပ်ရတာ သူမအတွက် အသရေ မရှိပါဘူး။ သူမလုပ်ချင်တယ်ဆိုရင် သူကပြောမှာ ဖြစ်ပါတယ်။ သူမဆံပင်ကို ဖြတ်ရမှာ ဖြစ်တယ်လို့ပြောရမှာဖြစ်ပါတယ်။ ဒါဆိုရင် ခေါင်းရိတ်လိုက်ပါလို့ပြောမှာဖြစ်ပါတယ်။ အမျိုးသမီးက ခေါင်းကို ရိတ်လိုက်တယ်ဆိုရင် ရှက်ဖွယ်ဖြစ်တယ်လို့ဆိုထားပါတယ်။ ဒါကြောင့်မို့လို့သူမခေါင်းအုပ်ထားရမှာဖြစ်ပါတယ်။ သူမရဲ့ဆံပင်ကတော့ သူမရဲ့ဖုံးအုပ်ခြင်း ဘဲဖြစ်ပါတယ်။ ဦးထုပ်မဟုတ်ပါဘူး။ သူမရဲ့ဆံပင်က သူမကို အုပ်ခြင်းဘဲ ဖြစ်ပါတယ်။ သမ္မာကျမ်းစာဆိုထားတဲ့အတိုင်း မှန်ကန်ပါတယ်။ သူမဟာ ကိုယ်တော်ရှင်အတွက် နာဇရက် လူသားဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက်အတွက် ဆံပင်ရှည်တဲ့ အဓိပ္ပါယ်ကတော့ ကိုယ်တော်ရှင်အတွက် နာဇရက်လူမျှား ဖြစ်ပါတယ်။ အဲဒါမှန်ကန်တယ်ဆိုတာကို ကျွန် တော် တို့ တွေ့ရပါတယ်။

စဉ်းစားတတ်တဲ့လူတစ်ယောက်ကို ကျွန်တော်တို့တွေ့ရှိမယ်ဆိုရင် ဒီလောကနဲ့ပတ်သက်လို့စီးကရက်သောက်တယ်၊ ဒါပေမဲ့လည်း အရသာမရှိဘဲ ဖြစ်သလို သူ့အနေနဲ့အာရုံကို ရရှိစေခြင်းဘဲ ဖြစ်ပါတယ်။ ကတ္တရာစေးကနေ ဆေးရွက်ကြီးကို သူကရရှိနေခြင်းဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အဲဒီအတိုင်းဘဲ ဖြစ်ခဲ့တယ်ဆိုရင် သူ့ကို ပိုပြီးတော့ အများကြီးရောင်း ပေးရမှာ ဖြစ်ပါတယ်။ သူလည်းပိုပြီးတော့ စီးကရက်တွေကို ဝယ်မှာဖြစ်ပါတယ်။

36 ၃၆။ အသင်းတော်ရဲ့အစစ်ကတော့ အသင်းသားတွေရရှိပြီးတော့ အကယ်၍သူတို့ကို ခွင့်ပြုပြီးတော့ စီးကရက်တွေ သောက်ခွင့်ပေးတယ်ဆိုရင် သူတို့အနေနဲ့လည်း ဆက်ပြီး အသင်းသားတွေအဖြစ် ခံယူနိုင်မယ်ဆိုရင် အသင်းတော်မှာ အသင်းသားဦးရေ

ပိုမိုပြီးတော့ ရရှိမှာဖြစ်ပါတယ်။ ဘုရားကျောင်းကို ကျွန်တော်တို့ယနေ့သွားပြီးတော့ လူတိုင်းကိုစစ် ထုတ်မယ် ဆိုရင် တစ်ကယ်နှုတ်ကပတ်တော်နဲ့လက်ခံတဲ့ ခရစ်ယာန်တွေကို စစ်ထုတ်လို့ရ ပါတယ်။ ဒီနေ့ညမှာ ဘာမှမရှိတဲ့ ဗလာဖြစ်နေတဲ့ တရားဟောချက်တွေ နံရံပေါ်မှာအများ ကြီးတွေ့ရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ စစ်မှန်တဲ့အ စစ်အားဖြင့် စစ်လိုက်လို့ဘဲ ဖြစ်ပါတယ်။

အကယ်၍ ကျွန်တော့်ရဲ့နှလုံးသားထဲမှာ ဆန္ဒတစ်ခုရှိမယ်။ နောက်ပြီးတော့ လူတိုင်း နားထောင်မယ်လို့ကျွန်တော် မျှော်လင့်ပါတယ်။ ကျွန်တော့်ကဲ့သို့ဘဲ ဆန္ဒရှိမယ်ဆိုရင် ကိုယ်တော်က ကိုယ်တော်ရှင်ရဲ့အစစ်အားဖြင့်ဘဲ ကျွန်တော့်ကို စစ်ပါ။ ဒါဝိဒ်မင်းကြီးပြောသလိုဘဲ ကျွန်တော့်ကို စစ်ဆေးပါ။ ကျွန်တော့်ကို သေသေချာချာ ကိုယ်တော်ရှင်သက်သေပြပါ။ ကျွန်တော့်အထဲမှာ မကောင်းမှု ရှိမယ်ဆိုရင် ကိုယ်တော်ရှင် အဲဒီမကောင်းမှုတွေကိုထုတ် ယူလိုက်ပါလို့ဆိုထားပါတယ်။ ကျွန်တော်က ဘုရားသခင်ရဲ့အစစ်ကိုလိုချင်ပါတယ်။ ကမ္ဘာလောကကြီးက ဘာပြောပြော ဂရုမစိုက်ပါဘူး။ အသင်းတော်မှာ ရှိတဲ့အရာကို ကျွန်တော် ဂရုမစိုက်ပါဘူး။ ကျွန်တော်ကတော့ စဉ်းစားတတ်တဲ့လူတစ်ယောက် ဖြစ်ချင်ပါတယ်။ ကျွန် တော်ဟာ ဘယ်သူ့နားမှာ ရပ်တည်ရမလဲဆိုတာကို စဉ်းစားရမှာ ဖြစ်ပါတယ်။ တရားစီရင် ခြင်းကာလအတွက် ဒီနေ့ရက်ကာ လတွေမှာဘဲ ဖြစ်ပါတယ်။

37 ၃၇။ ဆေးရွက်ကြီး ကုမ္ပဏီကတော့ စီးကရက်တွေ ပိုပြီးများများ ရောင်းချချင်ပါတယ်။ အသင်းတော်ကလည်း အသင်း သားတွေ ပိုပြီးများများ လိုချင်ပါတယ်။ အမျိုးသမီးတွေက ဆံပင်တိုတိုလေးတွေနဲ့ဘောင်းဘီတိုလေးတွေ ဝတ်တယ်၊ ဘုရားသခင်ရဲ့စစ်ထဲမှာ စစ်မိနေမှာ ဖြစ်ပါတယ်။ သူမကတော့ အဲဒီအဆင့်ကို ဖြတ်သွားနိုင်ပြီးတော့ ဆံပင်တိုတွေနဲ့ဘယ်လို မှ မဖြစ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သမ္မာကျမ်းစာဆိုထားတာကတော့ အဲလိုမလုပ်ရဘူးလို့လည်း ဆိုထားပါတယ်။ သူမရဲ့ဦးခေါင်းကို သူမက အသရေရှုံ့ချချင်လို့ ဖြစ်ပါတယ်။ ကျွန် တော်တို့လည်း သိသင့်ပါတယ်။ ဒါပေမဲ့လည်း သူက အသင်းတော်ထဲမှာ ပါသွားပါတယ်။ သူတို့အားလုံးပါသွားပါတယ်။

ဘယ်သူ့ကိုမှ ဂရုမစိုက်ခြင်း မဟုတ်ပါဘူး။ ကျွန်တော် လူပုဂ္ဂိုလ်တစ်ဦးစီကို ပြောဆိုနေခြင်း မဟုတ်ပါဘူး။ အသင်း တော်ထဲမှာ ဖြစ်နေတဲ့အပြစ်ကို ပြောနေခြင်းဘဲဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ကျွန်တော့်ကို မှတ်တမ်းပြုစုပေးထားပါ။ ကျွန်တော်က ဘယ်အမျိုးသမီး၊ ဘယ်သူဘယ်ဝါ ဘယ်အမျိုးသား ဘယ်သူဘယ်သူဘယ်ဝါ သိက္ခာတော်ရဆရာ ဘယ်သူ ဘယ်ဝါစသည်ဖြင့် ပြောဆိုခြင်း မဟုတ်ပါဘူး။ အပြစ်ကိုအပြစ်လို့ ပြောဆိုခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော့် ရဲ့မိသားစုထဲမှာလည်း ဖြစ်မယ်ဆိုရင် ကျွန်တော့်အထဲမှာ ဖြစ်နေခြင်းဘဲဖြစ်ပါတယ်။ ဘယ်သူ့အထဲမှာဘဲဖြစ်ဖြစ် အဲဒါက အပြစ်ဘဲဖြစ်ပါတယ်။ လူပုဂ္ဂိုလ် တစ်ဦးစီမဟုတ်ပါဘူး။ လူပုဂ္ဂိုလ်များကို ကျွန်တော် ပြောဆိုနေခြင်းမဟုတ်ပါဘူး။ အပြစ်ကို ဆန့်ကျင်ပြော ဆိုခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဘဲဖြစ်ဖြစ်၊ ဘယ်သူဘဲဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ပါဘူး။ ဘုရားသခင်ရဲ့အသစ်အားဖြင့် စတင်မယ်ဆိုရင် ဘယ်အပြစ်ဘဲဖြစ်ဖြစ် သင့်အတွက် အဲဒီ နေရာမှာ ရပ်တန့်သွားမှာဖြစ်ပါတယ်။

38 ၃၈။ အမျိုးသမီးတစ်ယောက်က ဆံပင်တိုတို ညှပ်ချင်တယ်၊ ဘောင်းဘီတိုလေးတွေဝတ် ချင်တယ်။ မိတ်ကပ်ချယ်ချင် တယ်ဆိုရင် ပင်တေကုတ္တေအစစ်အားဖြင့် သူဖြတ်လျှောက်ပြီး လုပ်ချင်ရပါတယ်။ အင်မတန် လွယ်ကူပါတယ်။ ကိတ်မုန့်ဖုတ် ရသလိုဘဲ လွယ်ကူပါတယ်။ ဘာမှပြဿနာ မရှိပါဘူး။ တန်းပြီးတော့ သေခြင်းတရားထဲကို ရောက်သွားမှာ ဖြစ်ပါတယ်။ သူမက အဲဒါအန္တရာယ်မရှိပါဘူးလို့ ပြောမှာဖြစ်ပါတယ်။ လောက(သို့) လောကအရာတွေကို သင်ချစ်ခင်မြတ်နိုးတယ်ဆိုရင် ဘုရားသခင်ရဲ့မေတ္တာဟာ သင့်အထဲမှာမရှိလို့ ဖြစ်ပါတယ်။

ဒီဝိညာဉ်အတိုင်းဘဲ သွားမယ်ဆိုရင် သူမရဲ့ဝိညာဉ်ထဲကို သူမက ဆွဲချနိုင်မှာဖြစ်ပါတယ်။ ဘုရားသခင်နဲ့မဆိုင်တဲ့အရာတွေ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ဆန့်ကျင်တဲ့အရာတွေ အဲဒီအရသာတွေ ဝိညာဉ်ထဲမှာရှိရင်ရှိတဲ့အတိုင်း ဖြစ်လာနိုင်မှာ ဖြစ်ပါတယ်။ အရသာအားဖြင့် ရောက်ရှိလာနိုင်မှာ ဖြစ်ပါတယ်။ အရသာဖြစ်ပါတယ်။ စဉ်းစားခြင်းအားဖြင့် ရောက်လာနိုင်ပါ တယ်။ အကြောင်းအကျိုး ပြောဆိုခြင်းအားဖြင့်လည်း ဖြစ်ပါတယ်။ အန္တရာယ်မရှိပါဘူး။ ကျွန်တော် အရသာခံနိုင်ပါတယ်။ ကျွန်တော့်မှာ ခံစားချက်တွေ ရှိပါတယ်။ အဲဒါကိစ္စမရှိဘူးဆိုတဲ့ ခံစားချက် ကျွန်တော့်မှာ ရှိပါတယ်။ သူမကတော့ အဲဒီအ ရာကို တောက်လျှောက် ဖြတ်သန်းသွားလာရပါတယ်။ သူမရဲ့နှလုံးသားထဲ စိတ်ဝိညာဉ်ထဲအထိ ရောက်သွားပါတယ်။ သူ မရဲ့စိတ်ဝိညာဉ်က အဲလိုပုံစံဖြစ်မယ်ဆိုရင်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့စစ်တမ်းအားဖြင့် သူမကို ဖြတ်လျှောက်စစ်ဆေးခြင်း မရှိဘူးဆိုတာကို ဖော်ပြ ခြင်းဘဲ ဖြစ်ပါတယ်။ သူမက ဆံပင်တိုတယ်၊ မိတ်ကပ် လိမ်းတယ်၊ တိုတိုနန့်နန့်လေးတွေ ဝတ်တယ်။ ဘောင်းဘီဝတ်တယ်။ အမျိုးသားနဲ့ပတ်သက်တဲ့အရာတွေ အကုန်လုံးကို လိုက်လုပ်တယ်။ သူတို့ကို ဘယ်လိုဘဲခေါ်ခေါ် အဲဒီအရာတွေနဲ့ထိုအရာတွေကိုလုပ်ပြီးတော့ လောကအတွက် အသက်ရှင်မယ်ဆိုရင် သူမကရပ်တန့်သွားမှာဖြစ်ပါတယ်။ သူမကဘယ်လို မှဖြတ်လျှောက် ပြီးတော့ သွားနိုင်မှာ မဟုတ်ပါဘူး။ အစကတည်းက သူမကို ရပ်ထားမှာ ဖြစ်ပါတယ်။

39 ၃၉။ သတိပြုရမဲ့အရာကတော့ သူမရဲ့နှုတ်ခမ်းနီဆိုးထားတဲ့ နှုတ်ခမ်းလေးကို ကြည့်ပြီးတော့ မိတ်ကပ်ချယ်ထားတဲ့ မျက်နှာကိုကြည့်ပြီးတော့ သူမဝတ်ဆင်ထားတဲ့ တိုနန့်နန့်လေးတွေ၊ ဘီကနီလေး(ရေကူးဝတ်စုံ)တွေကို ကြည့်နေတဲ့ အမျိုး သားကတော့ တစ်ကယ်စဉ်းစားတတ်တဲ့ အမျိုးသား မဟုတ်ပါဘူး။ အဲလိုတစ်ကယ် စဉ်းစားတတ်တဲ့ အမျိုးသားကလည်း သူမကို အဲလိုကြည့်မှာ မဟုတ်ပါဘူး။ အသင်းတော်တစ်ခုရဲ့အသင်းသားတစ်ယောက်က သူမကို ကြည့်ပြီးတော့ နှုတ်သက်မယ်ဆိုရင် သူမ ဘယ်လိုလုပ်ပြီးတော့ မျက်မှန်းတန်းမိသလဲဆိုတာကို ကျွန်တော် ဂရုမစိုက်ပါဘူး။ တစ်ကယ် စဉ်းစားတတ်တဲ့ အမျိုးသားတစ်ယောက်က လှည့်ထွက်သွားမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲ? ဘာကြောင့်လဲဆိုတော့ သူက ဘုရားသခင်အားဖြင့် စစ်ဆေးပြီးသား ဖြစ်လို့ပါဘဲ။ သူမကို ကြည့်ခြင်းအားဖြင့် သူ့ရဲ့စိတ်နှလုံးသားထဲမှာ ပြစ်မှားမိပြီ ဖြစ်ပါတယ်။ သူကတော့ လုံးဝ ပြစ်မှားမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သူမက လုပတယ်လို့လည်း သူထင်မှာ မဟုတ်ပါဘူး။ သူမက လှတဲ့အရာ ဟုတ်တယ်မဟုတ် လားလို့ပြောမှာ ဖြစ်ပါတယ်။ သူ့အတွက်တော့ မဟုတ်ပါဘူး။ သူမက တစ်ကယ်ဘဲ ညစ်ညူး ဘွယ်စိတ်ပျက်ဖွယ် ယေဇဗေလကဲ့သို့ဖြစ်တယ်လို့စဉ်းစားတတ်တဲ့သူက စဉ်းစားမှာဖြစ်

ပါတယ်။ ဘုရားသားတော်ကတော့ သူမကို ရှက်ဖွယ်ဖြစ်အောင် ကြည့်တဲ့အခါမှာ သူမ မိသားစုကို သူပါဝင်ရမှာကို ရှက်နေပါတယ်။ ဒါအမှန်ဘဲဖြစ်တယ်။ ဘယ်လိုဖြစ်နိုင်မှာလဲ ညီမ၊ ဘယ်လိုပြုမူနိုင် မှာလဲ?

သူမက အစစ်တစ်ခုကို ဆွဲထုတ်လိုက်ပါတယ်။သူက တစ်ခြားအစစ်တစ်ခုကနေ ဖြတ်သန်းသွားလာပါတယ်။ သူမက လှပတယ်လို့ သူမထင်ပါဘူး။ လုံးဝမထင်ပါဘူး။ အဲဒါက မလှပပါဘူး။ တစ်ကယ်စစ်မှန်တဲ့ ဘုရားသခင်ရဲ့လူအတွက်ဆိုရင် အလှအပမ ဟုတ်ပါဘူး။

40 ၄၀။ တစ်ချိန်သောအခါမှာ သခင်ယေရှုခရစ်ရဲ့အသွေးတော်ဟာ အစစ်ဖြစ်မလာတဲ့အခါမှာ ဘယ်လိုဖြစ်မလဲဆိုတာကို ကျွန်တော်တို့ မိနစ်အနည်းငယ်အတွင်း ဆက်လက်လေ့လာကြမှာ ဖြစ်ပါတယ်။ ဘုရားသားများဟာ လူ့ရဲ့သမီးများ ကိုကြည့်ပြီးတော့ သူတို့အင်မ တန်လှပတယ်ဆိုတာကို သူတို့တွေ့ပြီးတော့ သူတို့ဇနီးသည်တွေအနေနဲ့လက်ထပ်ယူကြပါ တယ်။ ဘုရားသခင်က အဲဒီအကြောင်းအရာကို လုံးဝခွင့်မလွတ်နိုင်ပါဘူး။ တစ်ဖန် ထို အဖြစ်အပျက်မျိုး ဣသရေလနိုင်ငံမှာ ဖြစ်ပျက်ခဲ့ပါတယ်။ ဘုရားသခင်က လုံးဝခွင့်မလွတ်ခဲ့ပါဘူး။ သူတို့အားလုံးတစ်ယောက်မကျန် ပျက်စီးသေဆုံးသွားကြရပါ တယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ စည်းဝေးပြီးတဲ့အခါမှာ ထွက်လာပါ တယ်။ အဲဒီအခါမှာ လူငယ်လေးတစ်ယောက် ဘုရားကျောင်း နောက်ဖက်မှာ ရပ်နေတာကို တစ်ညမှာ ကျွန်တော်တွေ့ခဲ့ပါ တယ်။ သူဘာပြောသလဲဆိုတော့ လွန်ခဲ့တဲ့ သုံးလေးနှစ်ခန့်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်လို့ သူကပြောပါတယ်။ ခင်ဗျား အဲလိုပြော ရတဲ့အကြောင်းရင်းက ခင်ဗျားက အဖိုးကြီးဖြစ်လို့ဘဲ။ ကျွန်တော်ကတော့ သူတို့ ကောင်းတယ်လို့ဘဲမြင်ပါတယ်။ အဲလို သူပြောတယ်။ ကျွန်တော်ကလည်း ကျွန်တော် စဉ်းစားမိပါတယ်လို့ပြောလိုက်မိပါတယ်။ သူ့ရဲ့အကျင့်ကို ကြည့်လိုက် မယ်ဆိုရင် သူကဘယ်လိုပုံစံမျိုးဖြစ်တယ် ဆိုတာကို ပြောနိုင်ပါတယ်။ ကျွန်တော်ကလည်း ခင်ဗျားကို ကျွန်တော် တစ်ခုပြောပါရစေ။ ခင်ဗျားအသက်ဘယ် နှစ်နှစ်လဲ? အသက်(၃၀)လောက်ရှိပါပြီ။

ကျွန်တော်ကလည်း ပြန်ပြောပါတယ်။ ခင်ဗျားထက် ကျွန်တော် (၁၅)နှစ်လောက် ပိုပြီးတော့ ငယ်ပါတယ်။ ကျွန်တော်လည်း အဲလိုဘဲ တွေးမိပါတယ်။ အဲဒါက ညစ်ညူးမှု မဟုတ်ပါဘူး။စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲဖြစ်ပါတယ်။

41 ၄၁။ အခု သတိထားရမဲ့အ ရာကတော့ သူဟာ ဟာသူ့ရဲ့စိတ်နှလုံးထဲမှာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အားဖြင့် စစ်ပြီးသားဖြစ်မယ်ဆိုရင် ဘုရားသခင်ရဲ့အစစ်နဲ့စစ်ပြီးသားဖြစ်မယ်ဆိုရင် သူမကိုသူက ကြည့်တောင်ကြည့်မှာ မဟုတ်ပါဘူး။ သူမက လှပတယ်လို့သူက ထင်မှာမဟုတ်ပါဘူး။ သူမဟာ ယေဇဗေလဖြစ်တယ်လို့ဘဲ သူက ထင်မှာပါ။ သူ့အတွေး ကတော့ အဲဒီ နီရဲနေတဲ့ နှုတ်ခမ်းတွေရဲ့နောက်ကွယ်မှာ အဆိပ်ဖြစ်စေတဲ့ အစွယ်တွေရှိတယ်။ သူ့ကို အဆိပ်ဖြစ်စေမယ်ဆို တာသူ သိပါတယ်။ သမ္မာကျမ်းစာ ဆိုထားပါတယ်။ သူမရဲ့တံခါးဝတွေကတော့ ငရဲရဲ့တံခါးဝတွေဘဲ ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ လျှောက်သွားတဲ့လူဟာ အသေသတ်ခြင်းခံရမဲ့ နွားကဲ့သို့ဘဲ ဖြစ်တယ်လို့ဆိုထားပါတယ်။ အဲဒါကတော့ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့အစစ်ဘဲဖြစ်ပါတယ်။

ခင်ဗျား ဘာလိုအပ်ပါသလဲ? အမျိုးသမီးဟာ လမ်းကနေ လျှောက်လာပြီးတော့ အဝတ်အစား အဲလိုလုပ်ထားတယ်ဆိုရင် ခင်ဗျားတို့ ခေါင်းကိုလှည့်ပြီး သမင်လည်ပြန်ကြည့် ကြပါတယ်။ သူတို့က စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းကို အသုံးပြုကြပါတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျား အဲလိုလုပ်တဲ့အခါမှာ ခင်ဗျားဟာ ပြစ်မှုကျူးလွန်တဲ့လူတစ် ယောက်ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အစစ်ကနေ ပြောပါတယ်။ အဲဒီလို အမျိုးသမီး တစ်ယောက်ကို တပ်မက်တဲ့ စိတ်နဲ့ကြည့်တဲ့အခါမှာ စိတ်ထဲကနေ သူမကို ပြစ်မှားပြီလို့ ဆိုထားပါတယ်။ ခေါင်းကို လှည့်လိုက်ပါ။ စဉ်းစားတတ်တဲ့သူ သူမထံကနေ ရှောင်ရှားပါ၊ သူမဟာ မလှပပါဘူး။ သူမဟာ မြွေဘဲဖြစ်ပါတယ်။ လိမ်လည်၊ ကောက်ကျစ်၊ လှည့်ဖျား၊ မုသာမာယာ များပြီးတော့ အဆိပ်ပြင်းထန်ပါတယ်။ သူမကိုရှောင်ပါ။

42 ၄၂။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကတော့ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့အစစ်ဘဲဖြစ်ပါတယ်။ အဲဒါကို လူတိုင်း သိပါတယ်။ သင့်ရဲ့စိတ်နှလုံးကို စစ်သွားမှာဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ဘုရားသခင် အားဖြင့် သင်က ဖြတ်သွားရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အစစ်အားဖြင့် စဉ်းစားတတ်တဲ့လူတစ်ယောက်ဟာ ဖြတ် လျှောက်လာတဲ့အခါမှာ သူဟာ သန့်ရှင်းတဲ့လူတစ်ယောက်ရဲ့အရသာကို ရရှိပါတယ်။ အဲဒါအမှန်ဘဲ ဖြစ်ပါတယ်။ ဘုရား သခင် ရဲ့အစစ်အားဖြင့် သင်ဖြတ်လျှောက်လာမယ်ဆိုရင် သင့်ရဲ့အရ သာဟာ သန့်ရှင်းတဲ့ လူတစ်ယောက်ရဲ့အရသာဘဲ ဖြစ်ပါတယ်။ ဖြောင့်မတ်တဲ့ လူတစ်ယောက်ရဲ့အရသာ ဖြစ်ပါတယ်။ ဒီဆောင်ပုဒ်က တစ်ကယ်တမ်း အဆင်ပြေပါတယ်။

ယခုအခါမှာ ကျွန်တော်တို့ဘာတွေ့ရသလဲဆိုတော့ ဣသရေလနိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့ ပုံစံကို တွေ့ရပါတယ်။ ဣသရေလ လူမျိုး ပရိတ်သတ်သာလျှင် ဖြစ်ပါတယ်။ အဲဒါက အကြောင်းရင်းဖြစ်ပြီးတော့ အခုအခါမှာ အဲဒီအကြောင်း ဘာကိုပြောမှာ ဖြစ်ပါတယ်။ အမှုတော်ဆောင်တွေက ဒီအကြောင်းနဲ့ပတ်သက်လို့အငြင်းအခုန်ဖြစ်ပါတယ်။ လက်မခံနိုင်အောင်ဖြစ် ပါတယ်။ ဒါကတော့ ကျွန်တော့်ရဲ့အသင်းသားတွေအတွက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ကို ဘုရားသခင်ပေးတဲ့ အသင်းသားတွေအတွက်ဘဲဖြစ်ပါတယ်။ သူတို့ကို ကျွန်တော်ဟောပြော ခြင်းဘဲ ဖြစ်ပါတယ်။

43 ၄၃။ (ထွက်မြောက်ရာ အခန်းကြီး ၁၉)မှာ အဲဒါကို ကျွန်တော်က ခင်ဗျားတို့အိမ်ပြန်ရောက်တဲ့အခါမှာ အဲဒီကျမ်းပိုဒ်ကို ဖတ်စေချင်ပါတယ်။ ခင်ဗျားတို့အချိန်ရမယ်ဆိုရင် (ထွက် ၁၉)ကို ဖတ်ကြပါ။ အစ္စရေးနိုင်ငံက အပြစ်လုပ်တဲ့ အကြောင်းဘဲ ဖြစ်ပါတယ်။ ပထမဆုံး သူတို့ဟာ အနီရောင် နွားသငယ်ကိုယူပြီးတော့ သူမရဲ့ကြောပေါ်မှာ တံပိုးရှိတယ်။ အဲဒီ တံပိုး ကိုလည်း ယူလိုက်ပါတယ်။ သူမဟာ ဘာတံပိုးကိုမှ ထမ်းတင်ထားခြင်း မဟုတ်ဘူးလို့အမိပ္ပါယ်ရပါတယ်။

အဲဒီနွားကလေးဟာ အနီရောင်နွားကတော့ ယဇ်ပူဇော်ရမဲ့အရောင်ဖြစ်ပါတယ်။ သိပ္ပံပညာရှင်တွေက သင်ဟာ အနီရောင်ကိုရွေးချယ်တယ်၊ အနီရောင်က မည်ကဲ့သို့ဖြစ်တယ်။ ဒါမှမဟုတ် အဖြူဖြစ်တယ်။ စသည်တို့ဖြင့် သိပ္ပံပညာအရ သိနိုင်ပါတယ်။ အနီကို ကြည့်ပါ။ အနီက အနီကို ဖြတ်သန်းပြီးကြည့်ရင် အဖြူကိုတွေ့ရပါတယ်။ သခင်ယေရှုခရစ်ရှိတဲ့အ သွေးကနေတစ်ဆင့် ဖြတ်သန်းပြီး

ကြည့်မယ်ဆိုရင် ကျွန်ုပ်တို့ရဲ့နီတဲ့အပြစ်တွေဟာ နှင်းပွင့်ကဲ့သို့ဖြူပါတယ်။ အနီက အနီကို ဖြတ်သန်းကြည့်ရှုခြင်းဘဲ ဖြစ်ပါတယ်။ ညနေခင်းအချိန်မှာ နွားငယ်ကို သတ်လိုက်ပါတယ်။ ဣသရေလ ပရိတ်သတ်တွေအား လုံးက သတ်ဖြတ် ခြင်းဘဲဖြစ်ပါတယ်။ သူမရဲ့အသွေးတော်ကို (၇)ချက် တံခါးပေါ်မှာ ဆေးသုတ်လိမ်းလိုက်ပါတယ်။ အဲဒီ တံခါးကနေပြီးတော့ ပရိတ်သတ်တွေအားလုံး လျှောက်ပြီး ဝင်ရမှာဖြစ်ပါတယ်။ အသွေးတော်အားဖြင့် ပုံဆောင်ခြင်း ဖြစ်ပြီးတော့ အသင်းတော် (၇)ပါးခေတ်ကာလများကိုလည်း ပုံဆောင်ခြင်းဖြစ်ပါတယ်။

44 ၄၄။ နောက်ပြီးတော့ သူမရဲ့ကိုယ်ခန္ဓာကို ယူပြီးတော့ ဒီနွားရဲ့ကိုယ်ခန္ဓာကို ယူပြီးတော့ မီးရှို့လိုက်ပါတယ်။ ခွာတွေပါပြီး တော့ဘဲ မီးရှို့လိုက်ပါတယ်။ အရေပြားလည်း ပါပါတယ်။ အူတွေလည်း ပါပါတယ်။ အူတွေထဲမှာ ရှိနေတဲ့ နောက်ချေးတွေကအစ ပါပါတယ်။ အားလုံးကို မီးရှို့လိုက်ပါတယ်။ နောက်ပြီးတော့ အဲဒီသန့်ရှင်းတဲ့လူတွေကပါ အဲဒီပြာကို ကောက်ယူပြီးတော့ သန့်ရှင်းတဲ့နေရာ၊ အပြင်ဖက်မှာ ပရိတ်သတ်ရှိတဲ့နေရာမှာ ထားရမှာ ဖြစ်ပါတယ်။ ဣသရေလနိုင်ငံ အနေနဲ့ဒီပုံစံကို တွေ့တဲ့အခါမှာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်က ညစ်ညူးနေတဲ့လက်တွေနဲ့မကိုင်တွယ်ရဘူး။ မယုံကြည်ခြင်းနဲ့မကိုင်တွယ်ရဘူးဆိုတာကို သိရမှာ ဖြစ်ပါတယ်။ သူက သန့်ရှင်းတဲ့သူဖြစ်ရပါမယ်။ သူက သန့်ရှင်း တဲ့သူဖြစ်မယ်ဆိုရင် ဘုရားသခင်ရဲ့အစစ်အားဖြင့် ဖြတ်လျှောက်လာရမှာ ဖြစ်ပါတယ်။ သန့်ရှင်းတဲ့လူ၊ သန့်ရှင်းတဲ့လက် များကို သန့်ရှင်းတဲ့နေရာမှာ ထားရမှာ ဖြစ်ပါတယ်။ ယေဇဗေလတွေ၊ ရစ်ကီးစ်တွေ၊ အဲလိုမျိုး ရှိတဲ့နေရာ အကုန်လုံးရှိပြီးတော့ အကုန်လုံးပါဝင်တဲ့နေရာမျိုးမှာ မဟုတ်ပါဘူး။ အရာခပ်သိမ်း အကုန်လုံးကို အတူတကွ ဆောင်ယူရမဲ့နေရာ မဟုတ်ပါဘူး။ သူတို့ဇနီးသည်တွေနဲ့ခင်ပွန်းသည်တွေနဲ့ညစ်ညူးမှုတွေအမျိုးစုံ ရှိနေတဲ့ နေရာမဟုတ်ပါဘူး။ ကပွဲ တွေသွားမယ်။ ပါတီ တွေသွားမယ်။ ဆံပင်တိုတိုလေးတွေ ညှပ်ပြီးတော့ တိုနန့်နန့်လေးတွေ ဝတ်မယ်။ သူတို့ကိုယ် သူတို့ခရစ်ယာန်လို့ခေါ်ရမဲ့နေရာကို သွားရမှာ မဟုတ်ပါဘူး။ သန့်ရှင်းတဲ့နေရာမှာ ထားရမှာဖြစ်ပါတယ်။ သန့်ရှင်းတဲ့လက်တွေနဲ့ကိုင်တွယ်ရမှာ ဖြစ်ပါတယ်။

ဣသရေလ အပြစ်လုပ်တဲ့အခါမှာ သူတို့မှားတယ်ဆိုတာကို သူတို့ကိုယ်သူတို့ပြန်ကြည့်တဲ့အခါမှာ သူတို့ဒီနွားသငယ်ပေါ်တွေကို ပြာတွေနဲ့ဖြူးရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ ခွဲခြားတဲ့ရေဘဲဖြစ်ပါတယ်။ အပြစ်တွေကို သန့်စင်စေခြင်းဘဲဖြစ်ပါတယ်။

45 ၄၅။ ဒီနေရာမှာ တွေ့ရမဲ့ အရာဘဲဖြစ်ပါတယ်။ ဣသရေလဟာ ဝတ်ပြုကိုးကွယ်ဘို့အတွက် သူတို့ရောက်မလာခင်မှာ ရေခွဲခြားတဲ့ရေကို သူတို့ပထမဆုံးဖြတ်သန်းလာရမှာ ဖြစ်ပါတယ်။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်းဖြစ်ပါတယ်။ ကြားနာခြင်းအားဖြင့် ဖြစ်တယ်၊ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ကြားနာခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါပြီးရင် သူတို့ဟာ ပရိတ်သတ်တွေထဲကို ရောက်သွားပါတယ်။ သွေး(၇)ချက် သုတ်လိမ်းထားတဲ့ နေရာဘဲဖြစ်ပါတယ်။ တစ်စုံတစ်ခုသေ ဆုံးခြင်းဖြစ်ပြီး သူတို့ရှေ့မှာ သူတို့အတွက် အသေခံခြင်းဖြစ်ပါတယ်။ သူတို့ဟာ နှုတ်ကပတ်တော်ကို ကြားနာခြင်း အားဖြင့် ခွဲခြားခံရပါတယ်။ ခွဲခြားတဲ့ရေဘဲဖြစ်ပါ တယ်။ သူတို့ဟာ မိဿဟာယဖွဲ့ခြင်းထဲကို ရောက်သွားပါတယ်။

ဘုရားသခင်က လူတစ်ယောက်ကို တွေ့ဆုံဘို့ရန်အတွက် တစ်ခုတည်းသောနေရာ မှာ ထိုပုံစံအတိုင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်က သူ့အား ဘယ်နေရာမှာမှ မတွေ့ပါဘူး။ အဲဒီအစီအစဉ်အတိုင်းဘဲ လာရမှာ ဖြစ်ပါတယ်။ ဣသရေလကို တစ်နေရာထဲမှာသာ ဆုံတွေ့ ရပါမယ်။ ဘုရားသခင်က သင့်အားတွေ့ဆုံတဲ့အခါမှာလည်း တစ်နေရာထဲမှာ တွေ့ဆုံပါ တယ်။ သခင်ယေရှုအထဲမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ခြားနားထားတဲ့ ရေဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ရဲ့အသွေးတော်က အသင်းတော်ခေတ်ကာ လ(၇)ပါးစလုံးအတွက် သွန်းလောင်းထားပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်တို့ဟာ မိဿဟာရထဲကို ရောက်ရှိကြပါတယ်။ အသင်းတော်ကိုသာ ပေးအပ်တဲ့မိဿ ဟာရဖြစ်ပါတယ်။ ကိုယ်တော်ရှင် မည်မျှ ကြီးမြတ်လှပါသလဲ¿

46 ၄၆။ (ဖေက် ၅း၂၆)ကို ကျွန်တော်တို့ကြည့်ချင်ပါတယ်။ ရေနဲ့ ဆေးကြောခြင်းအားဖြင့် လာသောနှုတ်ကပတ်တော် ဖြစ်ပါ တယ်။ ခွဲခြားခြင်းရေများ ဖြစ်ပါတယ်။ အဲဒါဘာလုပ်ပါသလဲ? ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကတော့ စစ်တဲ့ဘုရားသခင် ရဲ့အစစ်ဘဲဖြစ်ပါတယ်။ ခြားနားစေတဲ့ရေများ ဖြစ်ပါတယ်။ ရေများအားဖြင့် ဆေးကြောခြင်း၊ ခြားနားစေခြင်း၊ ခွဲခြား စေခြင်းဘဲဖြစ်ပါတယ်။ နှုတ်ကပတ်တော်အားဖြင့် ခွဲခြားခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့အစစ်ဘဲ ဖြစ်ပါတယ်။

သင်ဟာ ခရစ်တော်အထဲကို အသင်းတော်ရဲ့အစစ်အားဖြင့် ရောက်မလာနိုင်ပါဘူး။ ဂိုဏ်းဂဏဆိုင်ရာအစစ် ဒါမှမဟုတ် ယုံကြည်ခြင်းအစစ်အားဖြင့်လည်း ရောက်မလာနိုင်ပါဘူး။ အစစ်တစ်ခုတည်းသာ ရှိပါတယ်။ အဲဒီ သန့်ရှင်းတဲ့ဌာနကို ဝင်ရောက်နိုင်တဲ့အစစ် တစ်ခုတည်းသာရှိပါတယ်။ အဲဒါကတော့ နှုတ်ကပတ်တော်အားဖြင့် သန့်ရှင်းတဲ့ရေနဲ့ဆေး ကြောခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကတော့ စဉ်းစားတတ်တဲ့လူတစ် ယောက်ရဲ့ရေစစ်ဘဲ ဖြစ်ပါတယ်။

47 ၄၇။ အသင်းတော်က သင့်ကို အသင်းသားကောင်းတစ်ဦး ဖြစ်မဖြစ် စစ်ဆေးမှာဖြစ်ပါတယ်။ သင့်ကို ကောင်းမွန်စွာ သင်္ဂြိုလ်မှာ ဖြစ်ပါတယ်။ သင်သေဆုံးတဲ့အခါမှာလည်းအ လံကိုတစ်ဝက် ထူထားမှာဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ ပန်းခွေကြီးတွေ ပို့မယ်။ သင့်အတွက် အားလုံးလုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ ဒါပေမဲ့ သင့်ရဲ့ဝိညာဉ်က ဘုရားသခင်နှင့်ရင် ဆိုင်ရတဲ့အခါမှာ ထာဝရအသက်ကို ရဘို့လိုပါတယ်။ အဲဒီထာဝရအသက်ကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ရဲ့တစ်စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့စကားကမငြင်း ပယ်နိုင်ပါဘူး။ ကျွန်တော့်လုပ်ဆောင်ချက်ကို ကျွန်တော့် ရဲ့လက်က ပြန်ပြီးတော့ မငြင်းပယ်နိုင်ပါဘူး။ ကျွန်တော့်ရဲ့မျက်လုံးများကလည်း ကျွန်တော့်ရဲ့လက်များကို မငြင်းပယ်နိုင်ပါ ဘူး။ ခြေများ၊ ခြေမများက ကျွန်တော့်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ဖြစ် ဘယ်ဟာမှ မငြင်း ပယ်နိုင်ပါဘူး။ သူတို့လုံးဝငြင်းပယ်လို့မရနိုင်တဲ့အရာဘဲ ဖြစ်ပါတယ်။ ဘုရားသခင် နှုတ်ကပတ် တော်ရဲ့တစ်စိတ်တစ်ဒေသကို ဒါမှမဟုတ် အမျိုးသမီးတစ် ယောက်ကို ဘုရားသခင်ရဲ့နှုတ် ကပတ်တော် တစ်စိတ်တစ်ဒေသက မငြင်းပယ်နိုင်ပါဘူး။ ဆံပင်တိုတို ဖြတ်နိုင်တဲ့ အမျိုးသ မီးက ဘုရားသခင်ရှေ့တော်ကို ရောက်တဲ့အခါမှာ သူတို့က မှားယွင်းနေပါတယ်။ သင်သဘောပေါက်ပါသလား? သင်မှားနေပါတယ်။ ဘုရားသခင်ရဲ့အစစ်ထဲကို ဘုရားသခင်ရဲ့နှုတ် ကပတ်တော်ရေနဲ့ဆေးကြောရမှာ

ဖြစ်ပါတယ်။ အဲဒါပြီးမှ သာ မိဿဟာရထဲကိုရောက် နိုင်ပါတယ်။ သင်အစစ်ခံရမယ်လို့သင်ထင်ပါတယ်။ ဒါပေမဲ့လည်း နှုတ်ကပတ်တော်အားဖြင့် သင်အစစ်မခံနိုင်ပါဘူး။ အစက်ကလေးတစ်စက် ဘုရားသခင်ရဲ့နှုတ်ကပတ်တော် လေးတစ်ခုဘဲဖြစ်ဖြစ် အစစ်ဆေးမခံနိုင်ပါ ဘူး။ လူဟာ မုန့်အားဖြင့်သာ အသက်ကိုမွေးရ မှာ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အားဖြင့် အသက်မွေးခြင်း ဖြစ်ပါတယ်။ စစ်ဆေးခြင်းအားဖြင့် ဖြတ်သန်းလာရမှာ ဖြစ်ပါတယ်။ အဲဒါမှ ဖြောင့်မတ်တဲ့သူတစ်ယောက်ကို အရသာ ပေးနိုင်မှာ ဖြစ်ပါတယ်။ သူအဲဒါကို ရှာဖွေမှာ ဖြစ်ပါတယ်။ သူ့ကို ဆေးကြောမဲ့ အရာကိုသူ ရှာဖွေနေခြင်းဖြစ်ပါတယ်။

48 ၄၈။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ ဖြောင့်မတ် သောသူအတွက် အရသာဘဲ ဖြစ်ပါတယ်။ အဲဒါမှန်တယ် ဆိုတာ ကျွန်တော်တို့သိပါတယ်။ အပြစ်တွေအားလုံးကို စစ်လိုက်ပါ။ မယုံကြည်ခြင်း အပြစ်တွေအားလုံးကို စစ်ထုတ်လိုက်ပါ။ အဲဒီစစ်တမ်းကို ဖြတ်လာရတဲ့အခါမှာ အဲလိုမျိုး ဘဲဖြစ်လာရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ကယ်စစ်မှန်တဲ့ ယုံကြည်သူတစ် ယောက်ယောက်ရဲ့အရသာဖြစ်လို့ဘဲဖြစ်ပါတယ်။

တစ်ကယ်စစ်မှန်တဲ့ ယုံကြည်သူတစ်ယောက်က မုန်ကန်ချင်ပါတယ်။ သူအနေနဲ့ငါကတော့ လူမှုရေးအရဘယ်လို ရာထူးတွေ ရှိတယ်။ ငါအသင်းတော်နဲ့ဆိုင်တယ်။ ငါကတော့ ဒီမြို့ထဲမှာရှိတဲ့ အကြီးမားဆုံးအသင်းတော်ရဲ့အသင်းဝင်တစ် ယောက်ဖြစ်တယ်လို့ဆိုမှာဖြစ်ပါတယ်။ ဟိုးဒေါင့်မှာရှိတဲ့ မစ်ရှင်ဘဲဖြစ်ဖြစ်၊ ဘယ်နေရာမှာဘဲဖြစ်ဖြစ် စဉ်းစားတတ်တဲ့လူ တစ် ယောက်ကတော့ သူဟာ ဘုရားသခင်ကို ရင်ဆိုင်ရမယ်ဆိုတာကို သူသိနေပါတယ်။ အသင်းတော်က ဘာဘဲပြောပြော၊ ဒါမှမဟုတ် ဘယ်သူဘယ်ဝါက ဘာဘဲပြောပြော သူဟာ ဘုရားသခင်နဲ့ပတ်သက်တဲ့ ပုံစံအတိုင်းဘဲလာရမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ပုံစံကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သူတို့က ဘုရားသခင်ရဲ့နှုတ်ကပတ်တော်လို့ပြောပါတယ်။ အဲဒါက ဘုရားသခင်ရဲ့နှုတ်ကပတ်တော် ဖြစ်တယ်ဆိုတာကို သူတို့ယုံကြည်ကြပါတယ်။ အဲဒီအထဲက နေပြီးတော့ ဖြတ်သန်းသွားနိုင်ပါတယ်။ ဆံပင်တိုတဲ့အမျိုးသမီးတစ် ယောက်က အဲဒါကို ဘယ်လိုလုပ်ပြီး ဖြတ်လာနိုင်မှာလဲ? ဘယ်လိုသင်လုပ်နိုင်မှာလဲ? လူတစ်ယောက်ကိုလည်း ဘယ်လိုဖြတ်သန်းသွားနိုင်မှာလဲ¿ ဒီယုံကြည်ချက်နဲ့ပတ်သက်လို့သူတို့ဆွဲကိုင်မထားနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မှာလဲ? အဲဒါက စဉ်းစားတတ်တဲ့သူတစ်ယောက်ရဲ့ အရသာမဟုတ်ပါဘူး။ စဉ်းစား တတ်တဲ့ လူတစ်ယောက်ကတော့ စဉ်းစားမှာဖြစ်ပါတယ်။ နှစ်ခေါက်ပြန်ပြီးတော့ စဉ်းစားမှာ ဖြစ်ပါတယ်။ အဲလိုမျိုး သူကမ ခုန်ခင် သူက စဉ်းစားမှာ ဖြစ်ပါတယ်။

49 ၄၉။ အဲဒီနှုတ်ကပတ်တော်က သူ့ကိုယ်သူ ပြန်ပြီးတော့ မငြင်းပယ်နိုင်ပါဘူး။ ကြေနပ်စရာဖြစ်မှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် အဲဒါက ဆန္ဒဘဲ ဖြစ်ပါတယ်။ ဘာဆန္ဒလဲ? အဲဒီဆန္ဒက နှုတ်ကပတ်တော်နဲ့ဘာသက်ဆိုင်ပါသလဲ? ပဌမဆုံး ဘယ်လိုဖြစ်မှာလဲ? ဘာကြောင့်လဲဆိုတော့ သင့်စိတ်နှလုံး ဟိုးအတွင်းထဲမှာ ကြိုတင်ခွဲခန့်မှတ်သားထားတဲ့ မျိုးစေ့ရှိပါတယ်။ အဲဒါ ကတော့ ထာဝရအသက်ဘဲဖြစ်ပါတယ်။ အမြဲတမ်း အဲဒီအထဲမှာ ရှိနေပါတယ်။ ခမည်းတော်က ငါ့ကိုပေးသမျှ သောသူတို့သည် ငါ့ထံသို့လာလိမ့်မည်။ သူတို့ထဲမှာ တစ်ဦးတစ်ယောက်မှ ပျောက်ဆုံးခွင့်မရှိလို့ဆိုထားပါတယ်။

စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့အရသာကတော့ နှုတ်ကပတ်တော်ကို ကြားနာတဲ့အခါမှာ ငါ့သိုးတို့သည် ငါ့အသံ ကိုကြားတယ်။ သူတို့ဟာ တစ်ခြားသောသူနောက်ကိုမ လိုက်ဘူးလို့ဆိုထားပါတယ်။ အဲဒီ ဟိုးအောက်ထဲမှာ နှလုံးသား ရဲ့နက်ရှိုင်းသောနေရာမှာ အသက်တာရှိပါတယ်။ အသက်တာဟာ အသက်တာနဲ့ဘဲ ဆက်စပ်လျှက်ရှိပါတယ်။ အပြစ်ဟာ အပြစ်နဲ့ဆက်စပ်လျှက် ရှိပါတယ်။ အပြစ်က သူတော်ကောင်းယောင်ဆောင်တတ်ပါတယ်။ ကယ်တင်ခြင်းရတဲ့အခါမှာလည်း ကယ်တင်ခြင်းရတယ်လို့ထင်မြင်ယူပါတယ်။ အဲဒါက သူတော်ကောင်းယောင်ဆောင်ခြင်းရဲ့ဟိုးအင်မတန် နက်နဲတဲ့ အတွင်းပိုင်းမှာ ရှိနေပါတယ်။

အသင်းသားများဟာ ဂိုဏ်းဂဏဆိုင်ရာ စစ်တမ်းကို လိုချင်ပါတယ်။ အဲဒါမှ သူတို့ ရဲ့ဆန္ဒအတိုင်း သူတို့ ရရှိမှာဖြစ်ပါတယ်။ အဲဒါမှ သူတို့ကို ဘာသာတရားကိုင်းရှိုင်းတဲ့သူလို့အတန်းအစားသတ်မှတ်နိုင်မှာ ဖြစ်ပါတယ်။ သူတို့ ဘာပြောလဲဆိုတော့ သူက အရမ်းဘဲ ဘာသာတရား ကိုင်းရှိုင်းတယ်လို့ဆိုထားပါတယ်။

50 ၅၀။ အာဖရိကနိုင်ငံမှာ တစ်နေ့သောအခါမှာ သူတို့ ဒီအကြောင်းအရာတွေကို ပြောဆို နေပါတယ်။ တစ်ချို့လူငယ်က လေးတွေက Rock & Rool သီချင်းတွေအကြောင်း ပြောဆို ပါတယ်။ အဲလ်ဗစ်စ်ပရက်စလီအကြောင်း ပြောဆိုပါတယ်။ သူတို့ သီချင်းဆိုတဲ့အကြောင်းတွေ၊ Patboobe တို့ ရစ်ကီနယ်လ်စင်အကြောင်းတွေကို စသည်တို့အဆိုကျော်အကြောင်း သူတို့အားလုံးကို ပိုင်းပြီးပြောဆိုနေပါတယ်။ ကျွန်တော်ကတော့ ဒီအုပ်စုအဖွဲ့က ဘာလဲဆိုတော့ မိမိတို့ရဲ့ဘာသာ ယုံကြည်ခြင်း၊ ခံယူချက်ကနေ ပြောင်းလဲသွားသူများလို့ဆိုချင်ပါတယ်။ မိန်းကလေးငယ် တစ်ယောက်ပြောပါတယ်။ ဘာကြောင့်လဲ၊ သူကအရမ်းဘာသာတ ရား ကိုင်းရှိုင်းတာဘဲ။

ကျွန်တော် ပြောတဲ့အရာကတော့ ယုဒရှကာယုတ်လည်း ဘာသာတရား ကိုင်းရှိုင်းပါတယ်။ ယုဒကတော့ ငွေစ(၃၀)ဘဲရ ပါတယ်။ အဲလ်ဗစ်စ်ပရက်စလီကတော့ ဒေါ်လာ သန်းပေါင်းများစွာ ရရှိပါတယ်။ သူတို့နှစ်ဦးစလုံး သူတို့ရဲ့သားဦးအရာကို ရောင်းချခဲ့လို့ပါဘဲ။သူတို့ဟာ ဒီနိုင်ငံမှာ အဆိုးဝါးဆုံး အကြွေးတင်နေတဲ့သူတွေဘဲ ဖြစ်လို့ပါဘဲ။ စီးကရက် စစ်တမ်းက လှည့်ဖျားသလိုဘဲ ဂိုဏ်းဂဏဆိုင်ရာတွေကလည်း မိမိတို့ ရဲ့အသင်းသားတွေကို ဝင်လာခွင့်ပြုပါတယ်။ သူတို့ဟာ ဘာသာရေးသီချင်းတွေ မဆိုနိုင်လောက်အောင်ကို ဥပဒေ ထုတ်ထားသင့်ပါတယ်။ အဲဒီလိုလုပ်ထားမယ်ဆိုရင် သူတို့အတွက် ဆန့်ကျင်ထားတဲ့ ဥပဒေလိုဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း အားလုံးဟာ အင်မတန်ထုထည်ကြီးမားတဲ့ သူတော် ကောင်း ယောင်ဆောင်ခြင်းဘဲ ဖြစ်ပါတယ်။ သူတို့ ဒီနေ့အဲဒီမှာရှိနေခြင်းဘဲ ဖြစ်ပါတယ်။ တစ်ကယ်စစ်မှန်တဲ့ ဝိညာဉ်ရဲ့စစ်တမ်းက ဘာပြောထားသလဲဆိုတော့ လောကနဲ့လောကအရာတွေကို သင်ချစ်တယ်ဆိုရင် ဘုရားသခင်ကို ချစ်တဲ့မေတ္တာ ဟာ သင့်အထဲ မှာ မရှိဘူးလို့ဆိုထားပါတယ်။

51 ၅၁။ သင်ဟာ ဒီကမ္ဘာလောကကြီးထဲမှာ Rock & Rool သီချင်းဆိုပြီးတော့ အဲဒါဘုရားနဲ့ဆိုင်တယ်လို့ပြောလို့မရပါဘူး။ Rock & Rool

ဆိုတာ လောကနဲ့ဆိုင်ပါတယ်။ ဒီလိုအ ကတွေဟာ စစ်ထုတ်လိုက်မယ်ဆိုရင် အင်မတန် လောကနဲ့ဆိုင်တဲ့ ညစ်ညူးတဲ့အရာ တွေဘဲ ဖြစ်ပါတယ်။ အဲဒါဟာ လောကနဲ့ဘဲ ဆိုင်ပါတယ်။ ဆံပင်တိုတို ညှပ်ထားတာဟာ အမျိုးသမီး တစ်ယောက်အနေနဲ့ဘုရားသခင်နဲ့ဆိုင်တယ်လို့ သင်ပြောလို့မရပါဘူး။ သမ္မာကျမ်းစာက အဲလိုပြောမထားပါဘူး။ လောကနဲ့ဆိုင်တဲ့ ညစ်ညူးတဲ့အရာလို့ဘဲ ဆိုထားပါတယ်။ လောကနဲ့ ဆိုင်တဲ့အရာလေး အသေးအမွှားလေးတစ်ခုကို သင်နှစ်သက် တယ်ဆိုရင် ဘုရားသခင်ရဲ့မေတ္တာဟာ သင့်အထဲမှာ ရှိမနေပါဘူး။

အဲဒါဘာလဲ? ဘာတွေက သင့်ကိုဆွဲဆောင်နေပါသလဲ? ဟိုးအတွင်းထဲက အရာကဆွဲဆောင်နေခြင်းဘဲ ဖြစ်ပါတယ်။ ဝိညာဉ်က အရင်းအမြစ်ကို ဆွဲဆောင်နေပြီးတော့ ပြင်ပအားဖြင့် ဖြတ်သန်းသွားရပါတယ်။ နောက်ပြီးတော့ ဟိုးအောက်ထဲ မှာရှိတဲ့ အတွင်းထဲမှာရှိတဲ့ဝိညာဉ်ထိ ဆင်းသက်သွားပါတယ်။ ဒီစိတ်ဝိညာဉ်တွေက လောကအရာကိုချစ်ရင် အဲဒါ အသေ ဘဲဖြစ်ပါတယ်။ ဘယ်လိုဘိသိတ်ပေးထားသလဲဆိုတာကို ကျွန်တော် ဂရုမစိုက်ပါဘူး။ အဲဒါ ပြင်ပမှာ ရှိနေပါတယ်။ အပြင်မှာရောက်နေတဲ့အရာ မည်မျှ ဖြောင့်မတ်ခြင်း ရှိပါသလဲ? ဒီအထဲမှာတော့ သေခြင်းတရားဘဲ ဖြစ်ပါတယ်။ လောကအ ရာကို ချစ်တဲ့သူတွေ၊ ဒါမှမဟုတ် လောကနဲ့ဆိုင်တဲ့အရာကို နှစ်သက်တဲ့သူတွေဟာ ဘုရားသခင်ရဲ့ချစ် ခြင်းမေတ္တာနဲ့သူ့အထဲမှာ ကိန်းဝပ်နေမှာ မဟုတ်ပါဘူး။ ဘယ်လောက်ဘဲ သူတို့မှာ ဘာသာ တရားကိုင်ရှိုင်းရပါစေ အချည်းနှီးသာ ဖြစ်ပါတယ်။

တစ်ကယ်စစ်မှန်တဲ့အစစ်ကတော့ အရာခပ်သိမ်း အားလုံးတို့ကို စစ်ထုတ်မှာဘဲ ဖြစ်ပါတယ်။ ဘာကိုမှ ယူသွင်းလာမှာ မဟုတ်ဘူး။ တစ်ကယ်တမ်း စစ်မှန်တဲ့ ဘုရားသခင်ရဲ့အရာကိုသာ စစ်ထားမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော်ဖြစ်ပြီးတော့ အဲဒါဟာ တစ်ကယ် စစ်မှန်တဲ့ စိတ်ဝိညာဉ်ဘဲ ဖြစ်ပါတယ်။

52 ၅၂။ သူတို့ဟာ ဧသောကဲ့သို့ဖြစ်ပါတယ်။ အပြင်ပန်းကြည့်ရင် ဘာမှ မဖြစ်ပါဘူး။ ဧသောကတော့ အပြင်ပန်းကကြည့်ရင် အင်မတန်မှ ဘာသာတရားကိုင်းရှိုင်းတဲ့ပုံပေါ်ပါတယ်။ ဘာသာရေးနဲ့ပတ်သက်ချင်ရင်လည်း ယာကုပ်ထက် ဘုရားတရား ကိုင်းရှိုင်းတဲ့ပုံပေါ် နေပါတယ်။ ယာကုပ်ထက် ပိုပြီးတော့ ကောင်းတဲ့ပုံပေါ်နေပါတယ်။ ဒါပေမဲ့လည်း အတွင်းထဲမှာ တော့သူဟာ သူဘဲဖြစ်ပါတယ်။ သူဟာ အပြင်ပန်းသဏ္ဍာန်အရကြည့်မယ်ဆိုရင် ဘာသာတရား ကိုင်းရှိုင်းတယ်။ ဒါပေမဲ့လည်း သူ့ရဲ့စစ်ထားပြီးသား မဟုတ်ပါဘူး။ သူဟာ သားဦးအရာ နဲ့ပတ်သက်လို့သေသေချာချာမှန်မှန်ကန်ကန် မစဉ်း စားတတ်ပါဘူး။ ဘုရားသခင်ကတော့ သားဦးအရာနဲ့ပတ်သက်ရင် ဘယ်လိုစဉ်းစားသလဲ၊ ဘုရားသခင် ဘယ်လို ပြောသလဲ ဆိုတာကိုလည်း သူမစဉ်းစားပါဘူး။ ငါဆာနေပြီ။ ဒီသားဦးအရာဆိုတဲ့အရာကို ငါဘာလုပ်ရမှာလဲ? မင်းလိုချင်ရင် မင်းယူနိုင် တယ်လို့ သူက လွယ်လွယ်ဘဲပြောလိုက်ပါတယ်။ ကျွန်တော် ဘုရားကျောင်းသွားပါတယ်။ ခင်ဗျားလိုဘဲ ကျွန်တော်ဟာ လူကောင်း တစ်ယောက်ဘဲ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဂိုဏ်းဂဏကတော့ ဘာဖြစ်ပါတယ်။ ဒီကမ္ဘာလောကကြီးမှာ အကြီးမားဆုံး ဘုရားကျောင်းကြီး ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မိခင်ကလည်း အဲဒီဘုရားကျောင်းမှာ ပါဝင်ပါတယ်။ ကျွန်တော့်ရဲ့ဖခင်လည်း အဲဒီဘုရားကျောင်းမှာ ပါဝင်ပါတယ်။ ဒီဟာတွေ၊ ဟိုဟာတွေ၊ စသည်ဖြင့် ပြောကြားမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ဖခင်ကတော့ ကျွန်တော့်ရဲ့သင်းအုပ်ဆရာလည်း ပညာတတ်ပါတယ်။ သူကတော့ ဘယ်သူဘယ်ဝါဖြစ်တယ်။ ဘုရားနဲ့ပိုပြီး ဝေးကွာအောင်လို့လုပ်နေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်း မဟုတ်ပါဘူး။ ပေတရုကိုကြည့်မယ်ဆိုရင် သူကသူ့ရဲ့နံမယ်ကိုတောင် သူလက်မှတ်မထိုး တတ်ပါဘူး။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းအားဖြင့် သူက စစ်ဆေးပြီးသား ဖြစ်ပါတယ်။ အဲဒါကို သူက သတိပြုမိပါသလား?

53 ၅၃။ ဧသောကတော့ သားဦးအရာဟာ ဘုရားသခင်ပြောသလို အဓိပ္ပါယ်မျိုး သူမ ယူဆပါဘူး။ အဲဒါဟာ တစ်ကယ်တမ်း ဆိုရင် အရမ်းအရေးကြီးပါတယ်။ အသက်နဲ့သေခြင်းတရား ကွာခြားမှု ဖြစ်ပါတယ်။ ဧဝကဲ့သို့ဖြစ်တယ်။ ယုဒရှကာယုတ်ကဲ့သို့ဖြစ်ပါတယ်။ သူတို့ရဲ့ သားဦးအရာတွေကို သူတို့က ဒီလောကရဲ့ဘုရားပညာတွေနဲ့သူတို့အရသာယူပြီး စစ်ဆေးလိုက် ခြင်းဘဲ ဖြစ်ပါတယ်။ ဧဝဟာ သူမရဲ့ သားဦးအရာကို သူမရောင်းချလိုက်ပါတယ်။ အင်မတန်သေးငယ်တဲ့ သိပ္ပံပညာအရ သာလေး၊ လောကနဲ့ဆိုင်တဲ့အသိတရားလေး ပိုမိုကောင်းတဲ့ အသင်းတော်လေး၊ ပိုမိုကောင်းတဲ့ အတန်းအစားလေး စသည်တို့နဲ့သူရောင်းစားလိုက်ခြင်း ဖြစ်ပါတယ်။ ဒီခေတ်မှာတော့ ပိုကောင်းတဲ့ အဆင့်အတန်းလို့ပြောရမှာဖြစ်ပါတယ်။ ယုဒရှကာယုတ်ကတော့ သူ့ရဲ့သားဦးအရာတွေကို ငွေစ(၃၀)နဲ့ရောင်းလိုက်ပါတယ်။ နောက်ပြီးတော့ ဒီခေတ်ကာလ တန်ဖိုးအရ ဒေါ်လာအနည်းငယ်ရတယ်လို့ပြောနိုင်ပါတယ်။ ကျွန်တော့်ရဲ့ပရိတ်သတ်ကတော့ ကျွန်တော့်ကို ပိုပြီးတော့ ပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော် ထပ်ပြီးတော့ ဟောပြောမယ်ဆိုရင် ပိုပြီးတော့ရမှာ ဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်ဟာ ဘယ်လိုသင်း အုပ်ဆရာမျိုး ဖြစ်သွားမလဲ?

54 ၅၄။ သူတို့က ဘရာသာဗရမ်ဟမ် ခင်ဗျားပြောတဲ့ သတင်းစကားအမှန်ဘဲဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ လည်း နှုတ်ကပတ်တော်ကို လက်မခံနိုင်ပါဘူး။ လက်ခံလိုက်ရင် ဘယ်မှာ ကျွန်တော်တို့သွားဟောပြောရမလဲ? လောကအရာတွေ ဖြစ်ပါတယ်ညီကိုတို့၊ အဲဒါတွေအားလုံးဟာ ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဘယ်ညီကိုကမှ ကျွန်တော့်ကို ထောက်ခံအားပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်ကလည်း ဒီညီအစ်ကိုတစ်ယောက်စီကိုမှ မကြည့်ပါဘူး။ ကျွန်တော့်ကို ထောက်ခံအားပေးဘို့လည်း ကျွန်တော် မမျှော်လင့်ပါဘူး။ ကျွန်တော် သခင်ယေရှု ကျွန်တော့်ကို ထောက်ခံ အားပေးဘို့ဘဲ ကျွန်တော်မျှော်ကြည့်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော်နဲ့အတူ ရပ်တည် လို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ နှုတ်ကပတ်တော်ကို ပြောဆိုသောသူဘဲ ဖြစ်ပါတယ်။

တစ်ကယ်စစ်မှန်တဲ့ သားဦးအရာ၊ အသွေးတော်၊ နှုတ်ကပတ်တော်အားဖြင့် စစ်လိုက်တဲ့အရာ အားလုံးအပြစ်တွေနဲ့၊ လောက နဲ့၊ အသင်းတော်များနဲ့ဂိုဏ်းဂဏများနဲ့ဂိုဏ်းဂဏခွဲပြားခြင်းတွေ အားလုံးကို အပြင်မှာ ပစ်ထုတ်ပြီး ထားခဲ့မှာဖြစ်ပါတယ်။ ပညာရေး၊ လူမှုရေး၊ အသင်းတော်၊ ဂိုဏ်းဂဏ၊ စံနှစ်၊ အပြစ်ပုံစံမျိုးစုံတွေအားလုံးကိုစဉ်းစား တတ်တဲ့လူတစ်ယောက်က စဉ်းစားတတ်တဲ့ လူတစ်ယောက်လိုဘဲ အကုန်လုံးစစ်ထုတ်ပစ်လိုက်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ခန့်မှန်းချက်အားဖြင့်ဘဲ ဖြစ်ပါတယ်။

ဘာတစ်ခုမှ အဲဒီအထဲမှာ မကျန်ပါဘူး။ ဘုရားသခင်ရဲ့စစ်တမ်းအားဖြင့်သာ စစ်ထုတ်လိုက်မယ်ဆိုရင် ဘာမှ ကျန်တော့မှာမ ဟုတ်ပါဘူး။ ဒီနေရာမှာ သင့်ရဲ့အသက်တာဟာ အကုန်လုံးဟာ အပြစ်နဲ့ရှုပ်ထွေးနေပါမယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ဟာ အပြစ်နဲ့မွေးဖွားလာတယ်။ ဒုစရိုက်နဲ့ပုံသဏ္ဍာန်ပေါ်တယ်။ လောကကြီးကို ရောက်လာတဲ့ အခါမှာလည်း လိမ်ညာလှည့်ဖျားမှုတွေနဲ့ စကားပြောပါတယ်။ ကျွန်တော် တစ်စုံတစ်ခုကို ပြောပြချင်ပါတယ်။ ဘရာသာမက်က်ခေါလက် ပြောတတ်ပါတယ်။ ကျွန်တော့်ကို ပြောလေ့ရှိပါတယ်။ ကျွန်တော် ပြောတာကို နားထောင်ပါ။

55 ၅၅။ ခင်ဗျား ဒီလောကကြီးကို ရောက်လာတဲ့အခါမှာ ခင်ဗျားဟာ အပြစ်နဲ့မွေးဖွား လာခြင်း ဖြစ်ပါတယ်။ ခင်ဗျားရောက် လာတဲ့အခါမှာ တိုက်ခိုက်မယ်ဆိုတဲ့ ပုံစံနဲ့ရောက်လာခြင်း မဟုတ်ပါဘူး။ အပြစ်နဲ့ မွေးဖွားလာတယ်။ ဒုစရိုက်နဲ့ပုံစံဖြစ်တယ်။ ဒီလောကကြီးကလည်း ခင်ဗျားရောက်လာတဲ့အခါမှာ လိမ်ညာလှည့်ဖျားမှုတွေနဲ့ရှိနေပါတယ်။ သင့်ရဲ့ဝိညာဉ်ထဲမှာလည်း ဆာလောင်မွတ်သိပ်မှုတွေနဲ့ရှိနေပါတယ်။ အပြစ်ကို ချစ်ခင်နှစ်သက်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားဟာ အပြစ်ထဲမှာ မွေးဖွားလို့ဘဲ ဖြစ်ပါတယ်။ ခင်ဗျားမှာ အခွင့်အရေးမရှိပါဘူး။ ခင်ဗျားရဲ့စိတ်ဝိညာဉ် အတွင်းပိုင်းမှာ တစ်နေရာမှာ တစ်စုံတစ်ခုသောသူဟာ ဆွဲဆောင်မှု လုပ်နေပါတယ်။ ခင်ဗျား အဲဒါကိုသိမယ်ဆိုရင် ဘုရားသခင် တစ်နေရာမှာရှိတယ်လို့အဲဒီအတွင်းထဲကနေ သင့်ကို ပြောကြားနေပါတယ်။ သူ့ရဲ့နှုတ်ကပတ်တော်ကို သင်ဖတ်ကြားမှာဖြစ်ပါတယ်။ နောက်ပြီး တော့ ဘုရားကျောင်းသွားမယ်။ ခင်ဗျားကို ပြောပြမဲ့ အကြောင်းအရာတွေထဲက အတွေးအခေါ်တွေ စဉ်းစားမှုတွေကို ခင်ဗျားယူမယ်။ ဒါပေမဲ့လည်း ခင်ဗျားဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကို အသုံးမပြုခဲ့ပါဘူး။ ဘုရားသခင် ရဲ့စစ်တမ်းကို ခင်ဗျား အသုံးပြုခဲ့မယ်ဆိုရင် အဲဒါဟာစဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့တစ်ခြား ရေစစ်တွေ စစ်တမ်းတွေအားလုံးဟာ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကိုယ်တော်ရှင်ကတော့ ဘယ်တော့မှ မပျောက်ကွယ်ပါဘူး။ ဘုရားသခင်ရဲ့စစ်တမ်းကိုယူပြီး တော့ သင့်ရဲ့အသက်တာကို ချဉ်းကပ်ပြီးတော့ သင့်ရဲ့ဆန္ဒတွေအားလုံးကို ဘုရားသခင်ကို ပေးအပ်မယ်ဆိုရင် ဘုရားသခင်ရဲ့စစ်တမ်းအားဖြင့် သင့်ရဲ့ဆန္ဒများကို စစ်ထုတ်လိုက်မယ်။ တစ်ကယ်စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့ရေစစ်ကို အသုံးပြုမယ်ဆိုရင် ဘာမှ မကျန် တော့ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ဘဲ ကျန်ပါတယ်။ သင့်မှာ အခွင့်အရေးမရှိပါ။ သို့သော်လည်း သင့်ရဲ့အ တွင်းထဲမှာ တစ်နေရာမှာ တစ်စုံတစ်ခုသောအရာက စတင်ပြီး ဆွဲဆောင်နေပါတယ်။ သင်သိခဲ့ပါက အဲဒါကတော့ တစ်နေရာမှာ ဘုရားသခင်ရှိတယ်ဆိုတာကို သင့်ကို ပြောပြနေခြင်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သင်ဟာ ကိုယ်တော်ရှင် ရဲ့နှုတ်ကပတ်တော်ကို ဖတ်ရမှာဖြစ်ပါတယ်။ အဲဒီအချိန်မှာ သင်ဟာ အသင်းတော်ကို ရွေးချယ်မယ်။ သူတို့ရဲ့အတွေးတွေကို ပိုကောင်းတယ်လို့သူတို့က ပြောတာကို သင်လက်ခံပြီးတော့ တစ်ကယ်စဉ်းစားတတ်တဲ့ သူတစ်ယောက်ရဲ့စစ်တမ်းကို သင်ကအသုံးမပြုဘဲ နေခဲ့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ဘုရားသခင်ရဲ့စစ်တမ်းကို အသုံးပြုတဲ့ အခါမှာ အဲဒါကတော့ စဉ်းစားတတ်တဲ့လူရဲ့ စစ်တမ်းဖြစ်ပြီးတော့ တစ်ခြားစစ်တမ်းတွေအားလုံး ပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ငါ့ရဲ့စစ်တမ်းကတော့ တည်မြဲမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့စစ်တမ်းကို ယူပြီးတော့ သင့်ရဲ့အသက်တာကို ထည့်လိုက်မယ်၊ သင့် ရဲ့ဆန္ဒတွေအားလုံးကို ထည့်လိုက်မယ်ဆိုရင် ဘုရားသခင်ရဲ့စစ်တမ်းအားဖြင့် သင့်ရဲ့ဆန္ဒတွေ အားလုံးကို ဆွဲဆောင်လိုက်မယ်ဆိုရင် စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းနဲ့ပတ်သက်လို့ဘာမှကျန်တော့မှာ မဟုတ်ဘဲ သန့်ရှင်းသော ဝိညာဉ်တော်ဘဲ ကျန်ရှိမှာဖြစ်ပါတယ်။

ယခု သင်သည် သန့်ရှင်းသောဝိညာဉ်တော် အထောက်အထားကို လိုချင်တယ်ဆိုရင် ရှိပါတယ်။ သင့်ရဲ့စိတ်နှလုံးတွေ အားလုံးကို ဘုရားသခင် နှုတ်ကပတ်တော်နဲ့တညီ တည်းလုပ်လိုက်ပါ။ အဖက်ဖက်ကနေပြီးတော့ အသက်တာကနေပြီးတော့ သင်ထုတ်ယူ တယ်ဆိုတာကို ဖေါ်ပြပါ။ စဉ်းစားတတ်တဲ့လူရဲ့အစစ် ဘုရားသခင်ရဲ့ရေစစ်အားဖြင့် ဖြစ်ပါတယ်။

56 ၅၆။ အဲဒါကတော့ ဘုရားသခင်ရဲ့ရေစစ်ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် မိန့်တော်မူတဲ့ အရာကတော့ နှုတ်ကပတ်တော် ရေနဲ့သူကို ဆေးကြောထားခြင်းဖြစ်တယ်လို့ဆိုထားပါတယ်။ ဘုရားသခင်က အာဒံနဲ့ဧဝကို ရေစစ်ကိုပေးတဲ့အခါမှာ ဧဒင်ဥယျာဉ်ကြီးထဲမှာသူ ဘာပြောလဲဆိုတော့ ဘာတစ်ခုကိုမှ ဒီအရာ၊ ဟိုအရာ စသည်တို့ကို လက်မခံပါနှင့်။ ဒါပေမဲ့လည်း စာတန်မာရ်နတ်က အပေါက်ဖောက်လိုက်ခြင်းအားဖြင့် အဲဒါက ဘာမှမဖြစ်ပါဘူး။ နာကျဉ်မှု မရှိပါဘူး။ အနည်းငယ်လေး သာလို့ ဆိုပါတယ်။ အစက်ကလေး တစ်စက် အနည်းငယ်လေးကတော့ လူသားတစ်ရပ်လုံးကို သေခြင်းတရားကို ပို့ဆောင်လိုက်ပါတယ်။

နီကိုတင်းခါတ်ကလေးကို တစ်ခါတည်းဘဲ ရှူရှိုက်ကြည့်လိုက်ရုံနဲ့အဲဒါတွေအားလုံး သူတို့အားလုံးရရှိသွားပြီးတော့ သူတို့အားလုံးပျောက်ဆုံးခွင့်ရသွားပါတယ်။

ဘာမှမကျန်ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ဘဲ ကျန်ပါတယ်။

အဲဒါ ဘာကို ဖေါ်ပြလဲဆိုတော့ သင်ဟာ ကြိုတင်ခွဲခန့်မှတ်သားထားတဲ့မျိုးစေ့ သင့်အထဲမှာရှိတယ်ဆိုတာကို ဖေါ်ပြထားခြင်း ဘဲ ဖြစ်ပါတယ်။ သင်ဟာ ဘုရားသခင်ကို ဆာငတ်တယ်ဆိုတာကိုလည်း ပြုပြင်ပေးပါတယ်။ ဘုရားသခင်က ခမည်းတော် ဘုရားသခင်က ငါ့ကိုပေးထားတဲ့ အရာတွေအားလုံးကို ငါသင်တို့ကို ပေးတယ်။ သင်တို့ကို ကယ်တင်ဘို့ဘဲဖြစ်ပါ တယ်။ သူတို့အားလုံးဟာ ငါနဲ့အတူ ကားတိုင်ပေါ်မှာ အသေခံကြပါတယ်။ သူတို့အားလုံးဟာလည်း ငါရှင်ပြန်ထမြောက်တဲ့အခါမှာ ငါနဲ့အတူ ရှင်ပြန်ထမြောက်ကြပါတယ်။ ကိုယ်တော်ရှင် ငါ့ကိုပေးသမျှအရာအားလုံးဟာ ငါ့ထံကို လာမှာဖြစ်ပါတယ်။ သူတို့ အားလုံးကို ကိုယ်ခန္ဓာထဲမှာ နေရာချထားမှာဖြစ်ပြီး လက်မောင်းနေရာ၊ ခြေထောက်နေရာ၊ နှာခေါင်းနေရာ၊ ပါးစပ် နေရာ၊ ဘယ်နေရာဘဲဖြစ်ဖြစ် အဲဒီနေရာမှာ သူတို့ကို ထားမှာဖြစ်ပါတယ်။ သူတို့ ရဲ့အချိန်ကာလရာသီရောက်လာတဲ့အခါမှာ သူတို့ ရောက်လာမှာ ဖြစ်ပါတယ်။

57 ၅၇။ ဒီကမ္ဘာလောကကြီးရဲ့အပြစ်တွေ အားလုံးကို တစ်ကယ်စစ်ထုတ်မဲ့အရာရှိပါတယ်။ လောကကို ချစ်တဲ့အရာဟာ သေဆုံးသွားပြီးဖြစ်ပြီးတော့ ဒီဝိညာဉ်ဟာလည်း တစ်စုံတစ်ခု တည်းကိုသာ ဆွဲယူမှာဖြစ်ပါတယ်။ အဲဒါကို မမေ့ပါနဲ့။ တယ်လီဖုန်းလိုင်းတွေကနေ နား ထောင်နေတဲ့သူတွေအားလုံးနဲ့စိတ်နှလုံးထဲမှာ သေချာမှတ်ထားပါ။ စဉ်းစားတတ်တဲ့လူတစ်

ယောက်ကနေပြီး စတင်စဉ်းစားလိုက်တဲ့အခါမှာ သူဘယ်သူ့ရှေ့မှာ ရပ်ရမလဲဆိုတာ သူစဉ်း စားမိမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဟာ ဘာလဲဆိုတာကို သူသိပါတယ်။ သူစတင်ပြီး စဉ်းစားလိုက်တဲ့အခါမှာ သူအဲဒါကို ရရှိမှာ ဖြစ်ပါတယ်။ ဘယ်အရာကမှ အဲဒါကို ရရှိမှာ မဟုတ်ပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်ကဘဲ ရရှိမှာဖြစ်ပါတယ်။ အဲဒါ ဘာလဲ? အဲဒါကတော့ နှုတ်ကပတ်တော် မျိုးစေ့ဘဲဖြစ်ပါတယ်။ တစ်ကယ့်မျိုးစေ့ ဖြစ်ပြီးတော့ ဟိုးအစကတည်းက ရှိနေပါ တယ်။ သင်ဟာ ဘုရားသခင်နဲ့အတူ ဟိုးအစကတည်းက ရှိနေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒီမှာ ရပ်နေပြီးတော့ အသက်တာ ရဲ့မျိုးစေ့ကို ဆွဲဆောင်နေပါတယ်။ မျိုးစေ့က သင့်ရဲ့စိတ်နှလုံးထဲမှာ ရှိနေပါတယ်။ ကြိုတင်ခွဲခန့်မှတ်သား ဘိသိတ်ပေး ခြင်းအားဖြင့် ဖြစ်ပါတယ်။ ဟာလေလုယာ။ မျိုးစေ့က အဲဒီမှာ ရှိနေပါတယ်။ ဘုရားသခင်ကို ကြိုတင်ပြီးတော့ သိမြင်နေ ခြင်းဖြစ်ပါတယ်။ ကြိုတင်ခွဲခန့်မှတ်သားခြင်းဘဲဖြစ်ပါတယ်။ အဲဒါကို ဆွဲဆန့်လိုက်တဲ့အခါမှာ ဘာနဲ့မှ ဆန့်လို့မရပါဘူး။ ဒါပေမဲ့လည်း နှုတ်ကပတ်တော်အားဖြင့်သာ ဆွဲနိုင်ပါတယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့အရသာဘဲဖြစ်ပါတယ်။ သန့်ရှင်း သောသူက သမ္မာကျမ်းစာကို တွေ့ရပါတယ်။ သခင်ယေရှုခရစ်ကတော့ မနေ့၊ ယနေ့၊ ထာဝရကာလ ပြောင်းလဲခြင်းမရှိပါဘူး။ အဲဒီနေရာကို ဘာရောက်လာပါသလဲ။ အဲဒီ နှုတ်ကပတ် တော်ဘဲဖြစ်ပါတယ်။ နှလုံးသားထဲမှာ ရှိတဲ့နှုတ်ကပတ်တော်ဖြစ်ပါတယ်။ ကျွန်ုပ်ဟာ ကိုယ်တော်ရှင်ရဲ့နှုတ်ကပတ်တော်ကို နှလုံးသားထဲမှာ သိမ်းဆည်းထားပါ တယ်။ ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့က ဆန့်ကျင်ပြီး မပြုလုပ်ပါဘူး။ အဲဒါဘာလဲ? နှုတ်ကပတ်တော်အားဖြင့် ဆွဲလိုက် တဲ့အခါမှာ ဘာဖြစ်ပါသလဲ? တစ်ခုတည်းဘဲ ရှိပါတယ်။ နှုတ်ကပတ်တော်ကို ဖြတ်ကျော်သွားဘို့ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ သန့်ရှင်းသောဝိညာဉ်တော်ဘဲ ဖြစ်ပါတယ်။ အဲဒီတစ်ခုတည်းသောအရာက နှုတ်ကပတ်တော်ကို ဖြတ်ကျော်သွားပါတယ်။ အဲဒါကတော့ သန့်ရှင်း သောဝိညာဉ်တော် ဖြစ်ပါတယ်။ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းကတော့ သန့်ရှင်းတဲ့လူတစ်ယောက်ရဲ့အရသာကို ပေးစွမ်းနိုင်ပါတယ်။

58 ၅၈။ ကောင်းကင်ဆိုင်ရာ အရသာတွေကို သူကမြည်းစမ်းကြည့်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို သူက သူ့နှလုံးသားထဲမှာ ရရှိပါတယ်။ သူ့ရှေ့မှာ ဖော်ပြခြင်းခံရတယ်ဆို တာကိုလည်း သူတွေ့ရပါတယ်။ သူ့ရဲ့စိတ်ဝိညာဉ် တစ်ခုလုံးကလည်း အဲဒီနှုတ်ကပတ်တော်နဲ့ ပတ်ရစ်ထားခြင်း ခံရပါတယ်။ လောကအရာတွေ အားလုံးဟာလည်း သူ့ရဲ့ပတ်ပတ်လည်မှာ အသေကဲ့သို့ဘဲ ဖြစ်နေပါတယ်။

စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းဘာသာရေးနဲ့ပတ်သက်တဲ့စစ်တမ်းကတော့ ကျွန်တော်စဉ်းစားနေတဲ့ ဘာသာ ရေးဆိုင်ရာ စစ်ထုတ်ခြင်းဘဲ ဖြစ်ပါတယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကတော့ သန့်ရှင်းတဲ့လူတစ်ယောက်ရဲ့အရသာဘဲ ဖြစ်ပါတယ်။ သူ့ရဲ့အရသာကို သူကြေနပ်ပါတယ်။ သခင်ယေရှုခရစ်က မနေ့၊ ယနေ့၊ ထာဝရကာ လပြောင်းလဲခြင်းမရှိဘူးဆိုတာ သူသိပါတယ်။ အဲဒီအရာဘဲ ဖြစ်ပါတယ်။ ကျွန်ုပ်တို့ရှေ့မှာ ကိုယ်တော်ရှင်ကို တွေ့နေရ ပါတယ်။ သူပြုခဲ့တဲ့အမှုတွေကို ပြုပါတယ်။ သန့်ရှင်းတဲ့လူနှစ် ယောက်ရဲ့အရသာကို ကြေနပ်စေပါတယ်။ သူ့ရဲ့အတွေးဘဲ ဖြစ်ပါတယ်။

သူဟာ သေခြင်းကနေ အသက်ရှင်ခြင်းကို ကူးမြောက်တယ်ဆိုတာ သူသိပါတယ်။ သူအဲဒါကို နှစ်သက်ပါတယ်။ အဲဒါက တော့ လောကရဲ့ချစ်ခြင်းဘဲ ဖြစ်ပြီးတော့ ပြောင်းလဲ အတည်ပြုဘို့လိုပါတယ်။ နှုတ်ကပတ်တော်ကို လိုလားပါတယ်။ နှုတ်ကပတ်တော် အတည်ပြုခြင်း ဖော်ပြခြင်းကိုလည်း လိုလားပါတယ်။ ခေတ်ကာလတိုင်းမှာ သူက အဲဒါကိုစောင့် ဆိုင်း ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ သန့်ရှင်းတဲ့သူတစ်ယောက် ဖြစ်လို့ပါဘဲ။ သူဟာ ဘုရားသခင်ကို ကြည့်ဘို့ရန်အ တွက် ဆန္ဒရှိပါတယ်။ တစ်ခြားသောသူတွေကတော့ ဘုရားကျောင်းထဲကို ပါဝင်လိုခြင်းသက်သက် ဖြစ်ပါတယ်။ ဒီလူကတော့ ဘုရားကိုတွေ့မြင် လိုပါတယ်။ ကိုယ်တော်ရှင်ကို သူက ယုံကြည်ချက် တစ်စုထဲမှာ တွေ့မြင်ခြင်း မဟုတ်ပါဘူး။ အင်မတန် ကြီးမားတဲ့ အော်ဂင်ကြီးတွေရှိတဲ့ ဘုရားကျောင်းကြီးတွေ၊ ကသီတယ်ကြီးတွေ၊ ကားတိုင်အမြင့်ကြီးတွေ ဒါမှ မဟုတ်ရင်လည်း ကော်လံတွေထောင်ထားပြီးတော့ အင်မတန်မှ ပညာ တတ်တဲ့ ကျမ်းတတ်ပုဂ္ဂိုလ်ကြီးတွေ၊ ကြားထဲမှာ သူမတွေ့ပါဘူး။ သူ့ကို သီဩလော် ဂျီထဲမှာလည်း မတွေ့ပါဘူး။ သီဩလော်ဂျီပညာရှင်ထဲမှာလည်း မတွေ့ရပါဘူး။ သူ့ရဲ့နှုတ်ကပတ် တော်ကို အတည်ပြုခြင်းအားဖြင့်သာ ကိုယ်တော်ရှင်ကို တွေ့မြင်နိုင်ပါတယ်။ နှုတ်ကပတ်တော်ကို သေချာစစ်ထုတ်တဲ့ မီးလျှံတွေကြားထဲမှာ ကျွန်ုပ်တို့ရဲ့မျက်လုံးများက ကိုယ်တော်ရှင်ကြွလာတော်မူ ခြင်း ဘုန်းတော်ကို တွေ့မြင်ရပါတယ်။ ကိုယ်တော်ရှင်ဟာ စပျစ်သီးနယ်ရာအဝတ်တန်ဆာဖလားကို သိုလှောင်ထားတဲ့နေရာမှာ ကြိတ်နယ်လျှက်ရှိပါတယ်။ ကြောက်မက်ဖွယ် နှုတ်ကပတ် တော် မီးလျှံနဲ့သူက စစ်ဆေးပါတယ်။ သူ့ရဲ့သမ္မာတရားက ဆက်လက်ပြီး ချီတက်နေဆဲ ဖြစ်ပါတယ်။ ဟိုးနောက်ဆုံး အဆုံးတိုင်အောင်ချီးတက်မှာ ဖြစ်ပါတယ်။

59 ၅၉။ ကျွန်တော် ဘာကိုဆိုလိုသလဲဆိုတာကို သဘောပေါက်ပါသလား? စစ်တမ်းဖြစ်ပါတယ်။ စဉ်းစားတတ်တဲ့လူတစ် ယောက်ရဲ့ စစ်တမ်းဖြစ်ပါတယ်။ ဘုရားသခင်ရှေ့တော်မှာ ရပ်ပြီးတော့ နေနိုင်မဲ့ လူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင် ရဲ့စစ်တမ်းက ဘာလဲ? သူ့ရဲ့နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ သင်အဲဒီအသီးကို စားတဲ့နေ့မှာ သင်သေရမယ်လို့ဆိုထား ပါတယ်။ အပြင်ဘက်မှာ ဘာဖြစ်သလဲဆိုတာကို ဂရုမစိုက်ပါဘူး။ အဲဒီနှုတ်ကပတ်တော်ကို သင်က ဆက်လက်ပြီး လက်ဆင့် ကမ်းပေးမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် ရေတွေနဲ့ဆေးကြောထားမှာဖြစ်ပါတယ်။ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ် တမ်းဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏ မဟုတ်ပါဘူး။ ယုံကြည်ချက် မဟုတ်ပါဘူး။ အသင်းတော် မဟုတ်ပါဘူး။ ကသီတယ် မဟုတ်ပါဘူး။ ဒါပေမဲ့လည်း စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ သင်ဟာ နှုတ်ကပတ်တော်အားဖြင့် စီရင်ခြင်း ခံရမှာဖြစ်ပါတယ်။ စဉ်းစား တတ်တဲ့လူတစ်ယောက် စဉ်းစားတတ်တဲ့လူတစ်ယောက်က အဲဒီအကြောင်းကို စဉ်းစားမှာ ဖြစ်ပါတယ်။ မိုက်မဲတဲ့သူ ဒါမှမဟုတ်လောကအရာတွေကို မြည်းစမ်းထားတဲ့သူ တစ်ယောက်ကတော့ ဘာဘဲဖြစ်ဖြစ် အစားထိုးထားတဲ့ အရာတွေကို လက်ခံမှာဘဲ ဖြစ်ပါတယ်။ တစ်ကယ်စစ်မှန်တဲ့ ကိုယ်တော်ရှင်ရှိနေရင် ဘာကြောင့်များ အစားထိုးဘို့လိုမှာလဲ?

60 ၆၀။ စဉ်းစားပါ။ တစ်မိနစ်ခန့် အချိန်ယူပြီး စဉ်းစားပါ။ အမျိုးသမီးတစ်ယောက်ဟာ အခြားသောဘာသာစကားကို ပြော တယ်ဆိုရင် ဆံပင်တိုလေးတွေ ညပ်ပြီးတော့ နှုတ်ခမ်းနီ တွေဆိုးတယ်။ နောက်ပြီးတော့ ဘုရားကျောင်းကိုတက်တယ်။ အဲဒါဟာ သန့်ရှင်းသောဝိညာဉ်တော်ရဲ့အထောက်အထား မဟုတ်ပါဘူး။

တစ်ကယ်ကျမ်းစာကျောင်းကြီး၊ ဓမ္မတက္ကသိုလ်ကြီးက တရားဟောဆရာက တြိနိတီဗတ္တိဇံကို အသုံးပြုပြီးတော့ နူတ်ကပတ် တော်နဲ့ အပေးအယူလုပ်ခြင်း၊ တစ်ခြားဂိုဏ်းဂဏတစ်ခု ဒါမှမဟုတ် ယုံကြည်ချက်တစ်ခုကို အပေးအယူလုပ်ခြင်း ဖြစ်ပါတယ်။ အဲဒါဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဟုတ်ပါသလား? ကျွန်တော်ကတော့ အဲလိုမမြင်ပါဘူး။ အဲဒါကတော့ မိုက်မဲတဲ့လူတစ်ယောက်က ဆွဲယူခြင်းဖြစ်ပါတယ်။ အဲဒါကို စဉ်းစားမိပါသလား? ဘုရားသခင်ရဲ့နူတ်ကပတ်တော်ကို အသုံးပြု မဲ့အစား သူ့ရဲ့ဝိညာဉ်စစ်တမ်းအဖြစ် နူတ်ကပတ်တော်ကို အသုံးပြုရမဲ့အစား ဟောင်းနွမ်းနေတဲ့သူတွေ ယုံကြည်ချက်တွေ ဂိုဏ်းဂဏတွေကို သူက ခွင့်ပြုနေပြီးတော့ ဘုရားသခင် နူတ်ကပတ်တော် စစ်တမ်းအစား အဲဒီဟာတွေကို ဦးထိပ်ထားနေ ပါတယ်။ သူဟာ အားလုံး ကူးစက်ပျံ့နှံ့နေတဲ့ရောဂါဖြစ်ခြင်းကို ခံရပြီးတော့ သူ့ရဲ့ဩဝါဒတွေကိုလည်း အခြားသောသူတွေကို သူက လိုက်လံဖြန့်ဖြူးပေးပါတယ်။ ရွေးချယ်ထားတဲ့သူတွေကိုတောင် လှည့်ဖျားသွားလုနီးပါးဖြစ်နေပါတယ်။ နူတ်ကပတ် တော်ကို ဂရုမပြုဘဲနေပါတယ်။ သူ့ရဲ့ဝိညာဉ်ကို သူက အဲဒီအနားကိုဆွဲနိုင်မယ်ဆိုရင် အဲဒီအနားကို ဆွဲနိုင်တဲ့အရာတစ်ခု တော့ ရှိရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ခွဲခန့်ထားတဲ့ မှတ်သားခြင်းခံရတဲ့ မျိုးစေ့ကတော့ သူဆွဲလို့ရမှာ မဟုတ်ပါဘူး။ ဒီအကြောင်းအရာကို မလွဲမချော်စေပါနဲ့။ ရွေးချယ်ခန့်ထားတဲ့ မျိုးစေ့က အဲဒီမှာမရှိဘူးဆိုရင် တစ်ဖြည်းဖြည်းနဲ့အဲဒီနေရာကို ဆွဲသွားခြင်း ခံရမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့ဆန္ဒအရသူ့ကို ဆွဲသွားခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။

61 ၆၁။ ဆေးလိပ်သောက်တဲ့သူ တစ်ယောက်ဟာဆိုရင် ဆေးလိပ်သောက်ခြင်းကို လိုလားပါတယ်။ သူ့ကို တုတ်တစ်ချောင်း ယူပြီးတော့ ခင်ဗျားရဲ့လက်ကို ခင်ဗျား ပြန်စုပ်ပါလို့ပြောတယ် ဆိုရင် သူဟာ အဲဒီမှာ ရပ်ပြီးတော့ သူလက်ချောင်းတွေကို သူစုပ်နေပါတယ်။ ဘရာသာဗရမ်ဟမ်က သူ့လက်ချောင်းကို သူစုပ်ပြပါတယ်။

ဘာကြောင့် သူအဲဒီလို ပြောတာလဲ? အဲဒါဟာသူမိုက်မဲလို့ဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲ? သူဟာ နီကိုတင်းအနံ့ကိုအ ရသာခံဘူးလို့ဘဲ ဖြစ်ပါတယ်။ သူဟာစဉ်းစားတတ်တဲ့ လူတစ်ယောက်မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ခင်ဗျားက ပြောမှာပါ။ ကျွန်တော်မဟုတ်ဘူး။ ကျွန်တော်ဘာအရသာမှမခံတတ်ဘူး။ ကျွန်တော်ခံစားလိုတဲ့ အရသာကတော့ ဆေးလိပ်အရ သာကိုခံစားချင်ပါတယ်။ ကျွန်တော် တစ်ခြားအရသာကို ခံစားချင်လို့မဟုတ်ပါဘူး။

သူ့ကို အဝတ်တွေ တွယ်တဲ့ပင်အပ်တွေပေးပါ။ နောက်ပြီးတော့ သူက အဲဒီလို စုပ်ယူနေခြင်းဖြစ်ပါတယ်။ တစ်ကယ်ဘဲ သူ့ကို အဲဒီပင်အပ်တွေ စုပ်ယူခိုင်းပါ။ သူက စုပ်ယူပြီး တော့ ဘာအရသာမှ မရှိဘူးလို့ပြောမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ခင်ဗျားဘာကို စုပ်ယူနေမှာလဲ? ခင်ဗျားဟာ နီကိုတင်းဓါတ်ကို အရသာခံယူလိုတဲ့ ဆန္ဒရှိပါတယ်။ ခင်ဗျားဟာ အသင်းတော်ရဲ့ယုံကြည်ခြင်းကို စုပ်ယူနေတယ်ဆိုရင် အမျိုးသမီးတွေကလည်း ဆံပင်တိုတို ထားနေဆဲဖြစ်တယ်။ မျက်နှာချေတွေ လိမ်းပြီးတော့ မလုံ့တလုံ အဝတ်အစားလေးတွေ လှုံ့ဆော်တတ်တဲ့ အဝတ်အစားတွေကို ဝတ်ပြီးတော့ အမျိုးသားတွေက လည်း သူတို့ကို ကြည့်တယ်။ အဲဒါတွေအားလုံး ဖြစ်ပျက်ပြီးတော့ ဆက်လက်ပြီးတော့ ခင်ဗျားတို့အားလုံး အဲလိုဘဲ နေထိုင် မယ်ဆိုရင် ဘာဖြစ်မလဲ။ အဲဒီအထဲမှာလည်း ဘယ်လိုဖြစ်နေမလဲ။အဲဒီအထဲမှာ ကမ္ဘာလောကကြီး ရှိနေပါတယ်။ လောကအရသာကို ခင်ဗျားတို့တွေ့မြင် ခံစားနေခြင်းဘဲ ဖြစ်ပါတယ်။ ခင်ဗျားတို့ဟာ အရသာရဘို့အတွက် ခင်ဗျားတို့စွဲနေခြင်းဘဲ ဖြစ်ပါတယ်။

62 ၆၂။ ငါကတော့ ဒီဘုရားကျောင်းကို သွားတယ်။ သူတို့ကတော့ အဲဒါနဲ့ပတ်သက်လို့နံမည်မပေးထားပါဘူး။ အဲဒါနဲ့ပတ် သက်လို့လည်း သူတို့ဘာမှ မပြောပါဘူး။ ထိုအရာနဲ့ပတ်သက်လို့လည်း သူတို့ဘာမှ မပြောပါဘူး။ ဘာကိုမှလည်း သူတို့မဖေါ်ထုတ်ပါဘူး။ ကျွန်တော်တို့ရဲ့ သင်းအုပ်ဆရာကတော့ သဘောထားကြီးတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ဒါတွေ ထက်ပိုပြီး သဘောထားကြီးပါတယ်။ ကျွန်တော်တို့ အဲဒါတွေကို မပြောပါဘူး။ အဲဒါတွေက ဘာလဲ ခင်ဗျားတို့ဟာ လောကအ ရာတွေကို အရသာခံပြီးတော့ ခင်ဗျားတို့အဲဒီလောကအရာတွေကို စုပ်ယူနေခြင်းဘဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း စဉ်းစားတတ်တဲ့အမျိုးသမီးကတော့ အဲဒီလိုအရာတွေကို လက်ခံမှာ မဟုတ်ပါဘူး။ သူမဟာ သန့်ရှင်းပြီးတော့ မြင့်မြတ်ရမယ်ဆိုတာကို သူမကိုယ်သူမ သိပါတယ်။ ခင်ဗျားတို့ကို ဆွဲဆောင်နိုင်တဲ့အရာကတော့ ဘုရားသခင်ရဲ့နူတ်ကပတ် တော်အားဖြင့် ဆွဲရမဲ့ သန့်ရှင်းသောဝိညာဉ်တော်ဘဲ ဖြစ်ပါတယ်။ တန်ခိုးတော်ဖြစ်ပြီးတော့ နူတ်ကပတ်တော်သာ သင်တို့အထဲမှာ ကျိန်းဝပ်စေနိုင်ဘို့အတွက် တန်ခိုးတော်နဲ့ပြည့်စုံစေပါတယ်။ သခင်ယေရှုအတွက် အသက်ရှင်ဘို့ဖေါ်ပြနေပါတယ်။ သင်တို့နေထိုင်အသက်ရှင်နေတဲ့ ခေတ်ကာလမှာ သခင်ယေရှုကို ဖေါ်ပြနိုင်အောင် အသက်ရှင်ရမှာ ဖြစ်ပါတယ်။ ဟာလေလုယာ၊ ညီအစ်ကို၊ အဲဒါဟာ သမ္မာတရား မဟုတ်ဘူးဆိုရင် ဘယ်ဟာ သမ္မာတရားလဲဆိုတာ ကျွန်တော် မသိတော့ပါဘူး။ အဲဒါဟာ သမ္မာတရား မဟုတ်ဘူးဆိုရင် ကျွန်တော်လည်း ကျွန်တော့်စိတ်တွေ ခြောက်ခြား သွားမှာ ဖြစ်ပါတယ်။

အဲဒါကတော့ နူတ်ကပတ်တော်ဖြစ်တယ်။ သင့်စိတ်နှလုံးထဲမှာ အမြဲရှိနေပါတယ်။ ကြိုတင်ခွဲခန့်မှတ်သားထားပါတယ်။ အဲဒါ ကတော့ တစ်ကယ်ကို ဆွဲဆောင်ခြင်းဘဲ ဖြစ်ပါ တယ်။ လောကအရာတွေအားလုံးကို ထွေးထုတ်လိုက်ပါတယ်။ လောကအရာတွေ တစ်ခုမှ သူအလိုမရှိပါဘူး။ ဒါပေမဲ့လည်း နူတ်ကပတ်တော်အထဲကို ရောက်ရှိလာတဲ့အခါမှာ ဆွဲ ဆောင်ဘို့အတွက် စတင်မှာဖြစ်ပါတယ်။ နူတ်ကပတ်တော်အားဖြင့် ဆွဲဆောင်တဲ့အခါမှာ ဘာမှမရှိဘူး။ ဒါပေမဲ့ သန့်ရှင်းသောဝိညာဉ်တော်ကတော့ နူတ်ကပတ်တော်ကို အသက်ရှင် စေပါတယ်။

63 ၆၃။ ၎င်းနောက် စဉ်းစားတတ်ပြီး ဘာသာတရား ကိုင်းရှိုင်းတဲ့စစ်တမ်းကတော့ နူတ်က ပတ်တော်ဘဲ ဖြစ်ပါတယ်။ သူ့ ရဲ့ သန့်ရှင်းတဲ့အရသာကို သူကကြေနပ်ပြီးတော့ သူ့နှလုံးသား ထဲမှာ ခံယူနေပါတယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကတော့ သန့်ရှင်းသော သူ တစ်ယောက်ရဲ့အရသာဘဲဖြစ်ပါတယ်။ ကျွန်တော်တို့ဘယ်အထဲကို ရောက်နေပြီလဲ။

ဘုရားသခင်ရဲ့အစစ်ကို သူ့ရဲ့ဝိညာဉ်အတွက် သုံးမဲ့အစားသူဟာ စာတန်မာရ်နတ် လှည့်ဖျားခြင်းကို ခံရပြီးတော့ ယုံကြည် ချက်တွေ၊ ဂိုဏ်းဂဏတွေရဲ့လှည့်ဖျားမှုကို ခံရပါတယ်။ ဆေးရွက်ကြီး ကုမ္ပဏီများကဲ့သို့ဘဲ ဖြစ်ပါတယ်။ လူတွေကို စီးကရက်သောက်အောင်လို့

လိမ်ညာလှည့်ဖျားနေပါတယ်။ ပိုမိုပြီးတော့ လူဦးရေများများ ရလာဘို့အတွက်ဘဲ ဖြစ်ပါတယ်။ မိနစ်အနည်းငယ်အတွင်းမှာ ကျွန်တော် နိဂုံးချုပ်ပြီးတော့ ပြောကြားလိုပါတယ်။

64 ၆၄။ မျက်စိကွယ်နေတဲ့ လာအိုဒီစီးယား ဘယ်လောက်အထိများ မျက်စိကွယ်နေမှာလဲ။ မျက်စိကွယ်နေတဲ့ လာအိုဒီစီး ယား၊ လောဒိကိ၊ ဒီခေတ်ကာလမှာ မျက်မမြင်တွေကို လမ်းပြ နေတဲ့မျက်မမြင်ဘဲ ဖြစ်ပါတယ်။ အတုအယောင်၊ ဟန်ဆောင် မှုများတွေ၊ အတုအယောင် မှားယွင်းတဲ့ ယုံကြည်ချက်တွေ၊ ဩဝါဒတွေ၊ မှားယွင်းတဲ့ ဩဝါဒတွေ၊ မှားယွင်းတဲ့ ဂိုဏ်းဂဏ တွေ၊ နောက်ပြီးတော့ ယုံကြည်ခြင်း ခံယူချက် အမှားတွေရေးသားထားတဲ့ စာအုပ်တွေ စသည်ဖြင့် လောဒိကိအသင်း တော်ဟာ မျက်စိကွယ်လျှက် မျက်မမြင်က လမ်းပြနေပါတယ်။ ဟိုးချောက်ထဲကို ကျဘို့အတွက် သင်တို့အားလုံးဟာ ဦးတည်နေပါတယ်။

ဒီနေ့ညတော့ ခင်ဗျားရဲ့စစ်တမ်းကို ပြောင်းလိုက်ပါ တရားဟောဆရာ၊ ဂိုဏ်းဂဏ ဆိုင်ရာနီကိုတင်းတွေကို ခင်ဗျားရဲ့စစ္စတန်ထဲကို မထည့်ပါနဲ့။ ခင်ဗျားရဲ့စံနစ်ထဲကို မထည့်ပါနဲ့။ ခံယူချက်တွေ၊ ဩဝါဒတွေ မထည့်ပါနဲ့။ သခင်ယေရှုမိန့်တော်မူ တဲ့အတိုင်းဘဲ ဘယ်သူဘဲဖြစ်ဖြစ် နှုတ်ကပတ်တော်ကို အက္ခရာဗိန္ဒုတစ်လုံး ပေါင်းထည့်လိုက်တယ်၊ ဒါမှမဟုတ်ထုတ် ယူလိုက်တယ်ဆိုရင် ခင်ဗျားရဲ့ပရိတ်သတ်ကို ခင်ဗျားပြောတဲ့အတိုင်းဘဲ အမျိုးသမီးတွေ အဲလိုလုပ်၊ အမျိုးသားတွေ အဲလိုလုပ်စသည်တို့ဖြင့် ဒီအရာ၊ ဟိုအရာ စသည်ဖြင့် ဒီအရာဟိုအရာ တွေကို သူတို့ဆက်လက်ပြီးတော့ မှန်ကန်တယ်လို့ထင်မြင်တယ်ဆိုရင် အဲဒီယုံကြည်ချက်တွေ၊ အဲဒီအရာတွေအားလုံးကို လက်ခံထားတယ်ဆိုရင် မိမိကိုယ်ကိုမိမိ ပြန်ပြီး တော့စစ်ဆေး ပြီးတော့ ရှက်ဖွယ်ဖြစ်တဲ့အကြောင်းကို သိကြပါ။ မျက်စိကွယ်နေတဲ့ ဖာရိရှဲများလို့သခင်ယေရှု မိန့်တော်မူ ပါတယ်။

65 ၆၅။ သခင်ယေရှုက ကြွေးကြော်ပြီးတော့ မျက်မမြင်ဖာရိရှဲများလို့ပြောပါတယ်။ သန့် ရှင်းသောဝိညာဉ်တော်ကတော့ ယနေ့ည ကျွန်တော်တို့ဟစ်အော်နေတဲ့ နှလုံးသားများထဲမှာ မျက်မမြင်၊ လောဒိကိ ဘုရားသခင်ဟာ နိုးထမှုကို ရံဖန်ရံခါဘယ်နှစ်ခါ သင်တို့ကို ပေးပါသလဲ။ ယခုအခါမှာတော့ သင်တို့အချိန်ရောက်လာပါပြီ။ ယခုအခါမှာတော့ သိပ်နောက်ကျ သွားပါပြီ။ သင်မည်ကဲ့သို့ရယ်မောပြီးတော့ လူများကို ပျက်ယယ်ပြုပါသလဲ။ ဘုရားသခင် သင့်ကို စေလွှတ်တယ်လို့သင်က လူအများကို ဟာသလုပ်ပြီး ပြောပါတယ်။ ယခုအခါမှာ တော့ သင့်အချိန် ရောက်လာပါပြီ။ အို.အမေရိကန်ပြည်ထောင်စု၊ ဘုရားသခင်ဟာကြက်ငယ်ကလေးများကို စုသိမ်းသကဲ့သို့ဘုရားသခင်ဟာ သင့်ကို ဂရုတစိုက်နဲ့သိမ်းဆည်းပါတယ်။ ဒါပေမဲ့ သင်ကတော့ လက်မခံပါဘူး။ အခု အသံကတော့ ကမ်းခြေတစ်ခုကနေ တစ်ခုသွားမှာ ဖြစ်ပါတယ်။ မြောက်ပိုင်းကနေ တောင်ပိုင်း၊ အရှေ့ကနေ အနောက်စတဲ့အသံက ကူးစက် သွားမှာ ဖြစ်ပါတယ်။ ဘုရားသခင် သင့်ကို မည်မျှ စုသိမ်းပါသလဲ။ ဒါပေမဲ့လည်း သင်က စုသိမ်းခြင်းကို မခံပါဘူး။ အခုအချိန်မှာ သင့်အချိန် ရောက်လာပါပြီ။

နိုင်ငံများဟာ ကွဲပြလျှက် ရှိကြတယ်။ ကမ္ဘာကြီးဟာလည်း ကွဲပြားနေပါပြီ။ မိုင်ပေါင်း (၁၅၀၀)လောက် ကွာခြားနေတယ်။ နောက်ပြီးတော့ အကျယ်အားဖြင့်လည်း မိုင်ပေါင်း သုံးလေးရာလောက် ကျယ်ပြန့်ပါတယ်။ အဲဒါတွေအားလုံးဟာ နစ်မြုပ်သွားမှာ ဖြစ်ပါတယ်။ ရာပေါင်းများစွာ ဒါမှမဟုတ်လည်း အင်မတန်မှ ကြီးမားတဲ့အပြစ်နွံထဲကို မိုင်ပေါင်း (၄၀)လောက် နိမ့်ဆင်းသွားရမှာ ဖြစ်ပါတယ်။ ဒီနေ့ရက်များရဲ့တစ်နေ့မှာ လှိုင်းတွေဟာ ကင်တာကီပြည်နယ်တစ်ခုလုံးကို မြေပြင်ပေါ်ကနေ ဖြုတ်သိမ်းသွားရမှာ ဖြစ်ပါတယ်။ အဲလိုဖြစ် သွားတဲ့အခါမှာ ကမ္ဘာကြီးတုန်လှုပ်သွားရမှာ ဖြစ်ပါတယ်။ အားလုံးကို တုန်လှုပ်ခြောက်ခြားသွားစေမှာဖြစ်ပါတယ်။

ငါ့ကို ဒီကျောက်တောင်တွေပေါ်မှာ ပုန်းကွယ်ခိုင်းပါ။ ငါ့ကို ဖုံးထားပါ။ ဘုရားသခင် ကျွန်တော်ကို ခွင့်ပြုပါ။ ကျွန်တော့်အ ပေါ်မှာ အသက်ရှူတော်မူပါကိုယ်တော်၊ အသက်ရှင်တော်မူတဲ့ ဘုရားသခင်ရဲ့ဝိညာဉ်တော် ကျွန်တော့်အပေါ်မှာ အသက်ရှူ တော်မူပါ။ ဘုရားသခင်ရဲ့ ရေစစ်ကိုယူပြီးတော့ အဲဒီရေစစ်အောက်မှာ အသက်ရှင်ပါရစေ ကိုယ်တော်၊ သန့်ရှင်းသောဝိညာဉ် တော်ရဲ့လတ်ဆတ်တဲ့လေကို ရှူပါရစေ၊ ကျွန်တော့်ရဲ့အဆုတ်ထဲကို ရှူသွင်းပါရစေ၊ ကျွန်တော့်ရဲ့စိတ်ဝိညာဉ်ထဲကို နေ့စဉ် ရှူသွင်းပါရစေ၊ ကိုယ်တော်ကို ကျွန်တော် မပြစ်မှားမိအောင် မစတော်မူပါကိုယ်တော်၊ ကိုယ်တော်ရှင်ရဲ့ဝိညာဉ်တော်ကို ကျွန်တော့်အပေါ်မှာ ရှူသွင်းတော်မူပါ၊ ကျွန်တော့်အပေါ်မှာ ရှူသွင်းတော်မူပါ။

66 ၆၆။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကို ကျွန်တော့်ရဲ့စိတ်နှလုံးထဲမှာ စိုက်ပျိုးပြီးတော့ ရည်ရွယ်ချက်ကတော့ ကျွန်တော်ဟာ ညာဘက်ကနေ ဘယ်ဘက်ကို မပြောင်းလဲဘို့ဘဲဖြစ် ပါတယ်။ နှုတ်ကပတ်တော်ကနေ ပြောင်းလဲ ဝေးကွာမသွားဘို့ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်ဟာ အဲဒီ နှုတ်ကပတ်တော်အတိုင်း အသက်တာတစ်လျှောက် လုံးမှာ စစ်မှန်စွာ အသက်ရှင်သွားပါတယ်။ အို.အဖဘုရားသခင်၊ ကျွန်တော့်အပေါ်မှာ အသက်တာရဲ့သန့်ရှင်းသောဝိညာဉ် တော်ကို စေလွှတ်တော်မူပါ။ အဲဒီစကားလုံးတွေ ကျွန်တော့်အပေါ်မှာ သက်ရောက်စေတော်မူပါ။ ဒါမှ သခင်ယေရှုကို ကျွန်တော် ဖေါ်ပြမှာဖြစ်ပြီးတော့ ကျွန်တော့်ရှေ့မှာ ရှိတဲ့သူတွေရှေ့မှာ ဖေါ်ပြခြင်း ခံရမှာ ဖြစ်ပါတယ်။ ဖြစ်ပျက်မဲ့ အဖြစ်အပျက်တွေ ကိုလည်း ကြည့်ရှုဘို့ဖြစ်ပါတယ်။ အဲဒါဟာ ကျွန်တော့်ရဲ့ ဆုတောင်းချက်ဘဲဖြစ်ပါတယ်။

ဒီအသင်းတော်တွေ ဘယ်လိုလုပ်နေသလဲဆိုတာကို သတိပြုကြည့်ပါ။ သူတို့ရဲ့လူတွေ အသင်းသားတွေကို ဂိုဏ်းဂဏဆိုင်ရာ ရေစစ်ထဲမှာ ထည့်ပြီးတော့ အယ်ကယူမန်နီ ကယ်လ် ကောင်စီထဲကို သူတို့က စုပ်သွင်းနေကြပါတယ်။ ဘာကြောင့်လဲ၊ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ စိတ်နှလုံးဆန္ဒအတိုင်း ဒီအဖွဲ့အစည်းတွေက ဖန်တီးပေးလို့ဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အဖွဲ့အစည်းရဲ့အရသာကို တွေ့ရှိနေပါတယ်။ သူတို့ အဲဒါကို ပြုလုပ်မှာ ဖြစ်ပါတယ်။

ဘုရားသခင်က သူထံကို နိုးထမှုတွေ ပို့လိုက်တဲ့အခါတိုင်း သူတို့ဘာလုပ်ပါသလဲ။ သူတို့အဖွဲ့အစည်း ဖွဲ့စည်းပါတယ်။ အဲဒါမှန်ပါသလား? သူတို့မှာ သူတို့ရဲ့ရေစစ်အမျိုးအစား ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့မှာ အင်မတန်ကြီးမားတဲ့ အရသာရရှိထားလို့ဘဲ ဖြစ်ပါတယ်။ အခု ဘုရားသခင်ဟာ သူတို့ရဲ့အရသာခံမဲ့ဆန္ဒကို သူတို့ကို ပေးလိုက်ပါတယ်။ ကိုယ်တော်ရှင် သူတို့ကို ပေးမှာဖြစ်ပါတယ်။ သူတို့ကလည်း သူတို့ရဲ့အသင်းသားတွေကို အယ်ကယူမန်နီကယ်လ် ကောင်စီတွေထဲ စုတ်သွင်းလိုက်ပါတယ်။ သူတို့ ရဲ့ဂိုဏ်းဂဏဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာ အရသာတွေထဲကို သူတို့ရရှိမှာ ဖြစ်ပါတယ်။ အဲဒါလာနေပြီဆိုတာကို လည်း သူတို့ရရှိမှာ ဖြစ်ပါတယ်။

67 ၆၇။ အို.လောဒိကိအသင်းတော်၊ ဒီခေတ်ကာလမှာ သူတို့ရဲ့လှည့်ဖျားမှုတွေနဲ့လှည့်ဖျားမခံပါနဲ့။ အိုပင်တေကုတ္တေ သင်ကလည်း လောဒိကိထဲကို ရောက်ရှိပျောက်ကွယ်သွားပြီ ဖြစ်ပါတယ်။ သင်ဟာ လောဒိကိအသင်းတော်ရဲ့တစ်စိတ်တစ် ဒေသဖြစ်ပါတယ်။ အသင်းတော်ဟာ သေနေပြီဖြစ်ပါတယ်။ မက်သဒစ်အားဖြင့်၊ နှစ်ခြင်းအားဖြင့်၊ ပရက်စ်ဘီတေးရီး ယန်းအားဖြင့် တစ်ကယ့်ကို ရိုးရာအစဉ်အလာအတိုင်းလုပ်ရင် လုပ်တဲ့ပုံစံအားဖြင့် ဖြစ်သွားပါပြီ။ သင်တို့ပင်တေကုတ္တေအား လုံးကလည်း တစ်ချိန်တုန်းက အာမင်လို အမြဲတမ်း ခေါ်ခဲ့ပါတယ်။ ဂီတတွေ အများကြီးတီးခတ်နိုင်ပါတယ်။ ပလက်ဖောင်း ပေါ်မှာ သီဆိုနိုင်ပါတယ်။ အခုအခါမှာတော့ ဆံပင်တို မိန်းကလေးတွေဖြစ်ပြီးတော့ တစ်နေရာထဲမှာ မကဘဲပျံ့နှံ့ပြီးက ခုန်နေပါတယ်။ အဲဒါတောင်မှ အနာရောဂါငြိမ်းစေခြင်းကို ယုံကြည်ဆဲ ဖြစ်နေပါတယ်။ ဘုရားသခင်က ဘယ်နှစ်ခါ သင့်ကို ဆောင်ယူရမှာ ဖြစ်ပါသလဲ။ သင်ဟာ နောက်ထပ် ရေစစ်တစ်ခုကို ယူလိုက်ခြင်းဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏဆိုင်ရာ ရေစစ်ဖြစ်ပါ တယ်။ မည်မျှကြာအောင် ဘုရားသခင်က သင့်ကို ယူဆောင်ရပါသလဲ¿

မည်မျှ လှည့်ဖျားနေတဲ့အရာဖြစ်ပါသလဲ။ (မဿဲ၂၄း ၂၄)မှာ သခင်ယေရှု မိန့်တော်မူတဲ့အတိုင်းဘဲ ရွေးချယ်ထားတဲ့သူတွေ ကိုတောင် ဖြစ်နိုင်ရင် လှည့်ဖျားသွားမှာ ဖြစ်ပါတယ်။ အဲဒါနဲ့သင်တို့ဟာ ဘယ်လောက်နီးစပ်နေပါသလဲ? ဇဝက်ကဲ့သို့ဘဲ ဖြစ်ပါတယ်။ ဇဝက်ကဲ့သို့တစ်ခုထဲကို ဒါမှမဟုတ် (၂)ခု အသေးအဖွဲ့လေးတွေကို သူက စွန့်ခွာလိုက်ပြီးတော့ လက်ခံလိုက် ပါတယ်။ သင်တို့ဟာ အဖွဲ့အစည်းဖွဲ့စည်းတယ်ဆိုတဲ့အတွက် နှုတ်ကပတ်တော်ကို မလက်ခံရရှိတော့ပါဘူး။ အဲဒါတွေအား လုံးဟာ တစ်ခုလုံးကို ယူဆောင်သွားနိုင်ပါတယ်။ အနည်းဆုံး တစ်ခုကို တားဆီးနိုင်မှသာ တစ်ခုလုံးဟာ အပြစ်မရှိဘဲမနဲ့အပြစ်မဲ့ကင်းစင်သွားမှာ ဖြစ်ပါတယ်။

68 ၆၈။ ပင်တေကုတ္တေ ဘုရားသခင်ရဲ့အစစ်အားဖြင့် သင့်ရဲ့အတွေးအခေါ်ကို ဖြတ်သန်းပြီးတော့ စစ်ကြည့်ပါ။ သင့် ရဲ့ဂိုဏ်းဂဏဆိုင်ရာ အိမ်မက်တွေအားဖြင့် မဟုတ်ဘဲနဲ့သန့်ရှင်း သောလူ ရဲ့အရသာအားဖြင့်ဘဲလာပါ။ တစ်ကယ်စစ်မှန်တဲ့ သန့်ရှင်းသောဝိညာဉ်တော်ရဲ့ ဗတ္တိဇံအားဖြင့်ဘဲ ဖြတ်သန်းလာပါ။

လူတစ်ယောက်က သူ့ရဲ့ဇနီးသည်ကို ဆံပင်ဖြတ်ခွင့်ပေးတယ်ဆိုရင် သင်စဉ်းစား ကြည့်ပါ။ ဘောင်းဘီတိုလေးတွေ၊ စကပ် တိုလေးတွေဝတ်ခိုင်းမယ်။ သူဟာ တစ်ကယ်ဘဲ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့ရေစစ်အားဖြင့် ဖြတ်သန်းသွားလာတာ ဟုတ်ပါရဲ့လား? အဲဒီလိုမျိုး လုပ်နေတဲ့ လူတစ်ယောက်ကို စဉ်းစားမိပါရဲ့လား?

သင်းအုပ်ဆရာတစ်ဦးက တရားဟောပလ္လင်မှာ ရပ်ပြီးတော့ သူ့ရဲ့အသင်းသား တွေကလည်း သူ့ကို လစာကောင်းကောင်း ပေးထားတယ်။ သူ့ကိုလည်း ကျောသတ် ထားတယ်။ သူ့ကိုလည်း ဒေါက်တာ၊ ညီကို၊ သိက္ခာတော်ရဆရာတော် စသည်ဖြင့် ပြောမယ်ဆိုရင် နောက်ပြီးတော့ သူ့ကိုအားလုံး ပါတီပွဲတွေခေါ်မယ်။ နောက်ပြီးတော့ သူတို့အားလုံး စုပေါင်းပြီး တော့ ရေချိုးတာတို့ကမ်းနားကို သွားတာတို့၊ ကမ်းခြေမှာ သွားပြီးအပန်းဖြေတာ တို့ အကုန်လုံးသွားလုပ်မယ်ဆိုရင် အဲဒီလူဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့ရေစစ် စစ်တမ်းကို ဖြတ်ကျော်သွားပြီလို့သင်စဉ်းစားမိပါသလား¿

အမျိုးသမီးတွေလည်း တရားဟောပလ္လင်ပေါ်တက်ပြီးတော့ သူတို့ရဲ့အဝတ်အစားတွေဟာ ဒူးအထိရောက်တယ်၊ ကြပ်ညှပ် ကပ်ပြီးတော့ ကိုယ်ခန္ဓာအစိတ်အပိုင်းတွေကို အကုန်လုံးဖော်ပြထားတဲ့ ပုံမျိုးဖြစ်တယ်။ သူတို့လှုပ်ရှားမှုတိုင်းဟာ သူတို့ရဲ့အောက်ခံအင်္ကျီ တွေကို ဖော်ပြနေတယ်။ သူတို့ရဲ့အဝတ်အစားတွေကို ဖော်ပြနေတယ်။ အင်မတန် စကပ် တိုတိုလေးတွေ ဝတ်ထားရလောက်အောင်ကို ဆိုးရွားတယ်။ စသည်တို့ကို စဉ်းစားမိပါသလား? သင်တို့ပင်တီကော်စတယ်လ်တွေ၊ ပင်တေ ကုတ္တေအသင်းသားတွေ၊ မျက်စိမမြင်တော့ဘူး။ လောဒိကိအသင်းတော်တွေ၊ တရားဟောဆရာတွေလည်း ဒီလိုဖြစ်နေပါ တယ်။ ဘုရားသခင် သင်တို့ကို ဘယ်လောက် စိတ်ရှည်သီးခံရမှာလဲ? ကျွန်တော်လည်း မသိတော့ပါဘူး။ ဘုရားသခင် ကိုယ်တော်ရှင်ရဲ့မျက်စိကွယ်နေတဲ့ မျက်လုံးတွေအတွက် ဂရုဏာရှိ တော်မူပါ။ ကိုယ်တော်ရှင်က ဒီည မျက်စဉ်းခတ်ပါ။ သင်တို့မျက်လုံးတွေကိုဖွင့်ပါ။ သင်တို့မျက်စိတွေကို မြင် အောင်လုပ်ပါလို့ဆိုထားပါတယ်။

69 ၆၉။ ဒီမနက် ကျွန်တော် ပြောတဲ့အတိုင်းဘဲ ကျွန်တော်တို့ဟာ မြင်တွေ့နေရတဲ့ ခေတ်ကာလ ဖြစ်ပါတယ်။ ထိပ်ဆုံးကို ရောက်နေပါပြီ။ ဒီအရာတွေထက် သာပြီးတော့ ထိပ်ကို ရောက်မဲ့အရာ မရှိတော့ပါဘူး။ သင်တို့ပြင်ပအားဖြင့် လွတ် လပ်စွာဖြင့် လှုပ်ရှားနိုင်ပါတယ်။ သိသာနေပါတယ်။ သင်တို့၏နှာခေါင်းအားဖြင့် သင်တို့အနံ့ခံနိုင်ပါတယ်။ သင်တို့ရဲ့နှုတ်ဖျားတွေအားဖြင့်လည်း သင်တို့အရသာခံနိုင်ပါတယ်။ စကားပြောနိုင်ပါတယ်။ သင်တို့ရဲ့လက်တွေအားဖြင့်လည်း သင် တို့ခံစားပြီးတော့ ထိတွေ့နိုင်ပါတယ်။ ခြေထောက်တွေအား ဖြင့်လည်း ရောက်နိုင်ပါတယ်။ ဒါပေမဲ့လည်း မျက်လုံးတွေထက် သာပြီးတော့ ရှေ့ရောက်ပြီးတော့ မသွားနိုင်ပါဘူး။

(မာလခိ ၄)မှာ ဘာဖော်ပြထားသလဲဆိုတော့ ညနေခင်းအချိန်မှာ အလင်းမြင်ရမယ်လို့ပြောထားပါတယ်။ အလင်းထဲမှာ လိုက်လျှောက်ပါလို့ဆိုထားပါတယ်။ ကျွန်တော်တို့ဟာ လုပတဲ့ အလင်းထဲမှာ လိုက်လျှောက်မှာဖြစ်ပါတယ်။ အင်မတန် တောက်ပပြီးတော့ ဂရုဏာတော်နှင့် နှင်းစက်တွေ လာတဲ့နေရာကနေဘဲ ဖြစ်ပါတယ်။ နေ့ရောညပါ ကျွန်တော်တို့အနားမှာ တောက်ပနေမှာပါ။သခင်ယေရှု၊ ဒီလောကရဲ့အလင်း နှုတ်ကပတ်တော်ဘဲဖြစ်ပါတယ်။

မှန်ပါတယ်။ အဲဒီဟာကို ဖြတ်လျှောက်သွားပါ ညီကိုတို့၊ ခင်ဗျားတို့ထွက်လျှောက်လာတဲ့အခါမှာ သန့်ရှင်းသောဝိညာဉ် တော် ရဲ့ အရသာအတိုင်း ဖြတ်ထွက်လာရမှာဖြစ်ပြီး သန့်ရှင်းသောဝိညာဉ်တော်နဲ့အတူ ဖြတ်ထွက်လာရမှာဖြစ်ပါတယ်။

70 ၇၀။ သတို့သမီးတွေလည်း ခေတ်မှီအဝတ်အစားတွေကို တွေးခေါ်မနေတော့ဘဲနဲ့ထားပစ်လိုက်ပါ။ ခေတ်မှီအတွေးအခေါ် တွေကို ဖယ်ထားလိုက်ပါ။ ဟိုးလမ်းမထွက်လိုက်ပြီးတော့ အမျိုးသားတွေရဲ့ရှေ့မှာ သွားရမယ်ဆိုရင် မိန်းမငယ်လေးတွေ ဘဲဖြစ်ဖြစ် မိန်းမအသက်ကြီး ကြီးတွေဘဲဖြစ်ဖြစ် အဝတ်အစားတွေအားလုံး ကြတ်တောက်ပြီးတော့ အရှေ့ကခွဲထားတာတို့အနောက်ကခွဲထားတာတို့နဲ့ မဝတ်စားမဆင်ယင်ပါနဲ့။ ကျွန်တော်က ဝေဖန်တာမဟုတ်ပါဘူး။ ကျွန်တော်က ခင်ဗျားတို့ရဲ့ညီကိုပါဘဲ။ ကျွန်တော်ဟာ အသက်ရှင်တဲ့သူတွေနဲ့ သေတဲ့ သူတွေကြားမှာ ရပ်တည်နေရပါတယ်။ ကျွန်တော် ပြောတဲ့အရာ တွေကိုလည်း ကျွန်တော်သိပါတယ်။ အပြင်ကို ထွက်မလာခင်မှာ

သင့်ရဲ့ကိုယ်ခန္ဓာဟာ သန့်ရှင်းစင်ကြယ်နေပါတယ်။ သန့်ရှင်းစင်ကြယ်တဲ့ အမျိုးအနွယ်ဖြစ်ပြီးတော့ ဘုရားသခင်က သင့်ကိုပေးအပ်ထားပါတယ်။ လမ်းလွဲကို ရောက်မသွားခင် အဲဒီလိုမျိုး ဝတ်စားဆင်ယင်ပါ။ စဉ်းစားတတ်တဲ့ အမျိုးသမီးရဲ့ စစ်တမ်းအားဖြင့်ဘဲ သင့်စိတ်နှလုံးကို ဖြတ်သန်းပါ။ သတိပြု ဆင်ခြင်ရမဲ့အရာကတော့ သင့်ကို ပြစ်မှားတဲ့အကြည့်နဲ့ကြည့်လိုက်ပြီဆိုရင် သူ့ရဲ့စိတ်နှလုံးထဲမှာ ပြစ်မှားနေပြီ ဖြစ်ပါတယ်။ အဲဒါကို သတိရပါညီမတို့၊

ညီအစ်ကိုတို့၊ သူမကိုကြည့်ဘို့ခေါင်းကိုလှည့်လိုက်တဲ့အခါမှာ ဒုတိယအကြည့်ကတော့ တစ်ကယ်ဘဲ ဘုရားသခင်ရဲ့စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းအားဖြင့် ကိုယ့်စိတ်နှလုံးကို ကိုယ်ပြန်စစ်ပါ။ ဒါမှသာ စဉ်းစားတတ်တဲ့လူတစ် ယောက်ရဲ့အရသာကို ခံစားရပြီးတော့ အဲဒီထဲကနေ ထွက်လာရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့အရာကို ရွေးချယ်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

71 ၇၁။ သင့်ရဲ့စိတ်နှလုံးကတော့ စဉ်းစားတတ်တဲ့ အမျိုးသမီးတစ်ယောက်ရဲ့စစ်တမ်းအတိုင်း ဖြတ်သန်းစဉ်းစားသွားပြီဆို ရင် သန့်ရှင်းတဲ့အမျိုးသမီးရဲ့အဝတ်အစားနဲ့သင်က ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ သင်ပေါ်ထွက်လာမှာ ဖြစ်တဲ့အတိုင်း သန့်ရှင်းတဲ့လူတစ် ယောက်ရဲ့အကြည့်ကလည်း ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါကတော့ တစ်ခုတည်းသော အရာ ဖြစ်ပါတယ်။ သင်ပြုလုပ်တဲ့အရာတိုင်းဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်တည်းဟူသော ရေစစ်ကိုဖြတ်သွားရမှာ ဖြစ်ပတယ်။ အဲဒါမှ အမှားအမှန် ခွဲခြားနိုင်မှာ ဖြစ်ပါတယ်။

သန့်ရှင်းတဲ့ အမျိုးသမီးတစ်ယောက်ရဲ့အဝတ်အစားနဲ့သင်က ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ ဆံပင်ရှည်မှာဖြစ်ပါတယ်။ သိက္ခာရှိစွာ ဝတ်စားဆင်ယင်ထားမယ်။ အေးချမ်းမယ်။ နှိမ့်ချတဲ့စိတ်ဝိညာဉ်ရှိမယ်။ ထောင်ထောင်၊ ထောင်ထောင်နဲ့ကြွားဝါခြင်း မဟုတ် တော့ပါဘူး။ ရန်ဖြစ်တတ်တဲ့ ပုံစံမျိုးလည်း မဟုတ်တော့ပါဘူး။ အေးချမ်းပြီးတော့ ယဉ်ကျေးသိမ် မွေ့တဲ့ စိတ်ဝိညာဉ်ရှိပြီးတော့ ဘုရားသခင်ထံမှ အင်မတန် ကြီးမားတဲ့ ဘဏ္ဍာဘဲဖြစ်ပါ တယ်။ သမ္မာကျမ်းစာမိန့်တော်မူပါတယ်။ ယခုအခါမှာ သင့်ကိုကျွန်တော် တစ်စုံတစ်ရာကိုမေးလို ပါတယ်။ ဟိုးနယ်ထဲမှာဘဲ ဖြစ်ပါတယ်။ အခု မိနစ်အနည်းငယ်အ တွင်းမှာ ကျွန်တော်တို့နိဂုံးချုပ်မှာ ဖြစ်ပါတယ်။

72 ၇၂။ ယခုအခါမှာ ကျွန်တော်တို့အားလုံး ဒီနေ့ည ကျွန်တော်တို့စိတ်နှလုံး ဆန္ဒတွေကို စစ်ဆေးကြပါစို့။ အဲဒါမှ သင်တွေ့ ရမဲ့အရာကတော့ ဘယ်လိုစစ်တမ်းမျိုးနဲ့သင်ဟာ စစ်ဆေး ခံခဲ့သလဲဆိုတာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့စစ်ဆေးကြပါစို့။ တစ်ယောက်စီထွက်လာပြီးတော့ ဒီနိုင်ငံကို ဖြတ်ကျော်သွားကြမယ်။ မိမိတို့ ရဲ့စိတ်နှလုံး ဆန္ဒတွေကို စစ်ဆေးမှာဖြစ်ပါ တယ်။ ဘဝအသက်တာမှာ တစ်ကယ် သင်ဟာဘာဖြစ်နေပါသလဲ? ဘာအတွက် သင်ဟာ တိုက်ပွဲဝင်နေပါသလဲ။ ဒီနရာကို ဘာကြောင့် ရောက်ရှိသလဲဆိုတာကို စစ်ဆေးပါ။ ဘုရားကျောင်းတက်တယ်ဆိုတာလည်း ဘာအတွက်လဲဆိုတာကို စစ်ဆေး ပါ။ ဘာလုပ်နေပါသလဲ။ ဘုရားကျောင်းတက်ရတာ ကောင်းပါတယ်။ ဒါပေမဲ့လည်း ဘုရားကျောင်းတက်ရုံ သက် သက်မလုပ်ပါနဲ့။ အဲဒါက ခင်ဗျားကို ကယ်တင်ခြင်းပေးမှာ မဟုတ်ပါဘူး၊ မိနစ်အနည်းငယ် အချိန်ယူပြီး စစ်ဆေးပါ။ ကျွန်တော့်ရဲ့ရည်ရွယ်က ဘယ်လိုစစ်တမ်းမျိုးနဲ့ကျွန်တော်ဟာ စစ်ဆေးခံပြီးတော့ ဖြတ်သွားပါသလဲ။ ဘုရားသခင်ရဲ့နှုတ်က ပတ်တော်နဲ့ကိုက်ညီခြင်းမရှိ ဘူးဆိုရင် သင့်ရဲ့စိတ်ဝိညာဉ်ကလည်း လက်ခံမှာ မဟုတ်ပါဘူး။ တစ်စုံတစ်ခု မှားယွင်းနေပြီ ဆိုတာဖြစ်ပါတယ်။ သင်ခံတတ်တဲ့အရသာကို ရနေပါတယ်။ သင်အသက်ရှင်နေတဲ့ အသက်တာဟာလည်း ဘယ်လိုအ သက်တာမျိုး ဖြစ်နေသလဲဆိုတာကို ဖော်ပြနေပါတယ်။ အဲဒါက သန့်ရှင်းစင်ကြယ်ပြီးတော့ ဂုဏ်ယူစရာ အသက်တာမျိုး ဖြစ်ပါတယ်။ အဲဒီပုံစံဘဲ ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒီလိုမဟုတ်ခဲ့ဘူးဆိုရင် သင်ဟာနောက်ထပ် အရသာတစ် မျိုးကို သင်ရရှိနေမှာ ဖြစ်ပါတယ်။ အဲဒါအမှန်အကန်ဘဲ ဖြစ်ပါတယ်။ အဲဒီအရသာဟာ ဘုရားသခင်နှုတ်ကပတ်တော် ဘုရားသခင်ရဲ့အလိုတော်ဖြစ်မယ်ဆိုရင် သင့်အထဲမှာ ဘာရှိသလဲဆိုတာ သင်သိမှာ ဖြစ်ပါတယ်။ အဲဒီအရသာကို ရရှိနေမှာ ဖြစ်ပါတယ်။ သင်ဟာ နှုတ်ကပတ်တော်ရဲ့ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ဖော်ပြနေမှာ ဖြစ်ပါတယ်။ အဲဒီနှုတ်က ပတ်တော်ဟာ သင့်အထဲမှာရှိတယ်။ နှုတ်ကပတ်တော်အထဲကနေ ဆွဲယူခြင်းဘဲဖြစ်ပါတယ်။

73 ၇၃။ ဘာကို ဆွဲယူနေပါသလဲ။ နှုတ်ကပတ်တော်ကို ဖြတ်ပြီးတော့ ဆွဲယူနေခြင်း ဖြစ်ပါတယ်။ သင်ဟာ ခရစ်တော်ရဲ့ကိုယ်ခန္ဓာ တစ်စိတ်တစ်ဒေသဖြစ်တယ်။ ဒီခေတ်ကာလမှာ အသက်ရှင်နေထိုင်တာဖြစ်တယ်။ အဲဒီနှုတ်ကပတ်တော်ကလည်း သင့်အထဲမှာ ကျိန်းဝပ်တယ်ဆိုရင် နှုတ်ကပတ်တော်အားဖြင့် သင့်ကို ဆွဲယူမှာ ဖြစ်ပါတယ်။ သန့်ရှင်းသောဝိညာဉ်တော် ကလည်း သင့်အထဲမှာ နှုတ်ကပတ်တော်ကို အသက်ရှင်စေမှာ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် တစ်ခုတည်းသာ အသက်ရှင် နေသကဲ့သို့ဘဲဖြစ်ပါတယ်။ အဲဒီအကြောင်းပြချက်ကြောင့် ခမည်းတော်က ငါ့ကို ပေးသမျှသောသူတို့အား ငါ့ထံကိုလာမယ်။ ငါသာမြောက် ထားခြင်းကို ခံရတဲ့အခါမှာ လူသားတွေအားလုံးကို ငါ့ထံကို ဆွဲဆောင်မယ်လို့ဆိုတားပါတယ်။ ခမည်း တော်လို့ ဆိုထားပါတယ်။ ခရစ်တော်ရဲ့တစ်စိတ်တစ်ဒေသဟာ လောကထဲမှာ ကြိုတင်ခွဲခန့်မှတ်သားထားပြီးတော့ နှလုံးသားထဲကို ထည့်သွင်းထားခြင်း ရှိပါတယ်။

ဘယ်သူဘဲဖြစ်ဖြစ် အဲဒီလူကတော့ တစ်ကယ်စစ်မှန်တဲ့ ခရစ်ယာန်၊ ယ နေ့တစ်ကယ်ဘဲ ဒုတိယမွေးခြင်းခံပြီးဖြစ်တယ်ဆိုရင် ဟိုးသူကလေးငယ်လေး ဘဝကတည်းက သိနှင့် နေပြီးဖြစ်ပါတယ်။ သူ့ရဲ့နှလုံးသားထဲမှာ သူက ဘုရားသခင်ကို ဆာငတ်နေတဲ့တစ်စုံတစ်ရာ ရှိနေပါတယ်။ သင်ဟာကြိုးစားပြီးတော့ အသင်းတော်တွေကိုသွားပြီးတော့ ဆက်သွယ်ပါ တယ်။ ဒါပေမဲ့လည်း ဘာမှ အကျိုးမရှိပါဘူး။ အဲဒါကဘာလဲ။ အဲဒါကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘဲဖြစ်ပါလတယ်။ သင်ဟာ စစ်တမ်းကို ရှာဖွေနေပါတယ်။ ဒါပေမဲ့လည်း တစ်နေ့သောအခါမှာ သင့်ရှေ့မှာ ဖြတ်သွားပါတယ်။ သခင်ယေရှု သူ့ကိုတွေ့ရပါတယ်။ သခင်ယေရှုက မနေ့၊ ယနေ့၊ ထာဝရကာလ မပြောင်းလဲပါဘူး။ အရသာကို ကြေနပ်နှစ်သိမ့် စေပါတယ်။ သင့်အထဲမှာ ဆွဲဆောင်မှု အသက်တာကို ဖြစ်စေပါတယ်။ သင့်ရဲ့အသက်တာကလည်း ဆွဲဆောင်ခြင်း ဖြစ်နေပါတယ်။ ဘယ်လိုဆန္ဒမျိုးဖြစ်နေတာကိုလည်း ပြောပြနေပါတယ်။ သင်က ဆွဲနေခြင်းဖြစ်ပါတယ်။ ဒါကို ဖြတ်သန်းသွားလို့မရပါဘူး။ ထိုအရာ၊ အခြားအရာ စသည်တို့ကိုလည်း ဆွဲ ထားလို့ မရပါဘူး။ မှန်ကန်တဲ့စစ်တမ်းကို သင်က ရှာရမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ သင်ဟာ စဉ်းစားတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်လို့ပါဘဲ။

အကယ်၍ သင်ဟာ စဉ်းစားတတ်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်မယ်ဆိုရင် သင့်ကို ကြိုတင် ခွဲခန့်မှတ်သားထားပြီးတော့ စစ်ထုတ်ပြီးသား

ဖြစ်ပါတယ်။ ဟိုးကမ္ဘာဦးအစကတည်းက မတိုင်ခင်ကတည်းကဘဲဖြစ်ပါတယ်။

74 ၇၄။ အကယ်၍ ဂိုဏ်းဂဏ သင်းအုပ်ဆရာတစ်ဦးက ဒီအကြောင်းအရာကို ကြားတယ် ဆိုရင် သူဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကို ဆောင်ယူသင့်တယ်လို့ ကျွန်တော် မျှော်လင့်မိပါတယ်။ သူဟာ ဂိုဏ်းဂဏဆိုင်ရာ သာသနာပြု တစ်ဦးဖြစ်မယ်ဆိုရင် သူဟာဂိုဏ်းဂဏဆိုင်ရာ အထုပ်အပိုးတွေကို ပစ်ချလိုက်ပြီးတော့ ပျောက်ကွယ်သွားဘို့သေချာပါတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒါက လူ့ရဲ့စကားဖြစ်လို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဘုရားသခင် စစ်တမ်း ထုတ်ထားတဲ့ နှုတ်ကပတ်တော်ကို လက်ခံဘို့ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ ဘယ်တော့မှ မအောင်မြင်ဘဲနဲ့ဆုံးရှုံးပြီးတော့ ပျောက်ကွယ်သွားရတဲ့အရာတွေ မဖြစ်နိုင်တော့ပါဘူး။ သန့်ရှင်းတဲ့လူတစ်ယောက်ရဲ့အရသာကို တွေ့ထိသွားမှာဘဲ ဖြစ်ပါတယ်။ ယာကုပ် ကဲ့သို့ဘဲဖြစ်ပါတယ်။ တစ်လောကလုံးကို သူက ပူဇော်လိုက်ပြီးတော့ ဂိုဏ်းဂဏတွေ စားတဲ့အစား အစာတွေ ဒါမှမဟုတ်ရင် ထင်ပေါ်ကျော်ကြားမှုတွေ အဲဒါတွေ အားလုံးဟာ လောကနဲ့ဆိုင်တဲ့အရာတွေဘဲ ဖြစ်ပါတယ်။ အဲဒီမှာ သင်ဟာ ဘီးရှော့ဖြစ်မယ်။ ကာလီမယ်ဖြစ်မယ်။ ဒါမှမဟုတ်ရင်လည်း ပြည်နယ်တစ်ခုရဲ့အကြီးအကဲဖြစ်မယ်။ သို့မဟုတ် အင်မတန်ကြီးမားတဲ့ အသင်းတော်တစ်ခုရဲ့သင်းအုပ်ဆရာဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ အဲဒီမှာ သင်အရာခပ်သိမ်းကို ပူဇော်နိုင်မှာ ဖြစ်ပါတယ်။ သောကဲ့သို့မဟုတ်ပါဘူး။ ကမ္ဘာလောကကြီးရဲ့တစ်စိတ် တစ်ဒေသဖြစ် လာဘို့အတွက် မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ယာကုပ်ကဲ့သို့ဖြစ်ပါတယ်။ သင်ဟာ သင်ရရှိထားတဲ့အရာလုံးကို ပေးဆပ်ပြီးတော့ သားဦးအရာနဲ့လဲလိုက်ပါတယ်။ စဉ်းစား တတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ ဘာကြောင့် လဲဆိုတော့ သန့်ရှင်းတဲ့လူတစ်ယောက်ရဲ့အရသာကို သင့်ကိုပေးမှာဖြစ်သောကြောင့် ဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒါ တွေဟာ သင့်အတွက် စိတ်မကြေနပ်စရာတွေ ဖြစ်မှာဘဲ ဖြစ်ပါတယ်။ အဲဒါဟာ မကြေနပ်စရာဖြစ်မှာဘဲ ဖြစ်ပါတယ်။ ထာဝရအရသာအ တွက် ပူဇော်စရာဖြစ်ပြီးတော့ သန့်ရှင်းတဲ့ ဘုရားသခင်ရဲ့ကောင်းမြတ်ခြင်းကို အရသာခံရမှာ ဖြစ်ပါတယ်။

75 ၇၅။ စာတန်ဟာ ပထမဆုံး အပေါက်တစ်ပေါက်ကို ဧဝရဲ့နှလုံးသားထဲမှာ ဖေါက်လိုက်ပါတယ်။ ဧဝရဲ့အသိညဏ်ထဲမှာဘဲ ဖြစ်ပါတယ်။ အဲဒါဟာ သူ့ရဲ့အသိပညာနဲ့ညဏ်ပညာတွေ ဘဲဖြစ်ပါတယ်။ အဲဒီ သူ့ရဲ့အသိပညာတွေ ညဏ်ပညာတွေကို ဖြတ်သန်းသွားနိုင်ဘို့ဧဝရဲ့ အသိညဏ်ပညာကို ဖောက်ထွင်းလိုက်ခြင်းဖြစ်ပါတယ်။

ယခုအခါမှာ ဤအရာကို စဉ်းစားပါ။ ကျွန်တော် အဆုံးသတ်တော့မှာ ဖြစ်ပါတယ်။ စာတန်က ပထမဆုံးအပေါက်ကို ဖောက်လိုက်ပါတယ်။ အဲဒါမှ သူမဟာ ဘုရား သခင်နှုတ်ကပတ်တော်ကို ဝင်ရောက်လာနိုင်အောင်ပြုလုပ်ပေးမှာဖြစ်ပါတယ်။ အဲဒါကတော့ ဘုရားသခင် နှုတ်ကပတ်တော်ကို ဝိညာဉ်တော်အားဖြင့် ဖောက်ထွင်းခြင်းဖြစ်ပါတယ်။ ဘာ ကြောင့်လဲဆိုတော့ သူမက ပြောပါတယ်။ သင်ဟာ ဒီစစ်တမ်းအားဖြင့် အသက်ရှုနေသမျှ ကာလပတ်လုံး သင်ဘယ်တော့မှ မသေပါဘူး။ အဲဒီ အသက်ရှုခြင်းကို ထုတ်ယူလိုက်တဲ့အ ခါမှာတော့ သင်သေမှာဘဲဖြစ်ပါတယ်။

စာတန်က ဘာပြောသလဲဆိုတော့ နင်က ဘာကိုမှ မသိပါဘူး။ ဒီနေရာမှာ နင် သိတဲ့အရာ မရှိပါဘူး။ ဒါပေမဲ့လည်း ဒီအရသာလေးနဲ့နဲကိုတော့ ယူလိုက်ပါ။ အဲဒီအခါမှာ နင်သိလာမှာဖြစ်ပါတယ်။ နင်ဟာ ဘုရားကဲ့သို့ဖြစ်လာမှာ ဖြစ်ပါတယ်။ ဘုရားသခင်က အမှားနဲ့အမှန်ကို သိပါတယ်။ နင်ကတော့ မသိပါဘူး။ အဲဒါကြောင့်မို့လို့ဒီအရသာ လေးနဲ့နဲကို မြည်းစမ်းကြည့်လိုက်ပါ။ သူမကလည်း သူမရဲ့အသိညဏ်ထဲကို အပေါက်ဖေါက် ခွင့်ပေးလိုက်ပါတယ်။ အပေါက်ကလေးတစ် ပေါက်ဘဲ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတာကို အခုအခါမှာ သဘောပေါက်မှာပါ။ အမျိုးသမီးတွေကို ဘာကြောင့် သင်မပေးတာလဲ? ဝိညာဉ်ဆု ကျေးဇူးတွေ ဘယ်လိုရရှိမလဲ စသည်တို့ကို ဘာကြောင့် သင်မပေးတာလဲလို့သင်ပြောပေမည်။

ကျွန်တော်ကတော့ အယ်ဒီအရာတွေ သူတို့ကို ဘယ်လိုသင်ပေးနိုင်မှာလဲ? အေ၊ ဘီ၊ စီ၊ ဒီ တောင် သူတို့မတတ်တဲ့အခါမှာ ဘယ်လိုလုပ်ပြီး ဒီအယ်ဂျီဘရာ အက္ခရာဘာသာ ရပ်ကို သင်ပေးနိုင်မှာလဲ¿ အပေါက်ကလေးတစ်ပေါက်ဆိုတာကတော့ တစ်ပေါက်ထဲဘဲ ဖြစ်သွားပါတယ်။ သူကလောကရဲ့အသိပညာတွေအားလုံးကို ယူဆောင်လာတယ်။ မိသားစု တစ်စုလုံးကို သေဆုံးစေပါတယ်။ ပညာရဲ့အရသာကို မြည်းစမ်းချင်လို့ဘဲဖြစ်ပါတယ်။

76 ၇၆။ အခုအခါမှာ စစ်တမ်းကို ကြည့်လိုက်ပါ။ သူမရဲ့အရသာကို ဖေါ်ပြနေပါတယ်။ သူမဟာ လောကရဲ့အရသာကို သင်ယူရပါတယ်။ အဲဒါက သူမရရှိတဲ့အရာဘဲ ဖြစ်ပါတယ်။ အဲဒါကလည်း ယနေ့ဒီလိုဘဲဖြစ်နေပါတယ်။ သူတို့ဟာ လောကအရာတွေကို ချစ်တယ်။ လောကနဲ့ဆိုင်တဲ့ အရာတွေအားလုံးကို သူတို့လိုချင်တပ်မက် ကြပါတယ်။ ဒါပေမဲ့လည်း ပုံစံကတော့ ဘုရားတရားကြည်ညိုတဲ့ပုံစံမျိုး ဖြစ်ပြီးတော့ တန်ခိုးတော်ကို ငြင်းပယ်ထားပါ တယ်။ စာတန်ကတော့ သူတို့ကို အခြားသောဘာသာစကားတွေ ပြောဆိုခွင့်ပေးမယ်။ သူတို့ကို အော်ခွင့်ပေးမယ်။ သူတို့မှာ အနာရောဂါငြိမ်းစေခြင်း စည်းဝေးပွဲတွေလုပ်ပေးမယ်။ အဲဒီအရာတွေအားလုံးကို သူတို့ရရှိမှာ ဖြစ်ပါတယ်။

သူက ဘာပြောမလဲဆိုတော့ အဲဒီနေ့ရက်ကာလမှာ များစွာသောသူတို့ဟာ ငါ့နံမည်နဲ့ငါ့နာမ၌ရောက်လာမယ်။ ကိုယ်တော်၊ ကိုယ်တော်ရှင်ရဲ့နာမကိုအမှီပြုပြီးတော့ နတ်ဆိုးတို့ကို ကျွန်ုပ်တို့မောင်းထုတ်ခဲ့ပါတယ်။ အံ့ဖွယ်ရာတွေများစွာ ပြုလုပ်ခဲ့တယ် လို့ ပြောပါတယ်။ ကိုယ်တော်ရှင် ဘာမိန့်တော်မူမလဲဆိုရင် မင်းတို့ကို ငါမသိဘူး။ မင်းတို့က ဒုစရိုက်နဲ့ဆိုင်တဲ့အမှုကို ပြုတဲ့သူတွေဘဲဖြစ်တယ်လို့ ပြောမှာ ဖြစ်ပါတယ်။ နှုတ်ကပတ် တော်က သင့်အထဲမှာ နေရာတကျ ရောက်ရှိမယ်ဆိုရင် သင်ဟာ လောကဆိုင်ရာ ဟောင်း နွမ်းတဲ့ စစ်တမ်းကို စုပ်ထုတ်လိုက်ပြီးတော့ သင့်ရဲ့နှလုံးသားထဲမှာ အရသာကို ဖေါ်ပြနေမှာ ဖြစ်ပါတယ်။

77 ၇၇။ ဂျိုးငှက်ကလေးတွေဟာ အသေကောင်ကို မစားသောက်နိုင်ပါဘူး။ သူ တို့ ဘယ်လိုမှ စားသောက်နိုင်မှာ မဟုတ်ပါ ဘူး။ သူ တို့ အဲလို စားသောက်နိုင်အောင်လည်း သူတို့မှာ မရှိပါဘူး။ ကျီးကန်းကတော့ ဂျိုးငှက်ကဲ့သို့သစ်စေ့ကို စားနိုင်ပါတယ်။ နောက်ပြီး တော့လည်း ကျီးကန်းကဲ့သို့ဘဲ အသေကောင်တွေကို စားသောက်နိုင်ပါတယ်။ ဘာကြောင့် လဲဆိုတော့ သူက သူတော်ကောင်းယောင်ဆောင်နေတဲ့သူဘဲ

ဖြစ်လိုပါဘဲ။ ဒါပေမဲ့လည်း ဂျိုးငှက်ကတော့ တစ်ခြား ငှက်ကလေးတွေနဲ့မတူပါဘူး။ ဘုရားသခင်ဟာ မိမိကိုယ်ကို အဲဒါကြောင့်မို့လို ဂျိုးငှက်ကလေးနဲ့တင်စားဖေါ်ပြပြီးတော့ ကောင်းကင်ဘုံကနေ ဆင်းသက် လာခြင်းဘဲ ဖြစ်ပါတယ်။ သူဟာ ဘယ်လိုမှ အသေကောင်ရဲ့ အနံ့ကိုမှ မခံနိုင်ပါဘူး။ သူဟာ လင်းတ မဟုတ်ပါဘူး။ အဲဒီအကြောင်းကြောင့်ဘဲ သူမှာ ဆိုးသွမ်းတဲ့အရာမရှိပါဘူး။ အဲဒါတွေကိုလည်း သူက အစာမချေနိုင်ပါဘူး။ အဲဒါကိုစားရင်လည်း သေသွားနိုင်ပါတယ်။ ဂျိုးငှက်ကလေး ကတော့ ရေချိုးဖို့လိုပါတယ်။ ဂျိုးငှက်ကလေးရဲ့ ကိုယ်ခန္ဓာကနေပြီးတော့ အတွင်းထဲကနေ အပြင်ကို ဆီတမျိုးကို ထုတ်လုပ်ပါတယ်။ အဲဒီဆီက ဂျိုးငှက်ကလေးရဲ့ခန္ဓာကိုယ်ကို သန့်ရှင်းစေပါတယ်။ ဂျိုးငှက်ကလေးရဲ့အထဲမှာရှိတဲ့အသက်တာကတော့ ဆီဖြည့်ပြီးတော့ သူ့ရဲ့အတောင်ပံတွေကို သန့်ရှင်းအောင်ပြောင်းလဲပေးနိုင်ပါတယ်။ ခရစ်ယာန်တွေလည်း အဲဒီအ တိုင်းဘဲ ဖြစ်ပါတယ်။ သူတို့အထဲမှာရှိတဲ့အသက်တာက သူတို့ကို သန့်ရှင်းစေပါတယ်။ အဲဒါက စစ်ထုတ်ပြီးသား ဖြစ်ပါတယ်။

ပိုသတိပြုပါ။ အဲဒီအစစ်ပန်းကို ကြည့်လိုက်ပါ။ အရသာကို သင်တွေမြင်မှာပါ။ ဒီနေ့သူတို့ ဘာလုပ်နေပါသလဲ?

78 ၇၈။ ဒီခေတ်ပေါ်အသင်းတော်ကို ကြည့်ပါ။ သူတို့ ရဲ့စစ်တမ်းတွေကိုလည်း ကြည့်ပါ။ သူတို့ ဘာချစ်မြတ်နိုးသလဲ။ ဘာနှစ်သက်သလဲဆိုတာကို တွေ့ရပါမယ်။ ချစ်ခြင်းမေတ္တာဖြစ် ပါတယ်။ သူတို့ ဘာကို ချစ်ပါသလဲ။ လောဒိကိကတော့ ဘုရားသခင် ရဲ့စီရင်ခြင်းကို ဦးတည်လျှက်ရှိပါတယ်။ မှန်ပါတယ်။ ချစ်ခြင်းမေတ္တာ ဖြစ်ပါတယ်။ အသင်းတော်ရဲ့မေတ္တာဟာ ယနေ့မှာ ဆိုရင် လောဒိကိအတွက် ဖြစ်ပါတယ်။ အင်မတန်ကြီးမားတဲ့ အဖွဲ့အစည်းကြီး ဖြစ်ပါတယ်။ အင်မတန် အခိုင်အမာ ရပ်တည်တဲ့ အရာဖြစ်ပါတယ်။ ကြီးမြတ်တဲ့အရာဖြစ်ပါတယ်။ ရေပန်းစားတဲ့အရာ ဖြစ်ပါတယ်။ အဝတ်အကောင်းစားတွေကို ဝတ်စားထားသော သူများ ဖြစ်ပါတယ်။ ယဉ်ကျေးမှုအားဖြင့်လည်း မြင့်မားပါတယ်။ ညဏ်ပညာနဲ့လည်း ပြည့်စုံပါတယ်။ နတ်ဆိုးနဲ့လည်း ပြည့်စုံပါတယ်။ ခရစ်တော်အသင်းတော်ရဲ့ လှည့်ဖျားမှုအောက်မှာ ရှိပါတယ်။ အဲဒီအထဲမှာ စကားလုံး တစ်လုံးဘဲ ရှိပါတယ်။ အဲဒါကတော့ အန္တိခရစ်ဖြစ်ပါတယ်။ အရာခပ်သိမ်း ခရစ်တော် သွန်သင်ခဲ့တဲ့အတွက် သူတို့ဟာ လက်တွေ့အားဖြင့်အရာ ခပ်သိမ်းဖြစ်ပါတယ်။ မှန်ပါတယ်။ သူတို့ကိုယ်သူတို့လည်း ထိုကဲ့သို့ဘဲ ခေါ်ဆိုကြပါတယ်။

သင်တို့အား စဉ်းစားတတ်တဲ့လူများ ဖြစ်မယ်ဆိုရင် ယနေ့ည ဒီသတင်းစကားဟာ နိုင်ငံအနှံ့ကို ပျံ့နှံ့သွားမှာ ဖြစ်ပါတယ်။ သင့်ရဲ့ဆန္ဒကတော့ သမ္မာကျမ်းစာကို မြည်းစမ်းဘို့ဘဲ ဖြစ်ပါတယ်။ ဂိုဏ်းဂဏရဲ့မြည်းစမ်းမှု မဟုတ်ပါဘူး။ သင်ဟာ သမ္မာကျမ်းစာအားဖြင့်သာ စီရင်ခြင်းခံရမှာ ဖြစ်ပါတယ်။ အဲဒါကတော့ နှုတ်ကပတ်တော် ဖြစ်ပြီးတော့ သင့်ရဲ့စိတ်ဝိ ညာဉ်ကို စစ်သွားမဲ့အရာဘဲ ဖြစ်ပါတယ်။ နှုတ်ကပတ်တော် တစ်လုံးကို ငြင်းပယ်လိုက်ခြင်းဟာ သင့်ရဲ့စိတ်ဝိညာဉ် အဲဒီနှုတ်ကပတ် တော် တစ်လုံးအားဖြင့် ဖြတ်သန်းသွားခြင်းဘဲ ဖြစ်ပါတယ်။ စိတ်ဝိညာဉ်လည်း ဆုံးရှုံးမှာဖြစ်ပါတယ်။ လူဟာမုန့်အားဖြင့်သာ အသက်မွေးတာ အသက်ရှူတာ မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်၊ ဘုရားသခင်ရဲ့နှုတ်တော်က ထွက်တဲ့စ ကားတော် တစ်လုံးစီအားဖြင့် အသက်ရှင်တာဖြစ်ပါတယ်။

79 ၇၉။ သင့်ကိုကြိုတင်ခွဲခန့်မှတ်သားထားတဲ့ အရာထဲကို သင်ရောက်လာမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ သူ့ရဲ့ဝိညာဉ် တော်ကို သင့်အပေါ်မှာ မှုတ်သွင်းလိုက်တဲ့အခါမှာ နှုတ်က ပတ်တော်လည်း အသက်ရှင် လာမှာဖြစ်ပါတယ်။ တစ်ကယ်အ မိပ္ပါယ်ရှိလာမှာ ဖြစ်ပါတယ်။ သခင်ယေရှုဟာ ယနေ့၊ မနေ့ကနဲ့ထာဝရကာလ ပြောင်းလဲခြင်းမရှိဘူးဆိုတာ သင်တွေ့လာ မှာ ဖြစ်ပါတယ်။

လောကရဲ့ဂိုဏ်းဂဏတွေအားလုံးကို ဖယ်ရှားလိုက်ပါ။ ဘာသာရေးအထုပ်တွေကိုလည်း ဖယ်ရှားလိုက်ပါ။ စီးကရက်အ ထုပ်ကို အမှိုက်တောထဲမှာ ပစ်ထားသလို ပစ်ထား ဘိုက်ပါ။ ပျက်စီးဆွေးမြေ့သွားပါစေ။ အဲဒါဟာ မှားယွင်းတဲ့ စစ်တမ်းဖြစ် နေတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ကိုသာ ယူဆောင်ပါ။ အဲဒီနှုတ်ကပတ်တော်ကတော့ ခရစ်တော် ဖြစ်ပါတယ်။ ဘာကို ပေးသလဲဆိုတော့ တစ်ကယ့် ထာဝရအသက်ရဲ့အရသာကို ထိမ်းသိမ်းပြီးတော့ ရောက်ရှိအောင်ပေးစွမ်းနိုင်မှာ ဖြစ်ပါတယ်။ လူတိုင်းအတွက် အဲဒီနှုတ်ကပတ် တော်ကို ယူဆောင်သူတိုင်း ထာဝရအသက်ကို ရမှာဖြစ်ပါတယ်။

နှုတ်ကပတ်တော်အားဖြင့် သင့်ဟာ ကြိုတင်ခွဲခန့်မှတ်သားထားခြင်း ခံရတယ်ဆိုရင် နှုတ်ကပတ်တော်ကို သင်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဘယ်လိုနည်းနဲ့မှ သင့်ထံကနေ ဖုန်းကွယ်နေလို့မရပါဘူး။ သင်က ထိုနေရာကိုကြည့်ပြီး ဘာပြောမလဲဆိုတော့ ဘာကြောင့်လဲ? အဲဒါက သိပ်ပြီးကျွန်တော့်ရဲ့မျက်နှာရှေ့မှာ ရှိးရှင်းလှပါတယ်။ အဲဒါကို ကျွန်တော် ကြည့်လိုက်ပါတယ်။ အဲဒီနေရာမှာ တွေ့ရပါတယ်။ ကျွန်တော် အဲဒါကိုဘဲ ကြည့်နေပါတယ်။ တွေ့မြင်ရပါတယ်။ ဒီမှာ နှုတ်ကပတ်တော် ရှိပါတယ်။ နှုတ်ကပတ်တော် တစ်လုံးစီဖြစ်ပါတယ်။ တစ်လုံးပြီးတစ်လုံး အသက်ရှင်လျှက် ထွက်လာပါတယ်။ အဲဒါကတော့ ထာဝရအ သက်၊ သင်လိုလားနေတဲ့ ထာဝရအသက်ရဲ့ တစ်ကယ့်အရသာဘဲ ဖြစ်ပါတယ်။ သင်အဲဒါကို ရှူသွင်းလိုက်တဲ့အခါမှာ အဲဒီဟာကို ဖြတ်သန်းသွားလာရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ တစ်ခြားအရာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဝိညာဉ်တော် ဖြစ်ပါ တယ်။ လောကနဲ့မဆိုင်တဲ့အရာဘဲ ဖြစ်ပါတယ်။ မယုံကြည်ခြင်းလည်း လုံးဝမရှိတော့ပါဘူး။ ဘုရားသခင်ရဲ့ရေစစ်ဘဲ ဖြစ်ပါတယ်။ အစစ်ဘဲ ဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် သင်ဟာ အသက် ရှူလိုက်တယ်ဆိုရင် အဲဒါကိုဖြတ်ကျော်သွားပြီးတော့ ဘယ်အရာကမှ ဖြတ်သန်းသွားလို့မရပါဘူး။ သန့်ရှင်းသောဝိညာဉ်တော်မှတစ်ပါး မည် သည့်အရာကမှ ဖောက်ထွင်းမသွားနိုင်ပါဘူး။

80 ၈၀။ သန့်ရှင်းသောဝိညာဉ်တော်ရဲ့အထောက်အထားကို သင်ရရှိပြီဖြစ်ပါတယ်။ သန့်ရှင်းသောသူ၊ သို့မဟုတ်သန့်ရှင်း သော အမျိုးသမီးရဲ့ စရိုက်လက္ခဏာဘဲ ဖြစ်ပါတယ်။ သူတို့ဟာ အသက်ရှင်ချင်ပါတယ်။ သူတို့မှာ ထာဝရအသက်ရှိပါတယ်။ ဒီနှုတ်ကပတ်တော်က သူတို့အတွက် အသက်ရှင်တယ်ဆိုရင် သူတို့လည်း အသက်ရှင်ကြမှာဖြစ်ပါတယ်။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ သန့်ရှင်းသူ တစ်ယောက်ရဲ့အရသာဘဲဖြစ်ပါတယ်။

လောကအရာတွေကို သင်မစဉ်းစားပါနဲ့။ စီးကရက်ကုမ္ပဏီများကဲ့သို့မဖြစ်ပါနဲ့။ သူတို့ဟာ လှည့်ဖျားခံရပါတယ်။ တစ်ကယ်စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကိုသာ ဆောင်ယူပါ။ အသက်ကို သင်ရှူလိုက်တဲ့အခါမှာ သေသေချာ ချာ

စစ်တမ်းနဲ့စစ်ပြီး ယူလိုက်ပါ။ သင်စားသုံးတဲ့ အစားအစာ၊ အရာခပ်သိမ်း သင်ဟာဘုရားသခင်ရဲ့နှုတ်ကပတ် တော်အားဖြင့် ရှုသွင်းလိုက်ပါ။ သင့်ထံမှာ သန့်ရှင်းသူရဲ့အရသာ ရရှိနေမှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နှုတ်ကပတ် တော်က အဲဒါကို ဖြစ်ပေါ်စေလို့ဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ မနေ့၊ ယနေ့နဲ့ထာဝရကာလ ပြောင်းလဲခြင်း မရှိပါဘူး။

နောက်ပြီးတော့ ကျွန်တော် သိတဲ့အရာကတော့ ကျွန်တော်တို့ဟာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ကျွန်တော် ယုံကြည်ခြင်း ရှိပါတယ်။ ကျွန်တော်တို့ဟုတ်တယ်ဆိုရင် ဒီကမ္ဘာလောကကြီးမှာ ယနေ့တစ်စုံတစ်ရာသောသူရှိနေပြီးတော့ ခရစ်တော်ရဲ့ကိုယ်ခန္ဓာကို တစ်စိတ်တစ်ပိုင်းအဖြစ်နဲ့သတ်မှတ်ထားခြင်းခံရသူဘဲဖြစ်ပါတယ်။ သူဟာတော့ နှုတ်က ပတ်တော်အားဖြင့်ဘဲ အသက်ရှင်မှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကထွက်လာတဲ့ စကားလုံးတိုင်းအတိုင်း အသက်ရှင်မှာ ဖြစ်ပါတယ်။ ဒီခေတ်ကာလမှာ ယခု ကျွန်တော်တို့အသက် ရှင်နေထိုင်လျှက်ရှိပါတယ်။

81 ၈၁။ ကျွန်တော်ဟာ ဂိုဏ်းဂဏတွေ ဘယ်နေရာမှာလဲ ဆိုတာမတွေ့မြင်ရပါဘူး။ အဲဒီ နှုတ်ကပတ်တော်တွေဟာ ရှင်းရှင်းလင်းလင်းဘဲ သမ္မာကျမ်းစာတွေထဲမှာ ရှိနေပါတယ်။ ဖြစ်ပျက်မယ်လို့ပြောထားတယ်ဆိုရင် အဲဒီအရာတွေတွေဟာ ဖြစ်ကိုဖြစ်ပျက်လာပါတယ်။ အခုအချိန်ကာလမှာ ကျွန်တော်တို့အသက်ရှင်နေထိုင်ခြင်းဘဲဖြစ်ပါတယ်။ ဘယ်နေရာက လဲဆိုတာ ကျွန်တော် မသိမမြင်ရပေမဲ့လည်း တစ်ကယ်ဘဲ ဒီအရာဖြစ်ပါတယ်။

အသင်းတော်နဲ့ပတ်သက်လို့ကျွန်တော်သိတဲ့အရာကတော့ တရားစီရင်တဲ့နေ့တစ်နေ့နေ့မှာ ကျွန်တော် ရပ်တည်ရမယ် ဆိုတာ ကျွန်တော်သိပါတယ်။ ဘာဘဲဖြစ်ဖြစ် မှားယွင်းတယ်လို့သင့်ကို ကျွန်တော်ပြောရင် ထင်ပေါ်ကျော်ကြား လိုခြင်းအ တွက် ဖြစ်ပါတယ်။ ကျွန်တော် အဲဒါကို မလိုလားပါဘူး။ ကျွန်တော့်မှာ ဆန္ဒရှိတယ်ဆိုရင် ကျွန်တော့်ရဲ့လူသားဆန္ဒဘဲ ဖြစ်ပါတယ်။ ကျွန်တော် ရိုင်ဖယ်သေနတ်ကိုယူပြီးတော့ တောထဲကိုသွားမယ်။ နောက်ပြီးတော့ သစ်လုံးအိမ်ကလေးကို ဆောက်မယ်။ ထောင်ချောက်တွေဆင်မယ်။ ကျွန်တော့်ဘဝအသက်တာကို အဲဒီလိုဘဲ ကျွန်တော် ကုန်ဆုံးချင်ပါတယ်။ ကျွန်တော် အသက်ကြီးလာပါပြီ။ မောပန်းနွမ်းနယ်ပြီးတော့ တစ်ဖြည်းဖြည်းနဲ့ကျွန်တော်ဟာ မရပ်တည်နိုင် တော့ပါဘူး။ ယိုင်လဲပြိုလဲရတော့မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော့်ရဲ့အထဲမှာတစ် စုံတစ်ခုရှိနေပါတယ်။ အကယ်၍ ကျွန်တော်ဟာ သမ္မာတရားကို အကုန်လုံးပြောမပြဘူးဆို ရင် ကျွန်တော့်အတွက် အမင်္ဂလာဘဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်ဟာ နောက်ဆုံး ထွက်သက်အနေနဲ့ကျွန်တော် ရပ်တည်မနေပါဘူး။ အဲလိုရပ်တည်မယ်ဆိုရင်လည်း ကျွန်တော် အမင်္ဂလာဖြစ် ပါတယ်။ ကျွန်တော့်ရဲ့ကိုယ်ခန္ဓာဟာ ကျန်ရစ်ပြီးတော့ အဓိပ္ပါယ်မရှိ၊ အမင်္ဂလာဘဲ ဖြစ်မှာ ဖြစ်ပါတယ်။ ကျွန်တော် ရပ်တည်ရ မယ်၊ ဘယ်သူက ဘာဘဲပြောပြော ကျွန်တော်ဟာ ဘုရားသခင်ရှေ့မှာ တာဝန်ရှိသူ၊ တာဝန်သိသူတစ်ဦး ဖြစ်ပါတယ်။

82 ၈၂။ ကျွန်တော် တစ်ကယ်ဘဲ ယုံကြည်တဲ့အရာများကတော့ ကျွန်တော်ဟာ ယခု အမှန် တရားကို ဟောပြောနေခြင်းဘဲ ဖြစ်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ဟောပြောနေခြင်း မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ကျွန်တော့်ညီကိုတို့၊ မဟုတ်ပါဘူး။ ဆရာတို့- ဘုရားသခင် ကျွန်တော့်နှလုံးသားကို သိပါတယ်။ ပရိတ်သတ်ထဲ မှာ ကျွန်တော် ဘယ်လိုမျိုး ရပ်တည်ရမလဲဆိုတာကို နားထောင်ကြည့်ပါ။ တစ်ကယ်ဘဲ ဘိသိတ်ခံရတဲ့ တရားဟောချက်ဖြစ် တယ်ဆိုတာကို သိရပါမယ်။ ကျွန်တော့်အတွက် ဘယ်လောက် လွယ်မလဲဆိုရင် တစ်ကယ်ဘဲ ကျွန်တော့်မှာ ထာဝရအ သက်ရှိပြီးတော့ တစ်ကယ်ဘဲ တရားဟောပလ္လင်နဲ့တူညီတဲ့သူတစ်ဦး ဖြစ်ရမှာဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကဲ့သို့ဘဲ ကျွန်တော်ဟာ နှုတ်ကပတ်တော်ရဲ့တစ်စိတ်တစ်ဒေသဘဲ ဖြစ်ပါတယ်။ ကျွန်တော်ဟာ ကောင်းကင်ကို သွားရမှာဖြစ်ပါတယ်။ တူညီတဲ့ အခွင့်အရေးများကိုလည်း ခံစားရရှိမဲ့သူဖြစ်ပါတယ်။ ကျွန်တော့်အတွက် ထိုင်ပြီးတော့နေရင် ဘယ်လောက်လွယ်ကူ မလဲ။ ဒီအရာတွေ ဒီနာကျင်ခြင်းတွေ အားလုံးကို ကျွန်တော် လက်မခံဘဲနဲ့လွယ်လွယ်ကူကူ သက်တောင့်သက် သာနေ ရမယ်ဆိုရင် ပိုကောင်းမှာဖြစ်ပါတယ်။ တစ်ညလုံး အိပ်နေရတယ်၊ တစ်နာရီ၊ နာရီဝက်၊ (၂)နာရီလောက်အိပ်နေရရင် ဘယ်လောက်ကောင်းမလဲ။ ကျွန်တော့် အနေနဲ့ကတော့ ညတစ် ညလုံး တိုက်ခိုက်ပြီးတော့ နေခဲ့ရပါတယ်။ ကျွန်တော် နောက်တစ်နေ့မနက်မှာ သေနတ်ကို ယူပြီးတော့ တောပစ်သွားမယ်၊ တောလိုက်သွားမယ်ဆိုရင် ဘယ်လောက်လွယ် ကူသလဲ၊ ဒါမှမဟုတ် ငါးမျှားတံယူပြီးတော့ ငါးသွားမျှားမယ်ဆိုရင်လည်း ဘယ်လောက် လွယ်ကူပါသလဲ။ အဲဒါလုပ်ဘို့အရမ်းကို လွယ်ကူပါတယ်။ ဒါပေမဲ့ ညီအစ်ကို ကျွန်တော့်ကို ဘုရားသခင်က ခွဲခန့်မှတ်သားထားတဲ့အတွက် ဘုရားသခင် ကျွန်တော့်ကို ကူညီပြီးတော့ ကျွန်တော့်ရဲ့တာဝန်ကို ကျွန်တော် မယူဘဲ မနေပါဘူး။ ကိုယ်တော်ရှင်က ကျွန်တော့်ကို ကူညီပါတယ်။ ကျွန်တော် ကိုယ့်တော့်အပေါ်မှာ သစ္စာရှိစွာ မှန်ကန်စွာနဲ့ခင်ဗျားတို့ထုတ်ဖေါ်ပြောကြားလိုတဲ့ အရာကတော့ စဥ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းအ တွက်ဘဲ ဖြစ်ပါတယ်။ အဲဒါမှ ခင်ဗျားတို့က သန့်ရှင်းတဲ့လူတစ်ယောက်ရဲ့ အရသာကိုရရှိမှာ ဖြစ်ပါတယ်။

စဥ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကတော့ ရေဖြစ်ပြီးတော့ အဲဒီရေတွေဟာ ခွဲခြားသတ်မှတ်ထားတဲ့ ရေတွေဖြစ်ပါ တယ်။ အပြစ်အတွက် သန့်ရှင်းစင်ကြယ်စေပါတယ်။ အဲဒါကတော့ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဘဲ ဖြစ်ပါတယ်။ စဥ်းစားတတ်တဲ့ လူတစ်ယောက်ကတော့ သူ့အနေနဲ့ဘုရားသခင်ရှေ့မှာ ရောက်ရမယ်ဆိုတာကို သူသိပါတယ်။ သမ္မာ ကျမ်းစာနဲ့ပတ်သက်တဲ့ အက္ခရာ တစ်လုံးချင်းစီကို သူပြန်လည် ဖြေဆိုပေးရ မယ်ဆိုတာကိုလည်း သူသိပါတယ်။ အဲဒီအရသာကို နှစ်သိမ့်ဘို့အတွက် ကျွန်တော့်နှလုံးသားထဲမှာ ရှိနေပါတယ်။ နှုတ်ကပတ်တော်ကို လက်ခံနိုင်ဘို့ဘုရားသခင် ကျွန်တော်တို့ကို ကူညီ စောင့်ရှောက်တော်မူပါ။ ကျွန်တော်တို့ခေါင်းငုံ့ပြီး ဆုတောင်းကြပါစို့။

83 ၈၃။ အဖဘုရားသခင်၊ ဒီတစ်နာရီ နှစ်နာရီအတွင်း အချိန်ကုန်သွားပါတယ်။ နာရီကလည်း လှည့်ပတ်သွားပါတယ်။ အခုသတင်းစကားကတော့ သမိုင်းကျောင်းထဲကို ရောက် သွားပါပြီ။ စာအုပ်ထဲမှာ မှတ်တမ်းပြုစုထားပြီး ဖြစ်ပါသည်။ ဒီအတွက် ကျွန်တော်တို့အားလုံး ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ ကျွန်တော် လုပ်ရှားမှု မှန်သမျှအတွက် ဖြေဆိုပေးရမှာဖြစ် ပါတယ်။ ကျွန်တော်တို့ပြောတဲ့ စကားလုံးတိုင်းအတွက် ကျွန်တော်တို့စဥ်းစားတဲ့ ကျွန်တော်တို့အသိညဏ်ထဲမှာရှိတဲ့ အတွေးတိုင်းအတွက် ဒီမှတ်တမ်းကနေပြီးတော့ မှတ်တမ်းပြုစု နေဆဲဘဲ ဖြစ်ပါတယ်။ အဲဒီလို မှတ်တမ်းပြုစုတဲ့အခါမှာ ဘဝအသက်တာ ကုန်ဆုံးသွားတဲ့အ ထိ ဒီမှတ်တမ်းကို ပြုစုပေးသွားမှာ

ဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ဟာ တရားစီ ရင်တဲ့နေ့ရက်မှာ အဖြေပေးရတော့မှာ ဖြစ်ပါတယ်။

အို.အဖဘုရားသခင်၊ ကောင်းကင်နဲ့မြေကြီးကို ဖန်ဆင်းတော်မူတဲ့အရှင်၊ ကျွန် တော်တို့ ကိုယ်တော်ကို ယုံကြည်ပါတယ်။ ဒီနေ့ ဒီလူတွေအတွက် ကျွန်တော် ဆုတောင်းပါတယ်။ ကျွန်တော့်အတွက်လည်း ကျွန်တော် ဆုတောင်းပါတယ်။ သခင်ယေရှုက ကိုယ်တော်ရှင်ရဲ့ ရေစစ်အစစ်ကိုယူပြီးတော့ ကိုင်ပြီးတော့ ကျွန်တော်တို့ကို စစ်ဘို့ဘဲဖြစ်ပါတယ်။ ကျွန်တော်ဟာ အဓိပ္ပါယ်မရှိတဲ့ အကြောင်းအရာတွေကို ပြောမယ်။ ကျွန်တော့်ရဲ့နှလုံးသား ထဲမှာလည်း အဲဒါတွေကို နားမလည်ဘူးဆိုရင် အဲဒါဟာ မှားယွင်းတဲ့အတွက် ဒီနှုတ်ကပတ်တော်အားဖြင့် ကျွန်တော်ဟာ အဲလိုမျိုး နှုတ်ကပတ်တော်ကို အသုံးပြုခဲ့တဲ့အတွက် ကိုယ်တော်ရှင် ကျွန်တော့်ကို ခွင့်လွှတ်တော်မူပါဆိုပြီး ကျွန်တော် ဆုတောင်းပါတယ်။

84 ၈၄။ ဒါပေမဲ့လည်း ကိုယ်တော် ဒီတောထဲမှာ ကိုယ်တော်ရှင် ကျွန်တော့်ကို စကားပြောတဲ့အခါမှာ ကျွန်တော်စဉ်းစား ခဲ့မိပါတယ်။ ကိုယ်တော်ရှင်ဟာ မနက်အချိန်ရောက်တဲ့အခါမှာ ကျွန်တော့်စိတ်ထဲကနေ ပျောက်ကွယ်မသွားဘူးဆိုတာကို ကျွန်တော် သိပါတယ်။ ကိုယ်တော်ရှင်ထံတော်က လာတယ်လို့ဘဲ ကျွန်တော် လက်ခံပါတယ်။ ဒါကြောင့်မို့လို့အဖဘုရား သခင်၊ ကျွန်တော့်အနေနဲ့အဲဒီအကြောင်းကို ပြောခဲ့ပြီးဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် ဆုတောင်းပါတယ် ကိုယ်တော်၊ အဲဒီလမ်းအတိုင်းဘဲ၊ ကျွန်တော် စဉ်းစားတဲ့ လမ်းအတိုင်းဘဲ ဖြစ်နိုင်ဘို့မစတော်မူပါ။ စဉ်းစားတတ်တဲ့ လူတစ် ယောက် တစ်ကယ်ဘဲ သူဟာ စဉ်းစားဉာဏ်၊ အသိဉာဏ်ရှိတယ်ဆိုရင် သူဟာ ဘုရားသခင်ရှေ့တော်မှာ ရပ်ရတော့မယ်ဆို တာကို သူ့ကို သိစေတော်မူပါ။ သူ့ရဲ့စိတ်ဝိညာဉ်ကို တစ်စုံတစ်ခုနဲ့ ညစ်ညူးအောင်လုပ်တယ်။ ဒါမှမဟုတ် နှုတ်ကပတ် တော်နဲ့ဆန့်ကျင်တဲ့ စိတ်နှလုံးမျိုးနဲ့ဘုရားသခင်ရှေ့မှာ မရပ်တည်နိုင်ဘူးဆိုတာ ကိုလည်း သူ့ကို မစတော်မူပါ။

အဖဘုရားသခင်၊ ကျွန်တော်တို့သိတဲ့အရာကတော့ ယနေ့ရှိနေတဲ့ အဖွဲ့အစည်းတွေနဲ့ကျွန်တော်နိူင်းယှဉ်ပြီး ပြောတဲ့အခါမှာ ကွာခြားဘို့ ခွဲခြားဘို့မဟုတ်ပါဘူးကိုယ်တော်၊ ကိုယ်တော်ရှင်ဟာ ကျွန်တော့်ကို တရားစီရင်မှာ ဖြစ်ပါတယ်။ တစ်နေ့သော အခါမှာ ကျွန်တော့် နှလုံးသားထဲအထိ ကိုယ်တော်ရှင် စီရင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ဆု တောင်းပါတယ် အဖ ဘုရားသခင်၊ အဲသလိုမျိုး ကျွန်တော်က ခွဲခြားတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း ရိုးသားဘို့တော့ လိုပါတယ်။ တစ်ကယ်ကို ရိုးရိုးသားသားနဲ့မှန်မှန်ကန်ကန် ကြိုးစားဖြစ်ဘို့ လိုပါတယ်။ ကိုယ်တော်ရှင်ရဲ့အသွေးတော်နဲ့ဝယ်ယူခြင်းကို ကျွန်တော် ခံရပါတယ်။ အဲဒါကို ကျွန်တော် သိပါတယ်။ ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းအထိ ယခုအခါမှာလည်း ကျွန်တော့်ရဲ့လက်ထဲမှာ ရှိနေပါတယ်။ သူတို့ မြောက်များစွာသောသူတို့ဟာ ဒီအစီရင်ခံချက်ကို ယုံကြည်ကြပါတယ်။

ကောင်းကင်ဘုံရှင် အဖဘုရားသခင်၊ သူတို့ တစ်ဦးတစ်ယောက်မှ မပျောက်ဆုံးစေဘို့ကိုယ်တော်ရှင် မစတော်မူပါ။ လူတိုင်းတစ်ယောက်စီကို ကိုယ်တော်ရှင် ကယ်တင်တော်မူပါ။ အပြစ်ကနေပြီးတော့ စစ်ထုတ်တော်မူပါ။ ခွဲခြားတဲ့ ရေတွေ အားဖြင့် ခရစ်တော်ရဲ့အသွေးတွေအားဖြင့် နှုတ်ကပတ်တော်အားဖြင့် သူတို့ကို ခွဲခြားကန့်သတ်တော်မူပါလို့လူဇာတိကို ခံယူတဲ့ နှုတ်ကပတ်တော်အားဖြင့်လည်း သူတို့ကို ဆေးကြောသန့်စင်စေတော် မူပါ။ မစတော်မူပါကိုယ်တော်၊ သန့်ရှင်းသော ဝိညာဉ်တော်ကလည်း ကိုယ်တော်ရှင်ရဲ့ဂုဏ်တော်တွေအတိုင်း သွန်းလောင်းပြီး ကျွန်တော်တို့ရဲ့စိတ်ဝိညာဉ် များအပေါ်ကို သက်ရောက်စေတော်မူပါ။ ကျွန်တော်တို့က အသက်ရှင်မဲ့ ကိုယ်စားလှယ်တွေဖြစ်ပြီးတော့ သခင်ခရစ်တော်ရဲ့သတို့သမီး တွေ ရဲ့ကိုယ်စားလှယ်များ ဖြစ်စေတော်မူပါ။ မျက်လုံးများရဲ့အချိန်မှာ ညနေခင်းအလင်းကို တွေ့မြင်စေနိုင်ဘို့မစတော်မူပါ။ ကိုယ်တော်ရှင် သခင်ယေရှုခရစ်ရဲ့နာမတော်မြတ်၌ ကိုယ်တော့်ကို ကျွန်တော်တို့ဆက်ကပ်အပ်နှံပါတယ်။ အာမင်။

85 ၈၅။ ခင်ဗျားတို့သခင်ဘုရားကို ချစ်ပါသလား? ပရိတ်သတ်ကလည်း အာမင်လို့ပြောကြပါတယ်။ ခင်ဗျားတို့ယုံကြည်ပါ သလား။ အာမင်။ ကျွန်တော်လည်း မှားယွင်းတဲ့အ ရာကို ပြောမိတယ်ဆိုရင် စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းလို့ပြောပြီးတော့ ကျွန်တော်ထပ်ပြီး ဆက်ပြီးပြောနိုင်တော့မှာ မဟုတ်ပါဘူး။ ကျွန်တော့်မှာ ပညာမရှိပါဘူး။ ကျွန်တော် ပညာတတ်မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ဘာဘဲပြောမလဲဆိုတော့ ခင်ဗျား တို့ထံကို ရောက်လာမဲ့အရာကိုဘဲ ပြောရမှာ ဖြစ်ပါတယ်။ အဲဒီနေရာမှာ လဲလျောင်းနေတာကို ကျွန်တော် တွေ့ရတဲ့အခါမှာ ကျွန်တော်စဉ်းစားမိပါတယ်။ သူတော်ကောင်း ယောင် ဆောင်တဲ့ လိုင်းဘဲ ဖြစ်ပါတယ်။ တစ်စုံတစ်ခုသောအရာကလည်း ပြောနေပါတယ်။ အသင်းတော်ကဲ့သို့ဖြစ်တယ်လို့ပြောပါတယ်။

စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကတော့ အဲဒါထက်ပိုပါတယ်။ စဉ်း စားတတ်တဲ့လူတစ်ယောက်ကတော့ အဲဒါကို လုံးဝအသုံးမပြုပါဘူး။ တစ်ကယ်ကို အသုံး မပြုပါဘူး။ စီးကရက်သောက်တတ်တဲ့သူ တစ်ယောက်အရသာခံဘို့အတွက် ဆန္ဒရှိတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့ရဲ့အရသာကို သူက နှစ်သိမ့်ရမှာ ဖြစ်ပါတယ်။ တစ်ကယ်ဘဲ စဉ်းစားတတ်တဲ့ လူတစ်ယောက်က သူ့ရဲ့စိတ်ဝိညာဉ်ဟာ တရားစီရင်ခြင်း ခံရမယ်ဆိုတာကို သိနေပါတယ်။ သူ့ရဲ့အရသာကိုလည်း ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အားဖြင့် သူက စစ်ဆေးပြီး အရသာခံမှာ ဖြစ်ပါတယ်။ ခမည်းတော် ငါ့ကို ပေးသမျှသော သူတို့သည်ငါ့ထံသို့လာကြလိမ့်မည်လို့ကိုယ်တော်ရှင် မိန့်တော်မူပါတယ်။ သူဟာ နှုတ်ကပတ်တော် တစ်လုံးစီ အားဖြင့် ဘုရားသခင်နှုတ်တော်ထွက် စကားတစ်လုံးစီအားဖြင့် သူဟာ အသက်ရှင်ပါတယ်။ အဲဒါကတော့ ခွဲခြားထားတဲ့ရေဖြစ်ပြီး တော့ ကျွန်ုပ်တို့ကို အပြစ်နဲ့ခွဲခြားထားပါတယ်။ အဲဒီ နှုတ်ကပတ်တော်ကို ဖြတ်ကျော်လာရတဲ့အခါမှာ အဲဒါဟာ မယုံကြည်ခြင်းအတွက် အပြစ်ဘဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ နှုတ်ကပတ်တော်ကို ယုံကြည်ပြီး ဆက်သွားရပါ မယ်။ အပြစ်ကနေ ခွဲခြားခြင်းဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ကို သင်ချစ်ပါသလား¿ ပရိတ်သတ်ကလည်း အာမင်လို့ ဆိုပါတယ်။ ကိုယ်တော်ကို ကျွန်တော်တို့ချစ်ပါတယ်။ ကျွန်တော် တို့လက်ကို မြှောက်ပြီးတော့ ကိုယ်တော်ကို ချီးမွမ်းကြပါစို့။ ကိုယ်တော်ရှင် ကျွန် တော်တို့ကို စ၍ချစ်တယ်။ ကျွန်တော်တို့ကယ်တင်ခြင်းအတွက် ကားတိုင်ပေါ်မှာ ကျွန်တော်တို့ကို ဝယ်ယူခဲ့ပါတယ်။

86 ၈၆။ သူဘာပြောပါသလဲ။ ငါ့ရဲ့တပည့်တော်များဖြစ်ကြောင်း လူတွေအများတို့က သိကြမှာဖြစ်ပါတယ်။ သင်တို့ တစ်

ယောက်နဲ့တယောက်ချစ်ကြမယ်ဆိုရင် သင်တို့ရဲ့ချစ်ခြင်း မေတ္တာကို ကြည့်ခြင်းအားဖြင့် လူအများသိမှာ ဖြစ်ပါတယ်။ အခု ကျွန်တော်တို့သီချင်းဆို နေတဲ့အချိန်မှာ တစ်ယောက်နဲ့တစ်ယောက်နူတ်ဆက်ကြပါစို့၊ သင်တို့ကို ကျွန်ုပ်ချစ်တယ်။ ညီအစ်ကိုတို့ကိုယ်တော်ကို ကျွန်ုပ်ချစ်တယ်။ သင်တို့သိစေရန် အကြောင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်က စ၍ချစ်သော ကြောင့် ကျွန်ုပ်တို့ရဲ့ကယ်တင်ခြင်းကို ဝယ်ယူသောကြောင့် ကားတိုင်ပေါ်မှာ အဘိုးအခပေးခဲ့ပါတယ်။

87 ၈၇။ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းကို သင်နှစ်သက်ပါသလား? ပရိတ်သတ်ကလည်း အာမင်လို့ပြောပါ တယ်။ (အယ်ဒီတာ၏မှတ်ချက်) သင်ဟာလမ်းထဲကို သွားတဲ့အခါမှာ လောကအရာတွေနဲ့လက်ပွန်းတတီးနေမယ်ဆိုရင် ညီကိုတို့၊ ညီအမတို့ သင်တို့ထံမှာ စဉ်းစားတတ်တဲ့လူရဲ့စစ်တမ်းရှိပါသလား? သင့်ကို တစ်ခြားသောသူတွေက ဘုရားတရား အတွက် အစွန်းရောက်တယ်လို့ ပြောတယ်ဆိုရင် သင်ဟာ စဉ်းစားတတ်တဲ့ လူရဲ့စစ်တမ်းကို အသုံးပြုပါသလား? တစ်စုံတစ် ယောက်သောသူက သင့်ကိုဆန့်ကျင်ပြီး မကောင်းတဲ့အရာ တစ်စုံတစ်ယောက်ကို တစ်စုံတစ်ခုကို ပြောတဲ့အခါမှာ သင့်ထံမှာ စဉ်းစားတတ်တဲ့လူတစ်ယောက်ရဲ့စစ်တမ်းရှိပါသလား? အဆိုးအတွက် အကောင်းကိုလုပ်ပါ။ သင့်ကို အလွဲသုံးစားလုပ် တဲ့သူတွေအတွက် ဆုတောင်းပေးပါ။ သင့်ကို နှိပ်စက်ညဉ်းပမ်းတဲ့သူတွေအတွက်လည်း ဆုတောင်းပေးပါ။ အဲဒါဆိုရင် သင်ဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်းအားဖြင့် အသက်ရှူနေခြင်းဖြစ်ပါတယ်။

88 ၈၈။ သင့်ကို ချစ်သောသူများသာ သင်ချစ်တယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ကျွန်တော်တို့လက်ဆွဲနူတ်ဆက် တဲ့အခါမှာ ကိုယ်တော်ရှင်၌ ကျွန်တော်တို့တစ်ကယ်ကိုချစ်ခင်တဲ့ သူတွေရှိတဲ့အတွက် ကောင်းပါတယ်။ ဒါပေမဲ့လည်း ချစ်ခင်နှစ်သက်ဖွယ် မကောင်းသောသူများကိုလည်း သင်ချစ်ပါသလား? အဲဒါဟာ စဉ်းစားတတ်တဲ့လူရဲ့စစ်တမ်းဘဲဖြစ်ပါ တယ်။ ခရစ်တော်ရဲ့ဝိညာဉ် သင့်အထဲမှာ ရှိပါတယ်။ သင့်ကို မချစ်သောသူတို့ကို သင်ချစ်ခင်ခြင်းဘဲ ဖြစ်ပါတယ်။ ဘုရားသခင်ထံက ဆုကို သင်ရရှိမှာဖြစ်ပါတယ်။ သင်ဟာတာဝန် အရသာပြုလုပ်မယ်ဆိုရင် သင်ဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်မဖြစ်သေးပါဘူး။ သင်ဟာ စက်ဝိုင်းရဲ့အတွင်းပိုင်း ဒုတိယပိုင်းကိုသာ ရောက်နေခြင်းဖြစ်ပါတယ်။ သင့်ရဲ့နှလုံး သားထဲ က ကိုယ်တော်ကို တစ်ကယ်ချစ်တယ်ဆိုရင် သင်ဟာ စဉ်းစားတတ်တဲ့ လူတစ်ယောက်ရဲ့စစ်တမ်း အားဖြင့် သင်ဟာ အသက်ရှင်နေခြင်းဘဲ ဖြစ်ပါတယ်။ သန့်ရှင်းသောသူ တစ် ယောက်ရဲ့အရသာကို နှစ်သိမ့်ပေးပါတယ်။ သင်လည်း သိပါတယ်။ သင့် ရဲစိတ်နှလုံးထဲကနေ လူတိုင်းကို သင်ကအရာခပ်သိမ်းကို ခွင့်လွှတ်ပါတယ်။ ဘာဘဲဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ကိုယ်တော်ရှင်ဟာ နှစ်သက်ဖွယ် မကောင်းပေဘူးလား? ကိုယ်တော်ဟာ ကျွန်ုပ်ကို စ၍ချစ်ပါတယ်။ ကျွန်ုပ်ရဲ့ကယ်တင်ခြင်း အတွက် ကားတိုင်မှာ အဖိုးအခပေးပါတယ်။ ကျွန်ုပ်တို့ဟာ အလင်းထဲမှာ လျှောက်လှမ်းပါတယ်။ အင်မတန်လှပတဲ့ အလင်းဖြစ်ပါတယ်။ မြူစက်ကလေးတွေ ကျပြီးတော့ ဂရုဏာတော်အားဖြင့် တောက်ပြောင်နေပါတယ်။ ကျွန်ုပ်တို့ထဲမှာ နေရောင်မှာ တောက်ပြောင် ထွန်းလင်းပါတယ်။ သခင်ယေရှုဟာ လောကရဲ့အလင်းဖြစ်ပါ တယ်။ ကျွန်ုပ်တို့ဟာ ဒီအလင်းတန်းထဲမှာ လျှောက်လှမ်းပါတယ်။ အဲဒါဟာ တစ်ကယ်ကို လှပတဲ့အလင်း ဖြစ်ပါတယ်။ တစ်ကယ်ဘဲ စစ်ထားပြီး သား ဂရုဏာတော်မြူစက်ကလေးတွေအားဖြင့် တောက်ပပြီး လာခြင်းဖြစ်ပါတယ်။ နေ့ရောညပါ ကျွန်ုပ်တို့ပတ်ဝန်းကျင်မှာ တောက်ပနေပါတယ်။ သခင်ယေရှုတည်းဟူသော လောကရဲ့အလင်းဖြစ်ပါတယ်။ အလင်းရဲ့သူတော်စင်များအားလုံး လာပြီးကြွေးကြော်ပါ။ ယေရှုဟာ လောကရဲ့အလင်း ဖြစ်ပါတယ်။ ဒါမှ ကောင်းကင်ရဲ့ခေါင်းလောင်းကလေးတွေ လှုပ်ခတ်ပြီး အသံမြည်လာမှာ ဖြစ်ပါတယ်။ ယေရှုဟာ ကမ္ဘာလောကကြီးရဲ့အလင်း ဖြစ်ပါတယ်။ အို.ကျွန်ုပ်တို့အလင်းထဲမှာ လျှောက် ပါမယ်။ အဲဒါဟာ တစ်ကယ်ဘဲ လှပတဲ့အလင်းဖြစ်ပါတယ်။ ဂရုဏာတော် မြူစက်ကလေးများ တောက်ပနေတဲ့နေရာမှ လာပါတယ်။ ကျွန်ုပ်တို့ပတ်ဝန်းကျင်မှာ နေ့ရောညပါ ထွန်း လင်းတောက်ပပါတယ်။ ယေရှု လောကရဲ့အလင်းဖြစ်ပါတယ်။ သင်အဲဒါကို ချစ်ပါသလား¿ ပရိတ်သတ်က အာမင်လို့ပြောပါတယ်။ အို. ကျွန်ုပ်တို့သည် အလင်းတန်းမှာ လျှောက် ပါတယ်။ အဲဒီ လှတဲ့အလင်းဖြစ်ပါတယ်။ ဂရုဏာတော် နှင်းစက်များကျရာအလင်းတန်းမှ လာပါတယ်။ နေ့ရောညပါ ကျွန်ုပ်တို့ ပတ်ဝန်းကျင်မှာ တောက်ပပါတယ်။ အဲဒီ နူတ်ကပတ်တော်တည်းဟူသော လောကရဲ့အလင်းဖြစ်ပါတယ်။ ထိုသူကို ကျွန်ုပ်ချစ်ပါတယ်။ ကျွန်ုပ်ရဲ့ယုံကြည်ခြင်းဟာ ကိုယ်တော်ကို မျှော်လျှက်ရှိပါတယ်။ ကားတိုင်ရဲ့သိုးသငယ်တော်၊ အို. ကယ်တင်ရှင် ဘုရားသခင် ကျွန်ုပ်ဆုတောင်းနေစဉ်အခါမှာ ကျွန်ုပ်ကို နားညောင်းတော် မူပါ။ ကျွန်ုပ်ရဲ့အပြစ်တွေကို ယူဆောင်ပါ။ ကျွန်ုပ်ကို စစ်တော်မူပါ ကိုယ်တော်၊ နူတ်ကပတ်တော်အားဖြင့် စစ်တော်မူပါကိုယ်တော်၊ အိုး ဒီနေ့မှစ၍ ကိုယ်တော်ရှင်အတွက် လုံးလုံးလျားလျား ဖြစ်စေတော်မူပါ။ ကျွန်ုပ်အားကြည့်ပါ။ နူတ်ကပတ်တော်အားဖြင့် စစ်ထားခြင်းဖြစ်ပါ တယ်။ လုံးလုံးလျားလျား ဖြစ်ပါတယ်။ လောက၏မှောင်မိုက်ခြင်းထဲမှာ အကျွန်ုပ်လျှောက် လှမ်းရပါတယ်။ ကျွန်ုပ်ပတ်လည် မှာ ဝမ်းနည်းဘွယ်များ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ကျွန်ုပ်ရဲ့လမ်းပြဖြစ်တော်မူပါ။ မှောင်မိုက်ခြင်းတွေကို နေ့အလင်း ဖြစ်စေတော်မူပါ။ ဝမ်းနည်းခြင်း၊ ကြောက်ရွံ့ခြင်းတွေကို ဖယ်ရှားတော်မူပါ။ ကျွန်ုပ်ကို လမ်းမမှားပါစေနဲ့။ ကိုယ်တော်ရှင် ထံတော်ပါးမှ လွဲမသွားပါစေနဲ့။ ဘရာသာဇရမ်ဟမ်က စတင်ပြီး သီချင်းတစ်ပုဒ်ကို ငြီးပါတယ်။ ကျွန်ုပ်ရဲ့ယုံကြည်ခြင်း၊ ကိုယ်တော်ကို မျှော်ကြည့်သည်ဆိုတဲ့ သီချင်းဖြစ်ပါတယ်။ (အယ်ဒီတာ မှတ်ချက်) ကျွန်ုပ်၏ကျဆုံးနေသော နှလုံးသားအ တွက် ကျွန်ုပ်၏စိတ် အားထက်သန်မှုက ခွန်အားပေးပါတယ်။ မှောင်မိုက်ထုက နေ့အလင်းကို ပြောင်းလဲပေးပြီးတော့ မျက်ရည်ဝမ်းနည်းခြင်းများကို သုတ်လိမ်းပေးပါ။ ယနေ့အတွက် ကျွန်ုပ်ကို ကိုယ်တော် ရှင်ရဲ့ဘုန်းတန်ခိုးဖြစ်စေပါ။

89 ၈၉။ ဘုရားသခင်၊ ကျွန်ုပ်တို့သီချင်းဆိုပြီးတော့ ကိုယ်တော်ကို ချီးမွမ်းကြပါတယ်။ ကျွန်ုပ်တို့ရဲ့ခံစားမှုများ စိတ်လှုပ်ရှား မှုများကို ဖေါ်ပြပါတယ်။ ကျွန်ုပ်တို့ရဲ့ပရိတ်သတ်တွေအားလုံး ကိုယ်တော်ရှင်ရဲ့နူတ်ကပတ်တော်တည်းဟူသော အသက်တာ အားဖြင့် အသက်ရှင်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒီ သီချင်းနဲ့ကျွန်ုပ်တို့ကို လက်ခံတော်မူပါကိုယ်တော်၊ လက်ခံမယ် မဟုတ်ပါလား? ကျွန်ုပ်တို့ရဲ့ဆန္ဒဖြစ်ပါတယ်။ ဘုရားသခင်ရဲ့နူတ်ကပတ်တော်အားဖြင့် စစ်ဆေးခံယူပါတယ်။ အလင်းထဲမှာ နေ့တိုင်းလိုက်လျှောက်လိုပါတယ်။ ဧဝံဂေလိ အလင်းဖြစ်ပါတယ်။ ကျွန်ုပ်တို့၏ နေ့စဉ်ရက်ဆက်ကို မေတ္တာနှင့်ပြည့်စေတော်မူပါ။ ကောင်းကင်ဆိုင်ရာ ဂိုးငှက်ငယ်များနှင့်အတူ ကျွန်ုပ်တို့လျှောက်လှမ်းတဲ့အခါမှာ ကျွန်ုပ်တို့အား လုံးကို သွားခွင့်ပြုပါ။ သီချင်းဆိုသံနဲ့အတူ ပြုံးရွှင်ခြင်းဖြင့် သွားစေပါ။ မေတ္တာနဲ့ကျွန်ုပ်တို့ရဲ့လမ်းကို နေ့စဉ်ပြည့်ဝစေတော်မူပါ။

ချပေးသနားတော်မူပါ ကိုယ်တော်၊ ယခုအခါမှာလည်း ကျွန်ုပ်တို့ကို ကောင်းချီး ပေးတော်မူပါ။ ကိုယ်တော်ရှင်ရဲ့ကျေးဇူးနဲ့ ဂရုဏာတော်ကား ကျွန်ုပ်တို့၌ အတူရှိပါစေ။ အနာရောဂါဖြစ်တဲ့သူတွေ ကြေကွဲဝမ်းနည်းနေရတဲ့သူတွေကို အနာရောဂါ ငြိမ်းစေပါ။ ဒီတစ်နိုင်ငံလုံးမှာ ရှိတဲ့သူတွေအားလုံးကို အနာရောဂါ ငြိမ်းစေပါ။

ဘရာသာကော့စ်ဂင်းန်အတွက် ကျွန်တော်တို့ဒီည ကျေးဇူးတင်ပါတယ်။ သူဟာ ဆေးရုံက ဆင်းသွားပြီးတော့ အိမ်ကို ကျန်းမာစွာနဲ့ ပျော်ရွှင်စွာနဲ့ပြန်သွားနိုင်တဲ့အခွင့်ကို ပေးတော်မူပါ။ အရာခပ်သိမ်းအတွက် ကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။ ကိုယ်တော်ရှင် အမှုပြုသမျှအားလုံးအတွက် ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့ရဲ့ခွန်အားနဲ့ကျွန်ုပ်တို့ယခုအခါမှာ မြောက်ထားခြင်းခံရတယ်လို့ခံစားရပါတယ်။

90 ၉၀။ ကိုယ်တော်ရှင်ကို ကျေးဇူးတင်ပါတယ်။ ယနေ့ည သတင်းစကားအဖြတ်အတောက်လေးအတွက် ကျေးဇူးတင်ပါတယ်ကိုယ်တော်၊ ကျွန်တော် ပြုလုပ်တာမဟုတ်ပါဘူး။ ဒါပေမဲ့လည်း ကျွန်တော် ဆုတောင်းပါတယ် ကိုယ်တော်၊ လူတွေရဲ့ရှေ့မှာ မှန်ကန်မှုရှိနိုင်ဘို့ကိုယ်တော်ရှင် မစတော်မူပါကိုယ်တော်၊ ဒါမှသာ သူတို့က သိမြင်နားလည်ပြီးတော့ ဘာအ ဓိပ္ပါယ်လဲဆိုတာကို နားလည်ကြမှာ ဖြစ်ပါတယ်။ ဘုန်းတော်ထင်ရှားစေပါကိုယ်တော်၊ ဒီနားလည်မှုကို ကျွန်တော်တို့ကို ရရှိစေပါ။ တစ်ခြားအရာ မရှိတော့ဘူးဆိုရင် ကျွန်ုပ်တို့ကို နှုတ်ကပတ်တော် မှန်အားဖြင့် အသက်ရှင်စေတော်မူပါ။ ဘုရားသခင်ကို စစ်ဆေးတော်မူပြီးတော့ သူ့ရဲ့သားသမီးတွေအတွက်သာ ဖြစ်စေပါ။ အဲဒါကတော့ သီးခြားခွဲထုတ်ထားတဲ့ ပရိတ်သတ်ဖြစ်ပါတယ်။ တခြားသူများအတွက် မဟုတ်ပါဘူး။ ထိုသူများအတွက်သာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် ရွေးချယ်ထားသောသူများ ဖြစ်ပါတယ်။ နီရဲနေသော နွားအားဖြင့် ရေကိုခွဲထားသလိုဘဲ ဣသရေလ ပရိတ်သတ်အတွက် သီးသန့်ဖြစ်စေတော်မူပါ။ အဖဘုရားသခင် ရှေ့တော်မုန့်ဟာ သိုးများအတွက်သာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်တို့သိကြပါ တယ်။ ကလေးငယ်များရဲ့မုန့်ကို ကျွန်တော်တို့က ယူပြီးတော့ ခွေးများကို မကျွေးရဘူးလို့ သခင်ယေရှုက ပြောပါတယ်။ ထိုမိန်းမကလည်း ပြန်ပြီးပြောပါတယ်။ အဲဒါမှန်ပါတယ်။ ဒါပေမဲ့လည်း ခွေးကလေးတွေဟာ စားနုတ်စားပေါက်ကိုတော့ စားခွင့်ရှိပါတယ်လို့ပြောပါတယ်။ ဒီနေ့ညလည်း ကျွန်တော်တို့ထိုကဲ့သို့ဘဲ ခံစားရပါတယ် ကိုယ်တော်၊ ကိုယ်တော်ရှင် ပေးနိုင်သလောက် ကျွန်တော်တို့အားလုံး လိုချင်ပါတယ်။ ကျွန်တော်တို့ဟာ ကိုယ်တော့်အ တွက် ဆာငတ်ပြီးတော့ မွတ်သိပ်နေကြပါတယ်။

ကျွန်တော်တို့ရဲ့ဆာငတ်မှုတွေအားလုံးကို ပြည့်စုံစေနိုင်ဘို့ချပေးသနားတော်မူပါ။ ကျွန်တော်တို့ရဲ့ဆန္ဒများအားလုံးကို လည်း သိစေတော်မူပါ။ အဖဘုရားသခင်၊ ဖြောင့်မတ် မှန်ကန်တဲ့လူရဲ့ဆန္ဒကို ကျွန်တော်တို့လိုလားပါတယ်။ ဖြောင့်မတ် မှန်ကန်တဲ့သူကတော့ ယေရှုခရစ်ဖြစ်ပါတယ်။ သူ့ရဲ့ဆန္ဒကတော့ ကိုယ်တော်ရှင် ခမည်းတော်ရဲ့အလိုကိုဆောင် ဘို့ဘဲ ဖြစ်ပါတယ်။ အဲဒါကတော့ နှုတ်ကပတ်တော် ဖြစ်ပါတယ်။ ကျွန်ုပ်တို့ကို ချပေးသနား တော်မူပါအဖ၊ ကိုယ်တော်ရှင်ရဲ့နာမ၌ ကျွန်ုပ်တို့ဆုတောင်းပါတယ်။ အာမင်။ အခုအခါမှာ မတ်တပ်ရပ်ပြီးတော့ ကျွန်တော်တို့နောက်ဆုံးသီချင်းကို သီဆိုကြမှာ ဖြစ်ပါတယ်။ သခင် ယေရှုနာမကို သင်နဲ့အတူ ယူဆောင်ပါဆိုတဲ့ သီချင်းဘဲဖြစ်ပါတယ်။

91 ၉၁။ အခုအခါမှာ အပြင်ကိုထွက်တဲ့အခါမှာ သတင်းစကားကတော့ ဒီအတိုင်းဘဲဖြစ်ပါတယ်။ ဘုရားသခင် သင်တို့နဲ့အတူ ပါရှိပြီးတော့ ကျွန်တော်တို့ဆုတောင်းပြီးတော့ ဘုရားရှိ ရှုပ်သိမ်းပါမယ်။ သင်တို့တစ်ယောက်စီ အပြင်မှာရှိတဲ့သူတွေအားလုံး လည်း နှုတ်သက်ကြမယ်။ နားထောင်ပြီးတော့ ကျွန်တော် ပြောတဲ့သတင်းစကားကိုလည်း လက်ခံကြမယ်လို့မြော်လင့်ပါ တယ်။ သင်တို့ ရဲ့နှလုံးသားထဲကို ဘုရားသခင်က နေရာချပေးပြီးတော့ မှန်ကန်တဲ့ အနက်ဖွင့်ဆိုမှုကို ရရှိဘို့ကျွန်တော် မြော်လင့်ပါတယ်။

ဒီပရိတ်သတ်ထဲမှာ ရှိတဲ့သူတွေကတော့ ဒီလက်ကိုင်ပုဝါလေးတွေ ဒီနေရာမှာ ချထားတာကို ရရှိကြမှာ ဖြစ်ပါတယ်။ အဲဒီ လက်ကိုင်ပုဝါလေးတွေအပေါ်မှာ ကျွန်တော် လက်တင်ဆုတောင်းထားပါတယ်။ ခင်ဗျားတို့အားလုံးကို အနာရောဂါ ငြိမ်းစေဘို့ကျွန်တော် ဆုတောင်းပါတယ်။ ခင်ဗျားတို့အထဲမှာရှိတဲ့သူတွေ တစ်ယောက်မှ အနာရောဂါမဖြစ် စေနိုင်ဘို့မစတော်မူပါလို့ကျွန်တော် ဆုတောင်းပါတယ်။ ဘုရားသခင် ဘယ်ကဲ့သို့ဆုတောင်းသံများကို အဖြေပေးတယ်ဆိုတာကိုလည်း သိရမှာဖြစ် ပါတယ်။

ကျွန်တော်တို့အားလုံး အတူတကွစုဝေးတဲ့အခါမှာ ငါရဲ့နာမကို ခေါ်ဆိုတဲ့သူဟာ အတူတကွ စုရုံးပြီးတော့ ဆုတောင်းကြမှာ ဖြစ်ပါတယ်။ ငါဟာ ကောင်းကင်က ကြားရမှာ ဖြစ်ပါတယ်လို့ကိုယ်တော်ရှင် ထိုကဲ့သို့ပြုလုပ်ရန် ဂတိပေးခဲ့ပါတယ်။

92 ၉၂။ ကျွန်တော်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ကွဲပြားမနေကြပါဘူး။ တလုံးတဝတည်း ပုဂ္ဂိုလ်တစ်ဦးတည်းဘဲ ဖြစ်ပါ တယ်။ ကျွန်တော်တို့အားလုံးဟာ တစ်ယောက်တည်း ဖြစ်ပြီးတော့ ယေရှုနာမ၌ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်ယောက် စီဟာ တစ်ဦးနဲ့တစ်ဦး ဆုတောင်းပေးကြပါတယ်။ ကျွန်ုပ်အတွက် သင်ဆုတောင်းပေးသလို သင့်အတွက်လည်း ကျွန်တော် ဆုတောင်းပေးပါတယ်။ တစ်ဖန်ပြန်လည်ဆုံတွေ့တဲ့အထိ ဘုရားသခင် ကောင်းချီးပေးပါစေ။

သင်တို့ဟာ အမြဲတမ်းဘဲ နီးကပ်စွာ နေထိုင်ကြသူတွေဖြစ်ပါတယ်။ တဲတော်ကိုလာ ပြီးတော့ ကောင်းမွန်တဲ့သင်းအုပ် ဆရာကလည်း သင်တို့ကို လာပြီးတော့ ခွန်အားပေးမှာဖြစ် ပါတယ်။ သင်းအုပ်ဆရာကတော့ ဘရာသာနက်ဗီးလ်ဘဲ ဖြစ်ပါ တယ်။ သူကတော့ ကောင်းမှုပြုမှာပါ။ ဘရာသာမန်းန်နဲ့တစ်ခြားလူကောင်းတွေလည်း ဒီတဲတော်ထဲမှာ နေရာယူကြပါတယ်။ သူတို့လည်း အားလုံးရှိကြပါတယ်။

ဘရာသာဂျူနီယာဂျက်က်ဆင်နဲ့ခင်ဗျားတို့နီးတယ်ဆိုရင် သူတို့တတွေလည်း ဒီနားတစ်ဝိုက် သွားလာကြမှာဖြစ်ပါတယ်။ နယူးယော့ခ်နဲ့စည်းဝေးပွဲတွေကိုလည်း သူတို့ တစ်ခြားနေရာတွေကို သွားမှာဖြစ်ပါတယ်။ အရီဇိုးနားနဲ့ကယ်လီဖိုးနီးယား တစ်ဝိုက်လည်း ဖြစ်ပါတယ်။ အသင်းတော်တွေကို သွားလည်ကြမှာ ဖြစ်ပါတယ်။ သင်ဟာ အပြင်ဘက်မှာ ရောက်နေမယ်ဆိုရင် တစ်ဖန်ပြန်လာဘို့ကျွန်ုပ်တို့ ဆုတောင်းပါတယ်။ သင်းအုပ်ဆရာကလည်း သင်တို့ကို ကူညီပြီးတော့ ဆုတောင်းပေးဘို့အတွက် ကိုယ်တော်ရှင်ကို ပိုမိုသိဘို့အတွက် ကူညီမစပေးဘို့အတွက်လည်း ဆုတောင်းပါတယ်။

93 ၉၃။ ဘုရားသခင်ကောင်းချီးပေးပါစေ။

ယေရှုနာမကို သင်နဲ့အတူ ယူဆောင်ပါဆိုတဲ့ သီချင်းကို ဆိုမှာဖြစ်ပါတယ်။

ယေရှုနာမ သင်နဲ့အတူ ဝမ်းနည်းခြင်း၊ နာကျည်းခြင်းတို့ရဲ့သားသမီးများ ဝမ်းမြောက်ပြီးတော့ နှစ်သိမ့်မှု ရရိုင်ပါစေ။ ဘရာသာဗရမ်ဟမ်က ပလက် ဖောင်းပေါ်မှာ တစ်စုံတစ်ယောက်ကို စကားပြောပါတယ်။ (အယ်ဒီတာမှတ်ချက်)

မြတ်နာမ ချိုသာလှ၊

မြေနှင့်ကောင်းကင် ရွှင်မြူးရာ..

မြတ်နာမ ချိုသာလှ၊

မြေနှင့်ကောင်းကင် မြော်လင့်ရာ..

94 ၉၄။ ပရိတ်သတ်ကို ကြည့်ပြီးတော့ ယနေ့ည ဘရာသာအက်ရှ်တာဂီလာလည်း ဟိုးအနောက်မှာ တွေ့ပါတယ်။ ဘရာသာ ပါးလ်မန်းနဲ့ တော်တော်များများကို တွေ့ပါတယ်။ ဘရာသာဂျေတီကိုလည်း တွေ့ရပါတယ်။ အမှုတော်ဆောင် တော်တော် များများ နောက်ထပ် ရပ်နေတာကို တွေ့ရပါတယ်။ သူတို့နံမယ်တွေတော်တော်များများ အားလုံးကိုတော့ ကျွန် တော်မခေါ် တတ်ပါဘူး။ ဒါပေမဲ့လည်း အားလုံးကို ကျွန်တော် ဒီပရိတ်သတ်ကို နှုတ်ဆက်တဲ့အခါမှာ အားလုံးကို နှုတ်ဆက်ပါတယ်။ ခင်ဗျားတို့နားလည်မယ်လို့ကျွန်တော် မြော်လင့်ပါတယ်။ ခရစ်ယာန်နှလုံးသားရှိပြီးတော့ ကျွန်တော်တို့မှာ ဘယ်လိုလုပ်ရ မှာလဲဆိုတာကို လည်း သိမှာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ တစ်လုံးတစ်ဝတည်းဘဲ ခရစ်တော် ယေရှု၌ဖြစ်ပါတယ်။

ဒီနောက်ကျမ်းပိုဒ် တစ်ပိုဒ်ကို ကျွန်တော်တို့သတိရကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့သီချင်းဆိုတဲ့အခါမှာ သတိရကြရမှာ ဖြစ်ပါတယ်။ ဘရာသာမာတင်က ဆုတောင်းခြင်းနဲ့အစည်းအဝေးကို ရပ်သိမ်းပေးမှာဖြစ်ပါတယ်။ ဘရာသာအဲလ်မာတင်က အာရ်ကင်းစပ်စ် ကလို့ ကျွန်တော် ထင်ပါတယ်။ ဒါမှမဟုတ် မစ်ဇိုရီက ဖြစ်မှာပါ။ ဘရာသာ အဲလ်မာတင်က မစ်ဇိုရီကလို့ဖြေပါတယ်။ (အယ်ဒီတာမှတ်ချက်) မစ်ဇိုရီ၊ အာရ်ကင်းစပ်စ်သွားတဲ့ လမ်းဘဲ ဖြစ်ပါတယ်။ အဲဒီမှာ သူတို့ ဘုရားကျောင်း ရှိပါတယ်။

ကျွန်တော် တစ်ခြားညီအစ်ကိုတွေကိုလည်း သတိပြုမိပါတယ်။ သူတို့နံမည်တွေကို တော့ ကျွန်တော် စဉ်းစားလို့မရပါဘူး။ ရှူးဝဲလ်ဖြစ်မှာပါ။ ဒီမနက် သူဒီမှာရှိပါတယ်။ ဒီညလည်း ရှိနေလိမ့်မယ်လို့ကျွန်တော် ထင်ပါတယ်။ အဲဒီနားမှာ သူရပ် နေပါတယ်။ ဘရာသာရှူးဝဲလ်ဖြစ်ပါတယ်။ ကျွန်တော် လာမယ်လို့သတိပေးပါတယ်။ သူတို့ အသင်းတော်တွေအားလုံး ကိုလည်း ဆက်ကပ်ပေးမှာ ဖြစ်ပါတယ်။ ကြိမ်ဖန်များစွာ ကျွန်တော်တို့ကြိုးစားပါတယ်။ တစ်နေ့နေ့တော့ ရောက်မှာပါ။ ကိုယ်တော်ရှင် ကူညီခြင်းအားဖြင့် ကျွန်တော်ဖြစ်နိုင်ပါတယ်။ ဒီသီချင်း နောက်တစ်ပိုဒ်ကို ဆိုတဲ့အခါမှာ ယေရှုနာမ၌ခေါင်း ငုံ့လျှက် ကိုယ်တော် ခြေတော်ရင်း၌ ပြပ်ဝပ်လျှက် ကောင်းကင်တို့ရဲ့ဘုရင်တကာတို့ရဲ့ဘုရင်ဟာ ကိုယ်တော်ကို ချီးမြောက် ပါမယ်။ ကျွန်တော်တို့ခရီးဆုံးတဲ့အခါမှာ ကျွန်တော်တို့အခုဆက် ပြီးတော့ သီဆိုကြမှာ ဖြစ်ပါတယ်။ ယေရှုနာမ၌ ပြပ်ဝပ်လျှက် ကိုယ်တော်ရှင် ခြေတော်ရင်းမှာ ဆုတောင်းပါတယ်။ ဘုရင်တကာတို့ရဲ့ဘုရင် ကောင်းကင်ဘုရင်ကို ကျွန်တော်တို့သရဖူနဲ့ချီးမြောက်ပါတယ်။ ကျွန်တော်တို့ ရဲ့လမ်းဆုံးတဲ့အခါမှာ

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် ရွှင်မြူးရာ..

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် မြော်လင့်ရာ..

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် ရွှင်မြူးရာ..

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် မြော်လင့်ရာ..

ယေရှုနာမကို သင်နဲ့အတူ ယူဆောင်ပါ။ဘေးအန္တရာယ်အားလုံးကို ကာကွယ်ပေးမဲ့ ဒိုင်းဖြစ်ပါတယ်။ စုံစမ်းနှောင့်ယှက်ခြင်း တွေ ရောက်လာတဲ့အခါမှာ သင်ဘာလုပ်ရပါမလဲ?

သန့်ရှင်းတဲ့နာမကို ဆုတောင်းပြီးတော့ ရှူသွင်းတော်မူပါ။

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် ရွှင်မြူးရာ..

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် မြော်လင့်ရာ..

မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် မြော်လင့်ရာ..

ကျွန်တော်တို့ခေါင်းငုံ့ကြပါစို့။

အို.မြတ်နာမ ချိုသာလှ မြေနှင့်ကောင်းကင် မြော်လင့်ရာ..

မြတ်နာမ ဆုတောင်းပါ။ ဗတ္တိဇံခံပါ။ အို.မြတ်နာမ ချိုသာလှ၊ မြေနှင့်ကောင်းကင် မြော်လင့်ရာ.. ဘရာသာမာတင်၊ ဘရာသာမာတင်က ဆုတောင်းပါတယ်။ (အယ်ဒီတာမှတ်ချက်)

www.messagehub.info

ဒေသနာ ဝေငှသူ

# ဝီလီယမ် မာရီယမ် ဗရမ်ဟမ်

“… နေ့ရက်များ၏ ကြွေးကြော်သံ … ” (ဗျာဒိတ် ၁၀:၇)